PDF Compressor Free Version

# သစ်တောကြေးမုံ



၂၀၂၂ ခုနှစ်၊ ဇွန်လ

## ၂၀၂၂ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲကျင်းပခြင်း



၂၀၂၂ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှု မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို (၃၁–၅–၂၀၂၂) ရက်နေ့ နံနက်(၇) နာရီတွင် နေပြည်တော် ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်းအကွက် (၁၃) ၌ ကျင်းပခဲ့ပါသည်။

စာမျက်နှာ (၂) သို့

PDF Compressor Free Version



# မာတိကာ

**မျက်နှာဖုံး**

✧ ၂၀၂၂ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှု မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲကျင်းပခြင်း — မျက်နှာဖုံး

**ဆောင်းပါး**

✧ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ — ၁

**သတင်းများကဏ္ဍ**

✧ သစ်တောသတင်းများ၊ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်းများ — ၂-၆

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ**

✧ ရာသီဥတုပြောင်းလဲမှုနှင့်လိုက်လျောညီထွေဖြစ်စေခြင်း - ဦးစိန်သက်၊ ညွှန်မှူး(ငြိမ်း) — ၇-၈

✧ တစ်ခုတည်းသောကမ္ဘာမြေ - ဒေါက်တာသောင်းနိုင်ဦး — ၁၁-၁၄

✧ အညာဒေသနှင့် ကြီးထွားလာသော ပူပြင်းခြောက်သွေ့ခြင်း...... - မျိုးခန့်ကို၊ ဦးစီးအရာရှိ(စိမ်း/စို) — ၄၅-၄၆

**သစ်တောလုပ်ငန်းကဏ္ဍ**

✧ မြန်မာ့ကောင်းကင်မြေတိုင်းလုပ်ငန်း - ဦးဟုတ်လင်း — ၉-၁၀၊၁၄

✧ ကုလားကံကောင်းတယ် (၁၀) - ရောင်နီ (သစ်တော) — ၁၈-၂၀

✧ မြန်မာ့ရွေးချယ်ခြင်းစနစ်ဖြင့် သစ်ထုတ်ခြင်း - စီမံကိန်းနှင့်စာရင်းအင်းဌာန — ၂၃-၂၆

✧ MRRP လုပ်ငန်းများအထောက်အကူပြု သစ်တောစိုက်ခင်းများ ...... - ဇော်ဇော်မင်း- ဥပ — ၂၉-၃၀

✧ ဒီရေတောသစ်မျိုးပျိုးထောင်ခြင်း ...... - ဦးဇော်သိန်းထွန်း၊ ဦးစီးအရာရှိ — ၄၇-၄၉

**အခြားသောဆက်စပ်ကဏ္ဍ**

✧ နိုင်ငံ့ဂုဏ်ဆောင် သစ်တောသင်တန်းကျောင်း ...... - လေ့ကျင့်/ သုတေ — ၄၂-၄၃

**ဘာသာရပ်ဆိုင်ရာ(ဗဟုသုတ)ကဏ္ဍ**

✧ *Trichoderma* spp.နှင့် သစ်တောဂေဟစနစ် - ကြည်ကြည်တီယာလ်နင်း — ၂၁-၂၂၊၄၁

✧ ကြသောင်းဝါးရဲ့ စီမံအုပ်ချုပ်မှုပုံစံများ.... - ဆုမြတ်နှင်း (ဦးစီးအရာရှိ) — ၃၈-၄၁

**ရသကဏ္ဍ**

✧ ရိုးမထဲက ခြောက်လှန့်သံ - အောင်ကျော်စိုး — ၁၅-၁၇၊၂၆

✧ ကျွန်တော်နဲ့တပည့်ကျော် - ကိုနေမြိုးဦး (မြောင်) — ၂၇-၂၈

✧ ခါကာဘိုရာဇီသို့ - မောင်မောင်ကျော် (ဂမ) — ၃၀-၃၃

**ကဗျာ / ကာတွန်းကဏ္ဍ**

✧ ကာတွန်း - အော်ပီကျယ် — ၂၈

✧ မကောင်းတဲ့အကျင့် (ကဗျာ) - မင်းဇာနည်(အောင်လံ) — ၄၄

**အင်္ဂလိပ်ကဏ္ဍ**

✧ An Old Forester Looks Back.Two- Forest Policies and Measures in Myanmar - U Sein Thet — ၃၄-၃၇၊၄၀

**နောက်ကျောဖုံး**

✧ ၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ — နောက်ကျောဖုံး

**စာတည်းမှူးချုပ်နှင့် ထုတ်ဝေသူ**

ဦးလှဦး
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန
ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် – (မြ-၀၀၄၀၀)

**စာတည်း**

ဦးမောင်မောင်အေး –၃ –
လက်ထောက်ညွှန်ကြားရေးမှူး

**စာတည်းအဖွဲ့ဝင်များ**

ဦးအောင်ကျော်ဦး — လက်ထောက်ညွှန်ကြားရေးမှူး
ဒေါ်မေစင်မြင့် — ဦးစီးအရာရှိ (English Editor)

**ပုံနှိပ်သူ**

ဦးရဲလွင်ဌေး(မြ-၀၁၁၅၅)
ပေါ်ပြူလာမိသားစုပုံနှိပ်တိုက်
(ပ-၁၈၃)၊ ပွဲရုံတန်း၊ မြို့မဈေး၊ ဇမ္ဗူသီရိမြို့နယ်၊
နေပြည်တော်

ဆက်သွယ်ရန် - ၀၆၇-၃၄၀၅၃၉၄
extension@forest.gov.mm

PDF Compressor Free Version



# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့

မြန်မာ့သစ်တောများသည် သိသာထင်ရှားသည့် ပုံစံအမျိုးမျိုးဖြင့် နိုင်ငံ၏ယေဘုယျစီးပွားရေးကို အထောက်အပံ့ပြုလျက်ရှိပါသည်။ သစ်တောများက အခြေခံအိမ်သုံးလိုအပ်ချက်များ၊ အသက်မွေးမှုအလုပ်များ၊ ပို့ကုန်များနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ထောက်ပံ့ပေးသည်။ ဂေဟစနစ်ဝန်ဆောင်မှုများမှ တစ်ဆင့်လည်း သွယ်ဝိုက်သောနည်းဖြင့် အထောက်အကူပြုသည်။ ကမ်းရိုးတန်းများကို မုန်တိုင်းဒဏ်မှ အကာအကွယ်ပေးခြင်း၊ ဝတ်မှုန်ကူးခြင်း၊ မြေဆီလွှာအား ပြန်လည်ကောင်းမွန်စေခြင်း၊ ရေနေသတ္တဝါများ အပါအဝင် ဇီဝမျိုးစုံမျိုးကွဲများအတွက် မှီတင်းနေထိုင်ရာဖြစ်ခြင်းတို့ဖြင့် အကျိုးပြုပြီး သဘာဝဘေးဒဏ်ခံရမှုမှ ကာကွယ်ရေးအတွက် ပို၍အရေးပါလျက်ရှိပါသည်။

ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ကမ္ဘာ့နိုင်ငံများ ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ၁၉၇၂ ခုနှစ်၊ ဇွန်လ(၅)ရက်နေ့၌ ဆွီဒင်နိုင်ငံ၊ စတော့ဟုမ်းမြို့တွင် ကုလသမဂ္ဂမှကြီးမှူးပြီး ပထမဆုံးအကြိမ် လူသားပတ်ဝန်းကျင် ညီလာခံကြီး (United Nation Conference on Human Environment ) ကိုကျင်းပခဲ့ပါသည်။ အဆိုပါညီလာခံသည် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ကမ္ဘာ့နိုင်ငံများ ပူးပေါင်း၍ ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်နိုင်ရန် ပထမဆုံးအကြိမ် စုဝေးကျင်းပခဲ့သည့် သမိုင်းဝင်ညီလာခံတစ်ရပ်ဖြစ်သဖြင့် ယင်းညီလာခံ စတင်ကျင်းပသည့် ဇွန်လ (၅) ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ပေးခဲ့သည်။

ကမ္ဘာ့နိုင်ငံများနှင့်ပြည်သူများ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအပေါ် အာရုံစူးစိုက်မိလာစေရန်နှင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိခိုက်ပျက်စီးနေမှုပြဿနာများအနက် အခြေအနေနှင့်အချိန်အခါပေါ် မူတည်၍ နှစ်အလိုက်ဖြစ်ပွားပေါ်ပေါက်နေသည့် အရေးကြီးပြဿနာရပ်များ၊ အဓိကစိန်ခေါ်နေမှုများကို ပိုမိုသိရှိကာ အလေးထားဖြေရှင်း ဆောင်ရွက်လာကြစေရန်ရည်ရွယ်၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ဆောင်ပုဒ်များကို ၁၉၇၄ ခုနှစ်မှစ၍ နှစ်စဉ်ထုတ်ပြန်သတ်မှတ်ပေးခဲ့ပြီး ၁၉၇၇ ခုနှစ်မှအစပြု၍ အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားများကိုပါ ကမ္ဘာ့နိုင်ငံအသီးသီးရှိ မြို့ကြီးများတွင် နှစ်စဉ်လှည့်လည် ကျင်းပခဲ့ပါသည်။

၂၀၂၂ ခုနှစ်သည် ၁၉၇၂ ခုနှစ် စတော့ဟုမ်းညီလာခံမှ စတင်ခဲ့သည့် ပထမအကြိမ် ကုလသမဂ္ဂ လူသားညီလာခံကျင်းပခဲ့သည့် နှစ် (၅၀) ပြည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်အနေဖြင့် "တစ်ခုတည်းသော ကမ္ဘာမြေ" "Only One Earth" ဖြစ်ပြီး ဆွီဒင်နိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည် ဖြစ်ပါသည်။ ဆောင်ပုဒ်၏ အဓိပ္ပါယ်မှာ "ကမ္ဘာဂြိုဟ်သည် ကျွန်ုပ်တို့အားလုံး၏ တစ်ခုတည်းသောနေထိုင်ရာအိမ်ဖြစ်ပြီး၊ လူသားမျိုးနွယ်တို့သည် ကမ္ဘာမြေကြီးပေါ်မှ အကန့်အသတ်ဖြင့်သာ ရရှိနိုင်သော အရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ရမည်ဖြစ်သည်။"

သဘာဝတရားကြီးကို ဆုတ်ယုတ်ပျက်စီးစေခဲ့သည့် ကျွန်ုပ်တို့ တစ်ဦးချင်းစီ၏ အမူအကျင့်များမှသည် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်၍ တီထွင်ဖန်တီးမှုများကို လုပ်ဆောင်နေကြသောအဖွဲ့အစည်းများအထိ မိမိတို့၏လုပ်ဆောင်ချက်များကို သုံးသပ်၍ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသော လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်းရန်၊ ရာသီဥတုပြောင်းလဲမှုများကိုလျှော့ချနိုင်၍ ဇီဝမျိုးစုံမျိုးကွဲများကို ပြန်လည်ကြွယ်ဝလာစေကာ သဘာဝတရားကို အခြေခံသည့်ဆောင်ရွက်ချက်များကို ပိုမိုဆောင်ရွက်နိုင်စေရေး ကျွန်ုပ်တို့၏ အိမ်ဂေဟာတစ်ခုသဖွယ် လူသားတိုင်း နိုင်ငံတိုင်းနှင့် သက်ဆိုင်နေသော တစ်ခုတည်းသောကမ္ဘာကြီးကို ( Only One Earth ) ထိန်းသိမ်းရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

FOREST

**သစ်တောမူဝါဒ**

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်များမျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ ခုနှစ် မြန်မာ့သစ်တောမူဝါဒသဘောထား ကြေညာချက်တွင် အမျိုးသားရည်မှန်းချက်ပန်းတိုင်များအား ပြည့်မီစွာဖော်ဆောင်နိုင်ရန်အတွက် ပဓာနကျသောအချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) ကာကွယ်ခြင်း

ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(၂) ထာဝစဉ်တည်တံ့စေခြင်း

လက်ရှိပြည်သူလူထုနှင့် နောင်လာနောက်သားများပါ သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန် သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(၃) အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း

ပြည်သူလူထု၏ လောင်စာ၊ နေအိမ်အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်။

(၄) စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း

သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချနိုင်ရန် စီမံရမည်။

(၅) ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း

သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများအသုံးချရေးဆိုင်ရာလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရမည်။

(၆) ပြည်သူအတွင်း နိုးကြားထကြွသည့် အသိရှင်သန်နေစေခြင်း

နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများ၏ အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နိုးကြားသည့် အသိရှင်သန်နေစေရန် စည်းရုံးလှုံ့ဆော်သွားရမည်။

PDF Compressor Free Version



သတင်းများကဏ္ဍ

## ၂၀၂၂ ခုနှစ်၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲကျင်းပခြင်း



၂၀၂၂ ခုနှစ်၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှု မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို (၃၁-၅-၂၀၂၂)ရက်နေ့ နံနက်(၇)နာရီတွင် နေပြည်တော် ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်း အကွက်အမှတ်(၁၃)၌ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တက်ရောက်၍ အမှာစကားပြောကြားခဲ့ပြီး ခရေပင်ကို ဦးဆောင်စိုက်ပျိုးပေးပါသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ကောင်စီအတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား/ ကျောင်းသူများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်အောင်မြင်ကြိုးဝိုင်း အကွက်အမှတ်(၁၃)ရှိ အမှတ်(၁)နေရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ခရေပျိုးပင်ကိုလည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပျဉ်းကတိုးပျိုးပင်ကိုလည်းကောင်း သတ်မှတ်နေရာများတွင် ဦးဆောင်စိုက်ပျိုးပေးကြသည်။

ယင်းနောက် တက်ရောက်လာကြသူများမှ ပျိုးပင်များကို သတ်မှတ်နေရာများ၌ စိုက်ပျိုးပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရန်အောင်မြင်ကြိုးဝိုင်း အကွက်အမှတ်(၁၃)၌ အခမ်းအနားသို့ တက်ရောက်လာကြ သူများ တပျော်တပါး ပျိုးပင်များ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။

ယင်းနောက် ရန်အောင်မြင်ကြိုးဝိုင်း အကွက် (၁၃)ရှိ အမှတ်(၂)နေရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယင်းမာပျိုးပင်ကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပန်းမဲဇလီပျိုးပင်ကိုလည်းကောင်း ကျောင်းသားကျောင်းသူများနှင့် အတူ သတ်မှတ်နေရာများတွင် စိုက်ပျိုးပေးကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ရန်အောင်မြင်ကြိုးဝိုင်း အကွက်အမှတ်(၁၃)ရှိ အမှတ်(၂) နေရာတွင် ပျိုးပင်များကို သတ်မှတ်နေရာများ၌ စိုက်ပျိုးပေးကြသည်။

အခမ်းအနားတွင် စိန်ပန်းနီ၊ တပေဘူတ၊ ကျူးလစ်၊ ငုရွှေဝါ၊ ပျဉ်းမ၊ တမလန်း၊ ပိတောက်၊ ပျဉ်းကတိုး၊ သင်းဝင်၊ အင်ကြင်း၊ ယမနေ၊ ယင်းမာ၊ ကျွန်း၊ ဆီသပြေ၊ မဟော်ဂနီ၊ ဒဟတ်၊ သခွတ်၊ မဲဇလီ၊ ထနောင်း၊ ရင်းတိုက်၊ မြန်မာရှား၊ ပနားမားငု၊ ပန်းမဲဇလီ၊ တမာ၊ သက်ကံ့၊ ဝါးမင်း၊ ပန်းပိတောက်၊ စွယ်တော်၊ ငုစပ်၊ မယ်ဇယ်၊ ယူကလစ်၊ ခရေ၊ ဖျောက်ဆိပ်၊ ဝါးဘိုးနှင့် ထီးရိုးဝါး စသည့်သစ်မျိုး၃၅မျိုး၊ ပျိုးပင်အရေအတွက် ၂၇၃၉ပင်ကို စိုက်ပျိုးခဲ့ကြောင်း သိရှိရပါသည်။



သစ်ပင်စိုက်ပါ၊ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ။

PDF Compressor Free Version



## ရှမ်းပြည်နယ် ၊ တောင်ကြီးခရိုင် ၊ ဟဲဟိုး-ဘော်ဆိုင်း ၊ ပင်းတယ-အောင်ပန်း လမ်းဘေးဝဲယာ သစ်ပင်စိုက်ပျိုးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခြင်း



ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ဟဲဟိုး-ဘော်ဆိုင်း၊ ပင်းတယ-အောင်ပန်းလမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၂၄-၅-၂၀၂၂)ရက် နံနက်ပိုင်းတွင် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ရုံး၊ အင်ကြင်းခန်းမ၊ နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်း၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က အဖွင့်အမှာစကားများပြောကြားသည်။ ထို့နောက် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဟဲဟိုး-ဘော်ဆိုင်း၊ ပင်းတယ-အောင်ပန်း လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး ထင်းရှူးပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းမည့်အစီအမံများနှင့် မြေအသုံးချမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသည်။

အစည်းအဝေးတွင် ကလောမြို့နယ်အား ထင်းရှူးမြို့တော်ဖြစ်စေရေး၊ ဟဲဟိုး-ဘော်ဆိုင်းလမ်း ၊ ပင်းတယ-အောင်ပန်းလမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေးအတွက် ၂ ပေအထက် ထင်းရှူးပျိုးပင် ၃၂,၅၀၀ ဖြင့် လမ်းဘေးဝဲယာ တစ်အုပ်တစ်မစိုက်ပျိုးရေး၊ ကွက်လပ်ဖြစ်ပေါ်နေသောနေရာများတွင် ထင်းရှူးပျိုးပင် ၃၅,၀၀၀ ဖြင့် ကွက်လပ်ဖြည့်စိုက်ပျိုးရေးနှင့် သဘာဝတောကျန်ဧရိယာ ဧက ၁၂၀၀ ခန့်ကို ကြိုးပြင်ကာကွယ်တောဖွဲ့စည်းနိုင်ရေး အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

၂၀၂၂ ခုနှစ် မိုးရာသီတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သစ်တောဦးစီးဌာနမှ လမ်းပိုင်း ၁၁၆ လမ်း၊ လမ်းဦးစီးဌာနမှ လမ်းပိုင်း ၄၅၇ လမ်းနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လမ်းပိုင်း ၂၈၆ လမ်းတွင် စုစုပေါင်းပျိုးပင် ၂၅၆,၀၀၀ ကျော် လမ်းဘေးဝဲယာ တစ်အုပ်တစ်မ စိုက်ပျိုးသွားမည်ဖြစ်ပြီး လိုအပ်သော အမြင့် ၂ ပေအထက် ပျိုးပင်များကို သစ်တောဦးစီးဌာနက ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးထွန်းအုံ သစ်တောဦးစီးဌာန ၊ အရာထမ်းများနှင့် တွေ့ဆုံခြင်း



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၊ ဒုတိယဝန်ကြီး ဦးထွန်းအုံသည် (၅-၆-၂၀၂၂)ရက်နေ့ နေ့လယ်(၁၃း၀၀)နာရီတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၊ အင်ကြင်းခန်းမ၊ နေပြည်တော်၌ ဦးစီးရုံးချုပ်ရှိ အရာထမ်းများနှင့် တွေ့ဆုံပါသည်။

အဆိုပါ တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက ဦးစီးရုံးချုပ်ရှိ သက်ဆိုင်ရာဌာနများမှ မိမိတို့ဌာနများမှ ဆောင်ရွက်နေသည့် လုပ်ငန်းဆောင်ရွက်ချက်များအား တင်ပြစေ

PDF Compressor Free Version



လိုကြောင်း၊ ဆောင်ရွက်နေသော လုပ်ငန်းများနှင့် ပတ်သက်၍ အခက်အခဲများအား ဝိုင်းဝန်းအဖြေရှာ ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများ၊ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖမ်းဆီးအရေးယူဆောင်ရွက်ခြင်းလုပ်ငန်းများ၊ ရေဝေရေလဲဒေသထိန်းသိမ်းရေးလုပ်ငန်းများအား အထူးအလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ လာမည့်မိုးရာသီတွင် တစ်နိုင်ငံလုံးသစ်ပင်စိုက်ပျိုးရေး ဆောင်ရွက်မည့်အစီအစဉ်များအား ရှင်းလင်းတင်ပြစေလိုကြောင်း ပြောကြားပါသည်။

ငင်းနောက် ဦးစီးရုံးချုပ်ရှိ သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးများက မိမိတို့ဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းပါသည်။ တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးမှ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပါသည်။

## မြေအသုံးချမှုဆိုင်ရာနည်းပညာအကြံပေးအဖွဲ့ဒုတိယအကြိမ်အစည်းအဝေးကျင်းပခြင်း



မြေအသုံးချမှုဆိုင်ရာနည်းပညာအကြံပေးအဖွဲ့ ဒုတိယအကြိမ် အစည်းအဝေးကို (၁၈-၅-၂၀၂၂) ရက်နေ့၊ နံနက်(၀၉း၃၀)နာရီတွင် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အင်ကြင်းခန်းမ၊ နေပြည်တော်တွင် ကျင်းပပြုလုပ်ရာ မြေအသုံးချမှုဆိုင်ရာနည်းပညာ အကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ညွှန်ကြားရေးမှူးချုပ်က ပြောကြားရာတွင် မြေအသုံးချမှုဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့ ပထမအကြိမ်အစည်းအဝေးကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ (၈)ရက်နေ့တွင် ကျင်းပခဲ့ပြီး အဖွဲ့ဝင်များအကြား သတင်းအချက်အလက်များမျှဝေနိုင်ရေး ကွန်ရက်တစ်ခု တည်ဆောက်ရန်၊ အဖွဲ့၏ပုံမှန်အစည်းအဝေးကို (၃)လ တစ်ကြိမ်ကျင်းပရန်၊ သက်ဆိုင်ရာဌာနအလိုက် မြေနှင့်ပတ်သက်သော မိမိတို့၏ မူဝါဒ၊ ဥပဒေ၊ ညွှန်ကြားချက်များကိုပြုစု၍ နောင်အစည်းအဝေးတွင် တင်ပြရန်၊ အမျိုးသားမြေဥပဒေ ရေးဆွဲရာတွင် ကဏ္ဍအလိုက် လိုအပ်သောနည်းပညာဆိုင်ရာ အကြံပြုချက်များတင်ပြရန်ဆိုသည့် ဆုံးဖြတ်ချက် (၄)ရပ် ချမှတ်ခဲ့ကြောင်း၊

၂၀၁၆ ခုနှစ်တွင် အတည်ပြုခဲ့သည့် အမျိုးသားမြေအသုံးချမှုမူဝါဒတွင် နိုင်ငံတော်ရှိ မြေနှင့်သက်ဆိုင်သော တည်ဆဲဥပဒေအားလုံးကို သဟဇာတဖြစ်စေရေးအတွက် အမျိုးသားမြေအသုံးချမှုမူဝါဒကို လမ်းညွှန်အဖြစ်အသုံးပြု၍ အမျိုးသားမြေဥပဒေအသစ်ကို ရေးဆွဲပြဋ္ဌာန်းရန်ဖော်ပြထားပြီး မြေအသုံးချမှုဆိုင်ရာနည်းပညာအကြံပေးအဖွဲ့အနေဖြင့် အမျိုးသားမြေအသုံးချမှုကောင်စီ၏ အမျိုးသား မြေဥပဒေရေးဆွဲခြင်းလုပ်ငန်းစဉ်အတွက် လိုအပ်သည့်နည်းပညာ ပံ့ပိုးမှုများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊

အမျိုးသားမြေဥပဒေရေးဆွဲရာတွင် ကဏ္ဍအလိုက် လိုအပ်သော နည်းပညာဆိုင်ရာ အကြံပြုချက်များ၊ မြေယာစီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော မူဝါဒ၊ ဥပဒေ၊ ညွှန်ကြားချက်များနှင့် အမျိုးသားမြေဥပဒေရေးဆွဲရေးအတွက် အကြံပြုချက်များ၊ မြေအသုံးချမှုဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့၏ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေနှင့်တိုးတက်မှုများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးကြရန်ပြောကြားပါသည်။

အခမ်းအနားသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ကိုယ်စားလှယ်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရှိရပါသည်။

သစ်တောကိုခုတ်၊ မြေဆီဆုတ်
မျိုးပြုတ်ကွယ်လျို၊ ဇီဝမျိုး။

PDF Compressor Free Version



# (၁၇) ကြိမ်မြောက် အာဆီယံသစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းအဝေးသို့ တတ်ရောက်ခဲ့ခြင်း



ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၁၇ ကြိမ်မြောက် အာဆီယံသစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးကို ၂၀၂၂ ခုနှစ် မေလ ၂၆ ရက်နေ့ နံနက်ပိုင်းတွင် ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင် ဦးဆောင်၍ သစ်တောဦးစီးဌာနမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြပါသည်။

ဦးစွာ အိမ်ရှင်ဖိလစ်ပိုင်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သယံဇာတဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားကို ဖွင့်လှစ်ခဲ့ပါသည်။ ထို့နောက် ယခင်နှစ်က အိမ်ရှင်နိုင်ငံအဖြစ် တာဝန်ယူကျင်းပခဲ့သည့် မြန်မာနိုင်ငံအနေဖြင့် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က မိန့်ခွန်းပြောကြားရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အပြည့်အဝပူးပေါင်းဆောင်ရွက်မှုနှင့် ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် တာဝန်ယူချိန်အတွင်း အာဆီယံနိုင်ငံများအကြား သစ်တောစီမံခန့်ခွဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း ဒေသဆိုင်ရာမူဝါဒများနှင့် လမ်းညွှန်ချက်များချမှတ်ခြင်းအစီအစဉ် (၂၀၂၁-၂၀၂၅) ကို ဆွေးနွေးသုံးသပ်နိုင်ခဲ့ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စဉ်ဆက်မပြတ် သစ်တောစီမံခန့်ခွဲမှုဖွံ့ဖြိုးရေးဆိုင်ရာအသိပညာနှင့်အတွေ့အကြုံများကိုမျှဝေခြင်း၊ သစ်တောဥပဒေစိုးမိုးမှု၊ အုပ်ချုပ်မှုနှင့်ကုန်သွယ်မှုအစီအစဉ် (FLEGT)၊ မဲခေါင်ဒေသနိုင်ငံအများအကြား ပူးပေါင်း ဆက်သွယ်မှု (Mangrove Network Initiative)၊ သစ်တောစီမံခန့်ခွဲမှုပညာရပ်များ တိုးချဲ့ပြန့်ပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများအတွက် သဘာဝကိုအခြေခံသော ဖြေရှင်းခြင်းနည်းလမ်းများကို စတင်ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မြန်မာ့သစ်တောကဏ္ဍသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ မြန်မာနိုင်ငံရှိ သစ်တောသယံဇာတများကို နောင်လာနောက်သား မျိုးဆက်သစ်များက အသုံးပြုနိုင်သည်အထိ ရှင်သန်နိုင်စေရန်အတွက် ထိန်းသိမ်းစီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံဧရိယာ၏ ၄၂.၁၉ % ကိုဖုံးလွှမ်းထားသောသစ်တောများသည် ဂေဟာစနစ်များတည်ငြိမ်စေခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများကြွယ်ဝတည်တံ့စေခြင်း၊ သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းပေးခြင်း၊ မြေဆီလွှာနှင့် ရေအရင်းအမြစ်များကို ထိန်းသိမ်းပေးခြင်းဖြင့် နိုင်ငံ၏ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေမည့် စိုက်ပျိုးရေးကဏ္ဍ၏ အဓိကကျသော ရာသီဥတုသမမျှတမှုကို အထောက်အပံ့ပေးပါကြောင်း၊ မြန်မာ့သစ်တောမူဝါဒ (၁၉၉၅)တွင် သစ်တောသယံဇာတများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေရန် သတ်မှတ်ပြဋ္ဌာန်းထားပြီး နိုင်ငံတော်၏ ကတိကဝတ်ကို တရားဝင်ဖော်ပြထားပါကြောင်း၊ ရေရှည်တည်တံ့သော သစ်တောစီမံခန့်ခွဲမှုကို ပံ့ပိုးနိုင်ရန်အတွက် ထိရောက်သည့်မူဝါဒများကိုထုတ်ပြန်ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံလုံး သစ်ထုတ်လုပ်မှုကိုရပ်ဆိုင်းခြင်း၊ ပဲခူးရိုးမဧရိယာအတွင်း သစ်ထုတ်လုပ်မှုကို (၁၀)နှစ် ရပ်ဆိုင်းခြင်း၊ သဘာဝတောမှ ကျွန်းသစ်နှင့် သစ်မာထုတ်လုပ်ခြင်းကို နှစ်စဉ် တောထွက်နှင့်အညီ ၅၅% မှ ၃၃% သို့ လျှော့ချထုတ်လုပ်ခဲ့ပါကြောင်း၊ နိုင်ငံတကာကတိကဝတ်များကို ဖြည့်ဆည်းနိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း၊ တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသပြန်လည်တည်ထောင်ခြင်းလုပ်ငန်းအစီအစဉ်၊ သစ်တောပြုန်းတီးမှုနှင့် အတန်းအစားကျဆင်းခြင်းလျှော့ချရေး အမျိုးသား အဆင့်မဟာဗျူဟာ၊ မြန်မာ့သစ်တရားဝင်မှုနှင့် ဥပဒေအရ ခိုင်မာသေချာမှုအစီအစဉ်၊ သစ်တောဥပဒေစိုးမိုးမှု၊ အုပ်ချုပ်မှုနှင့် ကုန်သွယ်မှုအစီအစဉ်စသည်များကို ဆောင်ရွက်ခဲ့ပါကြောင်းနှင့် အဆိုပါဆောင်ရွက်ချက်များသည် ဒေသတွင်းနှင့် အာဆီယံနိုင်ငံများအကြား အချင်းချင်းပူးပေါင်းဆောင်ရွက်မှု၊ ပေါင်းစပ်ညှိနှိုင်းမှုနှင့် ပံ့ပိုးကူညီမှုများ၏ရလဒ်များအဖြစ် မြန်မာနိုင်ငံအနေဖြင့် ရှုမြင်ပါကြောင်းပြောကြားပါသည်။

ယင်းနောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက နိုင်ငံအလိုက် သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာ တိုးတက်မှုအခြေအနေများကို တင်ပြကြပါသည်။ ယင်းနောက် အိမ်ရှင်ဖိလစ်ပိုင်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သယံဇာတဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားပါသည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ AWG FM လုပ်ငန်းအဖွဲ့ဝင်များနှင့် ကိုရီးယားနိုင်ငံ၊ အာရှဒေသ သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ ကုလသမဂ္ဂနှင့် ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

PDF Compressor Free Version



## နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်များမှ ဖမ်းဆီးရမိခြင်း စာရင်းချုပ်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System- CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ (၂၃-၅-၂၀၂၂) ရက်မှ (၂၉-၅-၂၀၂၂) ရက်နေ့အထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင်**ကျွန်း (၃၄.၇၀၇၂)တန်၊ သစ်မာ (၃၂.၈၅၂၄)တန်၊ အခြား(၃၂.၅၂၇၈)တန်၊ စုစုပေါင်း (၁၀၀.၀၈၇၄)တန်၊ တရားခံ(၂၇)ဦး၊ ယာဉ်/ယန္တရား (၂၉)စီး** ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ဖမ်းဆီးရမိမှုများအနက် အများဆုံးဖမ်းဆီးရမိမှုမှာ ၂၃-၅-၂၀၂၂ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ တောင်ကုတ်မြို့နယ်၊ မုတ်ဘိနယ်၊ ခရိုင်မြစ်လက်တက်အတွင်းမှ တရားမဝင် ကညင်/အောက်ချင်းစာ ခွဲသား (၈၆)ချောင်း (၁၄. ၁၁၃၈) တန်၊ တရားခံ (၉)ဦး၊ စက်လှေ(၁)စီးတို့အား ဖမ်းဆီးရမိခဲ့ပါသည်။





### နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သစ်တောဦးစီးဌာနများ၏ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ် ဧပြီလ မှ မေလ အထိ တရားမဝင်သစ် ဖမ်းဆီးရမိမှု ပြည်ထောင်စုစာရင်းချုပ်

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျွန်း | တန် | ၆၉၈ | |
| ၂ | သစ်မာ | တန် | ၃၉၀ | |
| ၃ | အခြား | တန် | ၉၈၄ | |
| | **စုစုပေါင်း** | | ၂,၀၇၂ | |

| | | | | |
|---|---|---|---|---|
| ၄ | မီးသွေး | တန် | ၁,၂၀၀ | |

| | | | | |
|---|---|---|---|---|
| ၅ | ကား | စီး | ၁၁၆ | |
| ၆ | မြေတူးစက်/ မြေကော်စက်/ ကရိန်း | စီး | ၀ | |
| ၇ | ထော်လာဂျီ/ ဒိန်းဒေါင်း / ထွန်စက် | စီး | ၉ | |
| ၈ | ဆိုင်ကယ်/ ဆိုက်တွဲယာဉ် | စီး | ၁၉ | |
| ၉ | စက်လှေ / ပွဲထောင် / ရေယာဉ် | စီး | ၁၂ | |
| | **စုစုပေါင်း** | | ၁၅၆ | စဉ်(၅)မှ(၉) ယာဉ်/ ယန္တရား |

| | | | | |
|---|---|---|---|---|
| ၁၀ | သစ်စက် / အင်ဂျင် | လုံး | ၂၀ | |

PDF Compressor Free Version





# ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေခြင်း

ဦးစိန်သက်၊ ညွှန်ကြားရေးမှူး (ငြိမ်း)

မြန်မာနိုင်ငံ နွေ၊ မိုး၊ ဆောင်း မိုးလေဝသအခြေအနေ၊ မြန်မာနိုင်ငံ မြေမျက်နှာပြင် အနိမ့်အမြင့်အခြေအနေများအရ ရေမျက်နှာပြင် ၅၈၈၁ မီတာ တည်ရှိပြီး၊ အရှေ့တောင်အာရှတွင် အမြင့်ဆုံးစာရင်းဝင် မြန်မာ့မြောက်ဖျား တွင်တည်ရှိသည့် ခါကာဘိုရာဇီတောင်မှ တောင်မြောက်တန်းလျက်ရှိသော၊ ချင်း၊ ရခိုင်၊ ပဲခူးရိုးမနှင့် ရှမ်းကုန်းပြင်မြင့် တောင်ကုန်းတောင်တန်းများ၊ လျှို မြောင်များစွာဖြင့် ထင်ရှားသည့် ချင်းတွင်း၊ ဧရာဝတီ၊ သံလွင်၊ စစ်တောင်း နှင့် မဲခေါင်မြစ်ဝှမ်းဒေသများဖြင့် ရေထွက်များ၊ ရေဝပ်ဒေသများ၊ အင်းအိုင်များ စိုက်ပျိုးရေး ရေပေးစနစ်များဖြင့် ပြည့်စုံသောမြန်မာနိုင်ငံသည် သဘာဝဘေး အန္တရာယ်များ မကြာခဏတွေ့ကြုံပြီး၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုဒဏ်ကို ခံစားနေရပါသည်။ သို့ပါ၍ ရာသီဥတုပြောင်းလဲမှု လျော့ချရေး၊ သဟဇာတ နေထိုင်ရေးနှင့် ရာသီဥတုပြောင်းလဲမှုဟန့်တားရေးစသောလုပ်ငန်းများ စတင် ဆောင်ရွက်နေသောနိုင်ငံဖြစ်ပါသည်။

ရာသီဥတုပြောင်းလဲမှု၏ဆိုးကျိုးများသည် မြန်မာနိုင်ငံရှိ ပြည်သူပြည် သားများ၊ စီးပွားရေးနှင့် အခြေခံအဆောက်အအုံများအပေါ်တွင် ပြင်းထန်စွာ



သက်ရောက်လျက်ရှိနေသည်ကို အ လေးအနက်ထားပြီး ကမ္ဘာကြီးပူနွေး လာမှုကို လျော့ချတားဆီးသည့် တစ် ကမ္ဘာလုံး၏ကြိုးပမ်းအားထုတ်မှုတွင် မြန်မာနိုင်ငံမှ ပူးပေါင်းပါဝင်သည့်အနေ ဖြင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက် လျောညီထွေနေထိုင်နိုင်ရေးအတွက် နိုင်ငံတော်၏ မူဝါဒနှင့်အဖွဲ့အစည်းဆိုင် ရာစွမ်းဆောင်ရည်များ တိုးတက်လာ ရေးကို ဦးစားပေးတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ကုလသမဂ္ဂရာသီဥတု ပြောင်း လဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း (UNFCCC)အရ ကမ္ဘာ့ရာသီဥတု ဆိုင်ရာသဘောတူညီချက် အသစ်တစ် ရပ်ကို ညှိနှိုင်းဆွေးနွေးနိုင်ရန် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် နိုင်ငံပေါင်း (၁၉၅) နိုင်ငံတို့သည် ပါရီမြို့၌ စုဝေး ခဲ့ကြသည်။ ရလဒ်အနေဖြင့် ကမ္ဘာ့ ပျမ်းမျှအပူချိန် (၂) ဒီဂရီစင်တီဂရိတ် ထက် ပိုမိုတိုးမလာစေရေးထိန်းချုပ်ခြင်း ဖြင့် ရာသီဥတုပြောင်းလဲမှုကို ဖြေရှင်း နိုင်ရန်နှင့် ကမ္ဘာကြီးပူနွေးလာမှုကို ရပ် တန့်စေရေးအတွက် တစ်ကမ္ဘာလုံးမှ ဝိုင်းဝန်းတုံ့ပြန်ဆောင်ရွက်ကြရန် ဥပဒေ အရ စည်းနှောင်မှုရှိသော ရာသီဥတု နှင့်ပတ်သက်သည့်ပထမဦးဆုံးသဘော တူညီချက်တစ်ရပ် ချမှတ်နိုင်ခဲ့ပါသည်။ (၂)နှစ်ကြာသောအခါ မြန်မာနိုင်ငံ အနေဖြင့် ပါရီသဘောတူညီချက်တွင် ကတိကဝတ်ထားရှိသည့်အတိုင်း လက် တွေ့အကောင်အထည်ဖော်ရန် အရေး ကြီးသည့် ခြေလှမ်းတစ်ရပ်စတင် လိုက် ခြင်းဖြစ်ပါသည်။

PDF Compressor Free Version



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်သည့် စာချုပ်စာတမ်းများကို လက်မှတ်ရေးထိုးထားပြီး လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံတော်တွင် စီးပွားရေးပြုပြင် ပြောင်းလဲရေးခြေလှမ်းများကြောင့် ပြည်ပမှတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများပိုမိုလာကာ နိုင်ငံ၏စားနပ်ရိက္ခာ၊ စွမ်းအင်နှင့်ရေအရင်းအမြစ်လုံခြုံမှုတို့အပေါ် အကျိုးဆက်များရှိလာပါလိမ့်မည်။ မြန်မာ့အနာဂတ်သည် သဘာဝအရင်းအမြစ်များကို မည်သို့စီမံခန့်ခွဲ၍ သယံဇာတထုတ်ယူမှုမှ ရသည့်အကျိုးအမြတ်များကို မည်သို့မျှဝေကြမည်ဟူသောအခြေအနေအပေါ် များစွာမှီတည်နေပါသည်။ ဆီလျော်သော သဘာဝသယံဇာတစီမံခန့်ခွဲမှုဖြစ်တည် အောင်မြင်ရန်မှာ ကောင်းမွန်သောစီမံအုပ်ချုပ်မှု (Good governance) အပေါ်မူတည်နေပါသည်။

မြန်မာနိုင်ငံရာသီဥတုမှာ မှန်ကန်မျှတကောင်းမွန်၍ ဂေဟစနစ်များ စနစ်တကျထိန်းသိမ်းနိုင်ရေးပြန်လည်ကြိုးစားရမည်ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှု ပြဿနာကိုကြိုတင်ကာကွယ်ရာတွင် ဒေသနှင့်လိုက်လျောညီထွေရှိမည့် အခြေခံအဆောက်အအုံများတည်ဆောက်ရန် လိုအပ်လာမည်ဖြစ်သကဲ့သို့ သဘာဝအခြေခံအဆောက်အအုံများဖြစ်သည့် ကုန်းတွင်းသစ်တော၊ ဒီရေတော၊ ကမ်းရိုးတန်းဒေသသစ်တောများနှင့် သန္တာကျောက်တန်းများ ဂေဟစနစ်များပျက်စီးမှုမရှိအောင် ထိန်းသိမ်းကာကွယ်ပေးသွားရန်လည်းလိုအပ်ပါသည်။

ရာသီဥတုပြောင်းလဲခြင်းနှင့် လိုက်လျောညီထွေဖြစ်စေခြင်းဆိုသည်မှာ အမှန်တကယ်ဖြစ်ပေါ်နေသော သို့မဟုတ် မျှော်လင့်ထားသောရာသီဥတု၏ လှုံ့ဆော်မှု/ရေတိုရေရှည် အကျိုးသက်ရောက်မှုတို့အတွက် သဘာဝစနစ်သို့မဟုတ် လူသားတို့၏စနစ်များဖြင့် ထိန်းညှိနေထိုင်ခြင်းဖြစ်သည်။ ယင်းသို့ထိန်းညှိခြင်းက အန္တရာယ်ဖြစ်စေမှုလျော့နည်းစေပြီး အကျိုးဖြစ်စေသောအခွင့်အလမ်းများရရှိစေနိုင်ပါသည်။ လိုက်လျောညီထွေဖြစ်စေခြင်း ပုံစံအမျိုးမျိုးရှိရာ ကြိုတင်မျှော်မှန်းထားသော သို့မဟုတ် ရုတ်တရက်တုံ့ပြန်မှုကို လိုက်လျောညီထွေဖြစ်စေခြင်း၊ တစ်ဦးချင်းဆောင်ရွက်သော သို့မဟုတ် အများပြည်သူကဆောင်ရွက်မှုများကို လိုက်လျောညီထွေဖြစ်စေခြင်း၊ လွတ်လပ်စွာဆောင်ရွက်သော သို့မဟုတ် စီမံဆောင်ရွက်ထားမှုတို့ကို လိုက်လျော ညီထွေဖြစ်စေခြင်းစသည်တို့ဖြစ်ပါသည်။

ရာသီဥတုပြောင်းလဲခြင်းအား လိုက်လျောညီထွေဖြစ်စေသည့် သဘာဝဂေဟဗေဒစနစ်စွမ်းရည်များအား ကာကွယ်ထိန်းသိမ်းခြင်းသည် ပျက်စီးဆုံးရှုံးသွားသော သစ်တောဂေဟဗေဒစနစ်၏ လုပ်ဆောင်ချက်စွမ်းရည်များနှင့်ဝန်ဆောင်မှုများအား ပြန်လည်တည်ထောင်ခြင်း သို့မဟုတ် အစားထိုးခြင်းတို့ထက် များစွာအကုန်အကျ သက်သာပါသည်။ ကုန်ကျစရိတ်နှင့် အကျိုးအမြတ်များအား ဆန်းစစ်မှုနှင့် စိစစ်လေ့လာမှုများက သစ်တော သစ်ပင်များ၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ မြေယာရှုခင်းပြန်လည်စိုက်ပျိုးတည်ထောင်ခြင်း၊ ဒီရေတောများနှင့် ရွှံ့နွံတောများကဲ့သို့ မျိုးစုံသောသစ်တောများအတွက် ဂေဟဗေဒစနစ်ဆိုင်ရာ အခြေခံအဆောက်အဦးများတွင် ရင်းနှီးမြှုပ်နှံမှုကိုအားပေးပါသည်။

မြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများသည် ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာသောအကျိုးသက်ရောက်မှုအပေါ် လိုက်လျောညီထွေဖြစ်စေခြင်းနှင့် လျော့ပါးသက်သာစေခြင်းဆိုင်ရာ စွမ်းဆောင်ရည်များကို နိုင်ငံတကာအထောက်အပံ့များဖြင့် ပိုမိုခိုင်မာအောင် အားဖြည့်ပေးနိုင်ပါသည်။ နိုင်ငံတကာ၏ သစ်တောကဏ္ဍဆိုင်ရာ မဟာဗျူဟာများ၊ နည်းဗျူဟာများ၊ မူဝါဒများ၊ ဥပဒေမူဘောင်များ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ပိုမိုကောင်းမွန်သော အလေ့အထများ၊ ဒေသခံ အသိပညာများ၊ အတွေ့အကြုံများနှင့် ဗဟုသုတများအား အသုံးပြု၍ ဒေသအဆင့်တွင် ဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေသော ပစ္စည်းများ၊ နည်းလမ်းများ၊ နည်းစနစ်များ၊ အဖွဲ့အစည်းများနှင့် သစ်တောဂေဟဗေဒစနစ်၊ ဂေဟဗေဒစနစ်မျိုးစုံ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ၎င်း၏မျိုးရင်း မျိုးစိတ်များ၊ သစ်တော သစ်ပင်များအပေါ်မှီခိုရှင်သန်ရပ်တည်နေထိုင်သော ဒေသခံတိုင်းရင်းသားများ၊ ဒေသခံပြည်သူများ၊ အစုအဖွဲ့များ၊ ဆက်စပ်ပါဝင်ပတ်သက်သူများ အားလုံးအတွက် ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်သော စွမ်းဆောင်ရည် တည်ဆောက်ခြင်းနှင့် ရှေ့ပြေးစီမံကိန်း လုပ်ငန်းစဉ်များကို မဟာဗျူဟာများပေါင်းစပ်ပေးရန် လိုအပ်ပါမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။



PDF Compressor Free Version



# မြန်မာ့ကောင်းကင် မြေတိုင်းလုပ်ငန်း



ဦးဟုတ်လင်း

ဗြိတိသျှကိုလိုနီတွင်သာမက ကမ္ဘာ့အရှေ့ဖျားနိုင်ငံများတွင် ထင်ပေါ်ထူးခြားသည့် ကောင်းကင်မှဓာတ်ပုံရိုက်ပြီး မြေပုံထုတ်သည့် မြေတိုင်း လုပ်ငန်းကို မြန်မာနိုင်ငံတွင် ရှေးဦး ပထမ လုပ်ကိုင်ခဲ့ပါသည်။ သစ်တောများထဲတွင် ပေါက်ရောက်နေသည့် သစ်တောအမျိုးအစားနှင့် ပေါက်ရောက်နေသည့် သစ်မျိုးများကိုဖော်ပြရန် ပါဝင်ပင်မြေပုံ Stock Mapping ကို သာမန်အားဖြင့် တောထဲ၌ လူကိုယ်တိုင် တစ်တောင်ဆင်း တစ်တောင်တက်၍ မြေပေါ်တွင် လမ်းလျှောက်ပြီး တိုင်းတာဆောင်ရွက်ရသည်။ သို့ရာတွင် ဧရာဝတီတိုင်းဒေသကြီးရှိ မြစ်ဝကျွန်းပေါ်ဒေသ ကဲ့သို့ ဒီရေဖုံးလွှမ်းသည့် သစ်တောများထဲတွင် ကနစိုပင်များ၏ လေရှူမြစ်များ ပြည့်ကျပ်စွာ ပေါက်ရောက်နေခြင်းကြောင့် သွားလာရန် အလွန်ခက်ခဲပြီး မြေပေါ်တွင် လမ်းမလျှောက်နိုင်ပေ။ သို့ဖြစ်၍ ကောင်းကင်မှ ဓာတ်ပုံရိုက်ပြီး မြေပုံထုတ်လျှင် အကုန်အကျသက်သာပြီး မြန်မြန်ပြီးမည်ဟု စိတ်ကူးရသောကြောင့် ဤလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ရှေးဦးဆုံးသော ကောင်းကင်မှ ဓာတ်ပုံရိုက်၍ မြေပုံထုတ်သည့် သစ်တောများမှာ ဧရာဝတီတိုင်းမြစ်ဝကျွန်းပေါ်ဒေသ ဖြစ်သည်။ သစ်တောဧရိယာစတုရန်းမိုင် (၁၀၀၀) ကျော်ခန့် ကျယ်ဝန်းသည်။ မြောင်းမြမြို့အနီးရှိပေ (၁၂၀) ခန့်သာမြင့်သော ကုန်းတန်းမှလွဲ၍ ကျန်ဒေသများမှာ မြစ်များ ဖြတ်သန်းစီးဆင်းနေသည့် နုန်းမြေပြန့်များသာ ဖြစ်ကြသည်။

ထိုစဉ်အခါက သစ်တောဦးစီးဌာနတွင် အသုံးပြုနေသည့်မြေပုံများမှာ ၁၈၆၄ ခုနှစ်တွင် (Fitzory) မှ ပြုလုပ်သည့်မြေပုံများဖြစ်သည်။ ၁၉၁၈–၁၉ ခုနှစ်တွင် ဧရိယာ စတုရန်းမိုင် (၃၆၀)ကို မြေပေါ်၌ မြေတိုင်းသည့်အခါ မမှန်ကန်၍ စရိတ်အကုန်အကျများသည့် မြေပုံများကိုသာရရှိသည်။ ကောင်းကင်မြေတိုင်းလုပ်ငန်းကို ပြုလုပ်ရန် စတင်ကြံစည်သူမှာ မြောင်းမြသစ်တောအရေးပိုင် (E.F. Hay) ဖြစ်သည်။ သို့သော် သူ၏ အကြံပေးချက်ကို မည်သူမှအရေးမယူကြပေ။ ပင်လယ်ကမ်းခြေဒေသသစ်တောတိုင်းသို့ သစ်တောမင်းကြီးဖြစ်သူ (H.W. Watson) ရောက်လာမှ မြစ်ဝကျွန်းပေါ်နယ်မြေသည် မြေပြန့်ဖြစ်သောကြောင့် ကောင်းကင်မှဓာတ်ပုံရိုက်၍ မြေပုံထုတ်လျှင် အသင့်တော်ဆုံးဟု ပြောကြားပြီး အားပေးခဲ့ပါသည်။ Mr. Watson က မြစ်ဝကျွန်းပေါ်ဒေသ၌ ထင်ရှားသည့် မြစ်ကြောင်းအမှတ်အသားများရှိနေသည့်အပြင် ကနစိုပင်များပါဝင်မှု နုန်း(Stocking) ကိုလည်း ကောင်းကင်မှ ထင်ရှားစွာ မြင်နိုင်သဖြင့် ဒုက္ခခံပြီး မြေပေါ်တွင် လမ်းလျှောက်၍ တိုင်းတာရန် မလိုတဲ့ ကောင်းကင်မှ ဓာတ်ပုံရိုက်ခြင်းဖြင့် နှစ်ပေါင်းအတော်ကြာ မဟုတ်တဲ့ ရက်သတ္တပတ် အနည်းငယ်အတွင်း တိကျမှန်ကန်သော မြေပုံများရရှိမည် ဖြစ်ကြောင်း အစိုးရထံ အစီရင်ခံသည်။

အစိုးရထံမှ ခွင့်ပြုမိန့်ရရှိပြီးနောက် ကောင်းကင်မြေတိုင်းလုပ်ငန်းကို ကန်ထရိုက်စနစ်ဖြစ်လုပ်ကိုင်ခဲ့သည်။ ကန်ထရိုက်အဖြစ် လက်ခံသူမှာ အိန္ဒိယနိုင်ငံ လေယာဉ်စစ်ဆေးရေး အရာရှိချုပ်ဟောင်း( R.C. Kemp )နှင့် လေတပ်မှ စစ်ဗိုလ်ဟောင်း လေယာဉ် စစ်ဆေးရေး အရာရှိချုပ် မေဂျာလူးဝစ် (Major C.G.Lewis) တို့ဖြစ်ကြသည်။ ဤလုပ်ငန်းအတွက် သစ်တောဌာနမှ ကူညီရန် ပထမကမ္ဘာစစ်ကြီးအတွင်း ဗြိတိသျှလေတပ်တွင် အမှုထမ်းခဲ့သော သစ်တောအရာရှိ (C.W.Scot)နှင့် မစ္စတာ(C.R. Robin)တို့ဖြစ်ကြသည်။

မြန်မာနိုင်ငံသို့ Mr. Kemp လာရောက်ပြီးနောက် ကောင်းကင် မြေတိုင်းလုပ်ငန်းအတွက် သစ်တောမင်းကြီး Mr.Watson နှင့် တွေ့ဆုံဆွေးနွေးသည်။ ၁၉၂၃ ခုနှစ် ဩဂုတ်လတွင် ကောင်းကင်မြေတိုင်းလုပ်ငန်းအတွက် ကွန်ဖရင့်ပြုလုပ်သည့်အခါ မစ္စတာကင့်၊ သစ်တောမင်းကြီးချုပ် C.B. Smalc ဗိုလ်မှူးကြီး Rhyden အိန္ဒိယမြေတိုင်းဌာန အရှေ့တောင်တိုင်း၊ တိုင်းမှူး ဗိုလ်မှူးကြီး Cold stream နှင့် သစ်တောမင်းကြီး ဝတ်ဆင်တို့ တက်ရောက်ပြီး ကောင်းကင်မှ ဓာတ်ပုံရိုက်၍ မြေပုံထုတ်ရန်အဆိုပြုချက်ကို အားလုံးသဘောတူ လက်ခံကြသည်။

ကင့်အား စတုရန်းမိုင် တစ်ထောင်အတွက်ဓာတ်ပုံရိုက်ရန် အသေးစိတ်လုပ်ငန်းစီမံချက်ကို ရေးဆွဲစေသည်။ ကုန်ကျစရိတ် ခန့်မှန်းခြေငွေကို အိန္ဒိယမြေတိုင်း ဌာနမှူးချုပ်ကအတည်

PDF Compressor Free Version



ပြုထောက်ခံခဲ့ပြီး အောက်ပါအတိုင်း လိုက်နာဆောင်ရွက်လုပ်ကိုင်ကြရန်သဘောတူဆုံးဖြတ်ခဲ့ပါသည်။

(၁) ထင်ရှားသည့် မြေပြင်ရှိ အမှတ်အသားများကို သစ်တောဌာနမှ ပြုလုပ်ပေးရန်။

(၂) မြေပုံချောများ ရရှိသည့်အခါ ပုံနှိပ်ထုတ်ဝေရန်တာဝန်ကို မြေတိုင်းဌာနမှ တာဝန်ယူရန်နှင့် တစ်လက်မ တစ်မိုင်စကေးမြေပုံများကိုလည်း ထုတ်မည်ဖြစ်သောကြောင့် ကုန်ကျစရိတ်ကို သစ်တောဌာနက ပေးဆောင်လိုမည်မဟုတ်ဟူ၍ ဆုံးဖြတ်ကြသည်။

ထိုအချိန်အခါမှစ၍ အိန္ဒိယမြေတိုင်းဌာန မြန်မာနိုင်ငံ တိုင်းမှူးဗိုလ်မှူးကြီး ဂန်တာ (Gunter) ကို ကောင်းကင်မြေတိုင်းလုပ်ငန်းအတွက် တာဝန်ပေးအပ်သည်။ ၎င်းသည် အိန္ဒိယအစိုးရလက်အောက်တွင် အမှုထမ်းသက်ကုန်သောကြောင့် ပုဂ္ဂလိကအနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့် စာချုပ်ချုပ်သည်။ ပထမ ဧရိယာစတုရန်းမိုင် (၁၀၀၀) အတွက် ပေးချေရန် အခငွေမှာ ကျပ် ၂.၇၅ သိန်း နှင့် နောက်ထပ် စတုရန်းမိုင် (၃၅၀) အတွက် ကျပ် ၀.၂၈သိန်း ပေးရန်ဖြစ်သည်။ လုပ်ငန်းမှာ ၄ လက်မ တစ်မိုင် စကေးနှင့် သင့်တော်သောဓာတ်ပုံများကို အမတ်လိုက် (Vertical) နှင့်အစောင်းလိုက် (Oblique) ရိုက်ပေးရန် ဖြစ်သည်။ မြေပေါ်တွင် ထိန်းချုပ်ရန် (Ground Control) အမှတ်အသားများကို ၁၉၂၃-၂၄ ခုနှစ် ဇန်နဝါရီလတွင် ပြုလုပ်သည်။ ဓာတ်ပုံရိုက်မည့် လေယာဉ်ကို မြစ်ဝကျွန်းပေါ် ဒီရေတော အလယ်ဗဟိုမှ မိုင် ၉၀ ခန့် ဝေးသော ရန်ကုန်မြို့ သန်လျက်စွန်း၌ထားသည်။ အသုံးပြုသည့် လေယာဉ်မှာ (de Haviland) အင်ဂျင်တပ်ထားသည့် လေယာဉ်ဖြစ်သည်။ ရေပေါ်တွင် ရပ်နားနိုင်ရန် မစ္စတာကင့်ဒီဇိုင်း ရေးဆွဲတည်ထွင်ထားသည့် ဘော့များကို တပ်ဆင်သည်။ ဓာတ်ပုံရိုက်ကူးသူမှာ အိန္ဒိယဘုရင့်လေတပ်မှ ပုံသန်းရေးအရာရှိ (Mr. Durword) နှင့် လေယာဉ်မောင်းသူမှာ ဘုရင့် လေတပ်မတော်မှ ဗိုလ်မှူးကြီး C.K.Cochran Patric တို့ဖြစ်ကြသည်။

၁၉၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် ဓာတ်ပုံ စတင်ရိုက်ကူးပြီး ထိုနှစ် ဧပြီလတွင် ပြီးဆုံးသည်။ စာချုပ်ချုပ်ဆိုရန် နှောင့်နှေးသွားသည့်အတွက် မူလအစီအစဉ်ထက် နောက်ကျသွားသည်။ သစ်တောဌာနသို့ ပေးအပ်သည့် အရေးကြီးသည့်တာဝန်မှာ ဓာတ်ပုံများ၌ တွေ့ရှိရသော တောအမျိုးအစားများကို ခွဲခြားနိုင်ရန် မြေပေါ်တွင် သစ်တောများကို လိုက်လံစစ်ဆေးခြင်းပင်ဖြစ်သည်။ ကံကောင်းထောက်မသဖြင့် သစ်တောအရာရှိများဖြစ်ကြသော စကော့နှင့်ရော်ဘင်တို့သည် ပထမကမ္ဘာစစ်အတွင်းက ဘုရင့်လေတပ်တွင် အမှုထမ်းခဲ့သူများဖြစ်သောကြောင့် ရိုက်ကူးထားသည့်ဓာတ်ပုံများကို မြေပေါ်ရှိတောမျိုးများနှင့် ကိုက်ညီမှု ရှိမရှိကို တိုက်ဆိုင် စစ်ဆေးပေးကြသည်။

သူတို့နှစ်ဦးသည် သစ်တောများပေါ်သို့ လေယာဉ်ဖြင့်ပျံသန်းပြီး ကောင်းကင်မှမြင်ရသည့် တောအမျိုးအစားနှင့် မြေပေါ်တွင် ကွင်းနင်းစစ်ဆေးသည့် တောအမျိုးအစားကိုနှိုင်းယှဉ်စစ်ဆေးကြသည်။ စစ်ဆေးမှန်ကန်သော ဓာတ်ပုံများရရှိသည့်အခါ မေမြို့ (ပြင်ဦးလွင်)တွင် ရုံးစိုက်သော မြေတိုင်းဌာန အမှတ် ၁၈ ပါတီမှူး ဗိုလ်မှူးလူးဝစ်က ပြင်ဆင်ထားသည့် အကွက်ကျဓာတ်ပုံများ (Rectified mosaics) ကိုပြုလုပ်၍ မြေပုံထုတ်သည်။ ဓာတ်ပုံများမှ ရရှိသည့် စကေးမှာ ၃.၃ လက်မလျှင် တစ်မိုင်စကေးဖြစ်သောကြောင့် မြေပုံကို ၃ လက်မ တစ်မိုင် စကေးပြောင်းထုတ်လျှင် အချိုးကျ ပြင်ဆင်ထားသည့်ဓာတ်ပုံကို အလွယ်တကူရရှိနိုင်လေသည်။

စကော့နှင့် ရော်ဘင်တို့၏ အစီရင်ခံစာမှ ဓာတ်ပုံများတွင် တောအမျိုးအစား ၈ မျိုးမှ ၁၀ မျိုးအထိ ခွဲခြားနိုင်ကြောင်း။ ကနစိုပင်အပြည့်ရှိသော သစ်တောများနှင့် ကနစိုပင်များအချို့ထုတ်ယူပြီးသည့် သစ်တောများကို ဓာတ်ပုံများတွင် ခွဲခြားနိုင်ကြောင်း သိရှိရသည်။

သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းတိုင်းသစ်တောမင်းကြီး (H.R.Blandford) ၏ ရောဝတီ မြစ်ဝကျွန်းပေါ်ကို ကောင်းကင်မှ ဓာတ်ပုံရိုက်၍ မြေပုံထုတ်ခြင်းစာအုပ်တွင် နိဒါန်းအဖြစ် သစ်တောဌာနအမြင်ကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

(၁) **ကုန်ကျစရိတ်**။ ကောင်းကင်မှ ဓာတ်ပုံရိုက်၍ မြေပုံထုတ်ခြင်းတွင် မြေပေါ်တွင်လုပ်ကိုင်ရသော ကုန်ကျငွေ အပါအဝင် စုစုပေါင်းကုန်ကျငွေမှာ တစ်စတုရန်းမိုင်လျှင် ၂၉၃ ကျပ်ဖြစ်သည်။၎င်းစကေးအတိုင်း မြေပေါ်တွင် တိုင်းတာလျှင် တစ်စတုရန်းမိုင်လျှင် ကျပ် ၅၀၀ ခန့်ကုန်ကျမည့်အပြင် တောမျိုးများကိုလည်း မှန်ကန်စွာ ခွဲခြားနိုင်မည် မဟုတ်ဟု ဖော်ပြထားသည်။

(၂) **လျင်မြန်ခြင်း**။ ကောင်းကင်မှ ဓာတ်ပုံရိုက်၍ မြေပုံထုတ်ခြင်းတွင် အသုံးပြုသည့်အချိန်သည် ၅ လနီးပါးသာ ကြာမြင့်ပြီး မြေပေါ်တွင်အမှတ်အသားများ ပြုလုပ်ပြီးနောက် မြေပုံထုတ်ခြင်းနှင့်ပါဝင်ပင်မြေပုံထုတ်ခြင်းသည် တစ်နှစ်မကြာဘဲ မြေပြင်၌သာတိုင်းလျှင် ၄ နှစ်အထိ ကြာမည်ဟု ဖော်ပြထားသည်။

(၃) **မှန်ကန်ခြင်း**။ မြေပေါ်တွင် ငွေကြေးအမြောက်အမြားအကုန်ကျခံပြီးတိုင်းတာရာ၌ အချိန်ပိုယူသည့် တိုင်အောင် ကောင်းကင်မြေတိုင်း မြေပုံများလောက် မှန်ကန်မည် မဟုတ်ဟုဖော်ပြသည်။

စာမျက်နှာ (၁၄) သို့

PDF Compressor Free Version





# တစ်ခုတည်းသောကမ္ဘာမြေ (Only One Earth)

## စိမ်းလန်းစိုပြည်သာယာပါစေ

ဒေါက်တာ သောင်းနိုင်ဦး

**မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒအနှစ်သာရ**

၂၀၁၉ခုနှစ်တွင် ထုတ်ပြန်ခဲ့သော အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒသည် ၁၉၉၄ ခုနှစ် မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒတွင်ပါရှိသော အောက်ပါပင်မတန်ဖိုးများကို အခြေပြုရေးဆွဲထားပါသည်-

(က)နိုင်ငံတစ်နိုင်ငံ၏ ချမ်းသာကြွယ်ဝမှုသည် ယင်းနိုင်ငံ၏ပြည်သူများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတပစ္စည်းများပင်ဖြစ်သည်။

(ခ)ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များ၏အကျိုးငှါ သဘာဝသယံဇာတပစ္စည်းများကို ကာကွယ်ထိန်းသိမ်းရေးသည် နိုင်ငံတော်နှင့်နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။

(ဂ) ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ရေးရာ ကာကွယ်စောင့်ရှောက်မှုကို ပဓာနကျသောရည်မှန်းချက်အဖြစ် ထာဝစဉ်ထားရှိရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကို ဖော်ဆောင်ရာတွင် ကျွန်ုပ်တို့၏ပတ်ဝန်းကျင်ရှိ အစဉ်ဖြစ်ပျက်ပြောင်းလဲနေမှုများကို သတိမူကာ လက်တွေ့ကျသည့်နည်းလမ်းများကို မျက်ခြည်မပြတ်စေဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးကို အဓိကရည်မှန်းချက်အဖြစ် ဆက်လက်ထားရှိမည်ဖြစ်ကြောင်းနှင့် ၂၀၁၅ ခုနှစ် ပါရီသဘောတူညီချက်အပါအဝင် အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ရေးရာ သဘောတူညီချက်များတွင်ပါဝင်သော မြန်မာနိုင်ငံ၏ ကတိကဝတ်များကိုလည်း အသိအမှတ်ပြုထည့်သွင်းထားကြောင်း ဖော်ပြထားသည်ကို တွေ့နိုင်ပါသည်။

**ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့**

"**တစ်ခုတည်းသောကမ္ဘာမြေ** " (Only One Earth) ဆောင်ပုဒ်သည် ၁၉၇၂ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂက ဦးဆောင်ကျင်းပခဲ့သော လူသားနှင့်ပတ်ဝန်းကျင်ညီလာခံအတွက် သတ်မှတ်ခဲ့သော ဆောင်ပုဒ်ဖြစ်သည်။ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၅ ရက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ (World Environment Day 2022)သည် အဆိုပါ ညီလာခံကျင်းပခဲ့သည့် နှစ်ပေါင်း (၅၀) ပြည့်



သည့်နှစ်ဖြစ်သောကြောင့် ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ဆောင်ပုဒ်ကို '**တစ်ခုတည်းသော ကမ္ဘာမြေ**' (Only One Earth) အဖြစ် ပြန်လည်သတ်မှတ်ခဲ့သည်။ လူသားအားလုံး အတူတကွနေထိုင်လျက်ရှိသော တစ်ခုတည်းသောကမ္ဘာမြေကြီးတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပြုပြင်ပြောင်းလဲမှုများ စနစ်တကျဆောင်ရွက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်တည်ငြိမ်ပြီး ဟန်ချက်ညီစေရေး၊ လူသားများနှင့် သဘာဝပတ်ဝန်းကျင်သဟဇာတဖြစ်စေရေးကြိုးပမ်းမှုများကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ရန်ရည်ရွယ်ပြီး သတ်မှတ်ခြင်းဖြစ်ပါသည်။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အထင်ရှားဆုံးအထိမ်းအမှတ် နေ့တစ်နေ့ဖြစ်ပြီး ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UN Environment Programme)ကကြီးမှူး၍ နှစ်စဉ်ဇွန်လ ၅ ရက်နေ့ရောက်တိုင်း နိုင်ငံအသီးသီး ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပွဲများကျင်းပကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ပိုမိုအာရုံစိုက်အလေးထားလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုအခြေအနေ**

လူသားများ ရှင်သန်ရပ်တည်နိုင်ရေးအတွက် ပတ်ဝန်းကျင်ရေရှည်တည်တံ့ကောင်းမွန်ရန် လိုအပ်သည်။ ကမ္ဘာတစ်ဝန်းတွင် လက်ရှိကြုံတွေ့နေရသော ဖြစ်စဉ်များအားလေ့လာကြည့်ပါက သစ်တောများ စည်းမဲ့ကမ်းမဲ့ခုတ်ထွင်ရှင်းလင်းခြင်း၊ တောရိုင်းတိရစ္ဆာန်များ နေထိုင်ရာဒေသများချဲ့ထွင်ပြီး မြို့ပြနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စိုက်ပျိုးမြေများ အလွန်အကျွံချဲ့ထွင်ခြင်း၊ရေနေသတ္တဝါ

PDF Compressor Free Version



များ အလွန်အကျွံဖမ်းဆီးခြင်း၊ တောမီးလောင်ကျွမ်းခြင်းနှင့် ကာဗွန်ထုတ်လွှတ်မှုများပြားသော စက်မှုဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ရုပ်ကြွင်းလောင်စာအခြေခံသည့်စွမ်းအင် ထုတ်လုပ်မှုလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ခြင်း စသည်တို့ကြောင့် သဘာဝပတ်ဝန်းကျင် တစ်နေ့ထက်တစ်နေ့ ပျက်စီးလာသည်ကိုထင်ထင်ရှားရှားတွေ့မြင်ကြရမည်ဖြစ်သည်။

နောက်ဆက်တွဲ အကျိုးဆက်အနေဖြင့် ကမ္ဘာ့နေရာအနှံ့အပြားတွင် ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှု၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးပျောက်ကွယ်မှုများနှင့် ရေ၊ လေ၊ မြေထု ညစ်ညမ်းမှု၊ စွန့်ပစ်ပစ္စည်းများသည် တစ်နေ့တစ်ခြား သိသာစွာ တိုးပွားလာလျက်ရှိသည်။ ရုပ်ကြွင်းလောင်စာများ လောင်ကျွမ်းခြင်းကြောင့် လေထုညစ်ညမ်းမှုများဖြစ်ပေါ်ပြီး ကမ္ဘာတစ်ဝှမ်း အရွယ်မရောက်သေးသော ကလေးငယ်ပေါင်း နှစ်စဉ်(၇) သန်းကျော် အသက်ဆုံးရှုံးရလျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် ဓာတုပစ္စည်းများ အလွန်အကျွံသုံးစွဲခြင်း၊ မြေဆီလွှာတိုက်စားခြင်းမှ နုန်းပို့ချခြင်း၊ စွန့်ပစ်ပလတ်စတစ်များ မြစ်၊ ချောင်းများနှင့် ပင်လယ်ကမ်းရိုးတမ်း ရေထုအတွင်း တစ်နေ့တခြား များပြားလာခြင်းများသည် လေထု၊ မြေထုနှင့် ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်ပြီး သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးလျက်ရှိသည်။ တစ်ချိန်တည်းမှာပင် သန်းထောင်ပေါင်းများစွာသော လူများမှာ ဝင်ငွေနည်းပါးခြင်း၊ အစားအစာ၊ နားခိုရာ၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ပညာရေးဆိုင်ရာချို့တဲ့မှု မပြည့်စုံမှုတို့ဖြင့် ရင်ဆိုင်ရလျက်ရှိသည်။

**ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးပျောက်ကွယ်မှု**

အပြည်ပြည်ဆိုင်ရာသစ်တောသုတေသနဗဟိုဌာန (CIFOR) ၏ လေ့လာမှုများအရ ပျမ်းမျှအားဖြင့် အပူပိုင်းမိုးသစ်တောကြီးများရှိ မျိုးစိတ်ပေါင်း ၁၃၇ မျိုးသည် နေ့စဉ်နှင့်အမျှ မျိုးသုန်းပျောက်ကွယ်တော့မည့် အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေသည်ဟုဆိုသည်။ ၂၀၂၀ ခုနှစ်တွင် ဆန်းစစ်ချက်အရ တိရစ္ဆာန်မျိုးပေါင်း ၁၄,၇၃၅ မျိုး၊ အပင်နှင့်မှိုမျိုးပေါင်း ၁၇,၇၀၆ မျိုးသည် မျိုးသုန်းပျောက်ကွယ်ခဲ့ကြောင်း၊ မျိုးစိတ်စုစုပေါင်း၏ ၂၇ ရာခိုင်နှုန်းသည် မျိုးသုန်းတော့မည့်အန္တရာယ်ရှိနေကြောင်း သိရပါသည်။ အထူးသဖြင့် ကုန်းနေရေနေသတ္တဝါ ၄၁ ရာခိုင်နှုန်း၊ သန္တာကျောက်တန်းများ၏ ၃၃ ရာခိုင်နှုန်း၊ ငါးမန်းနှင့်ငါးလိပ်ကျောက်များ၏ ၃၀ ရာခိုင်နှုန်း၊ အခွံမာကောင်များ၏ ၂၈ ရာခိုင်နှုန်း၊ နို့တိုက်သတ္တဝါ ၂၆ ရာခိုင်နှုန်းနှင့် ငှက်မျိုးစိတ်များ၏ ၁၄ ရာခိုင်နှုန်းသည် မျိုးသုန်းတော့မည့်အန္တရာယ်ရှိနေသည်ဟုဆိုပါသည်။

**ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီချက်**

၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ပြင်သစ်နိုင်ငံ၊ ပါရီမြို့၌ ကျင်းပခဲ့သည့် (၂၁) ကြိမ်မြောက် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုညီလာခံတွင် ကမ္ဘာတစ်ဝှမ်းလုံးတွင် ရာသီဥတုပြောင်းလဲမှု၏ ခြိမ်းခြောက်မှုအန္တရာယ်အား တုန့်ပြန်ဆောင်ရွက်ရာ၌ ပိုမိုအားကောင်းလာစေရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် စက်မှုမထွန်းကားမီကာလနှင့် နှိုင်းယှဉ်၍ ကမ္ဘာ့ပျမ်းမျှ အပူချိန်မြင့်တက်လာမှုအား (၂) ဒီဂရီစင်တီဂရိတ်အောက် သိသိသာသာလျှော့ချရန်နှင့် (၁.၅) ဒီဂရီစင်တီဂရိတ်အထိ ကန့်သတ်လျှော့ချသွားရန် ဟူ၍ ပါရီသဘောတူညီချက် (Paris Agreement) ၏ အပိုဒ် (၂)တွင် ထည့်သွင်းရေးဆွဲခဲ့ခြင်းဖြစ်သည်။ အချိန်ရထားကြီးသည် ပုံမှန်ရွေ့လျားလျက်ရှိပြီး သဘာဝပတ်ဝန်းကျင်အခြေအနေသည် အရေးပေါ်ကုစားရမည့် အခြေအနေဖြစ်သည်။ ယခု ရာစုနှစ်အတွင်း အပူချိန် ၁.၅ ဒီဂရီဆဲလ်ဆီးရပ်အောက်ထိန်းနိုင်ရေးအတွက် နိုင်ငံအသီးသီးက ဖန်လုံအိမ်ဓာတ်ငွေ့များ နှစ်စဉ် ရည်မှန်းချက်များအတိုင်း လျှော့ချရန် အထူးလိုအပ်လျက်ရှိသည်။

**မြန်မာနိုင်ငံ သစ်တောဖုံးလွှမ်းမှုအခြေအနေ**

သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးခြင်းကြောင့် ဖြစ်ပေါ်လာသောနောက်ဆက်တွဲဆိုးကျိုးများသည် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပိုမိုများပြားပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာတွင် ရာသီဥတုပြောင်းလဲမှုကြောင့် အထိခိုက်လွယ်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပြင်းထန်လွန်ကဲသော မိုးလေဝသအခြေအနေများကြောင့် သဘာဝဘေးအန္တရာယ်များ နေရာအနှံ့ ကြုံတွေ့ခဲ့ရမှုနှင့် အနာဂတ်တွင် ထပ်မံဖြစ်ပွားနိုင်ဖွယ်ရှိကြောင်း ခန့်မှန်းထားသည့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် စီးပွားဖွံ့ဖြိုးမှုနှင့် လူမှုဘဝဖွံ့ဖြိုးမှုအပေါ် အဓိကစိန်ခေါ်မှုများဖြစ်ပါသည်။

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၏ ၂၀၀၀ ပြည့်နှစ် သစ်တောသယံဇာတ ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၅၁.၅၄ ရာခိုင်နှုန်း၊ ၂၀၁၀ ပြည့်နှစ် အစီရင်ခံစာတွင် သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၆.၉၆ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ် သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂.၉၂ ရာခိုင်နှုန်းနှင့် ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာတွင် သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂.၁၉ ရာခိုင်နှုန်းထိ နှစ်ကာလအလိုက် လျော့ကျလာသည်ကို တွေ့ရှိရမည်ဖြစ်သည်။

သစ်တောဂေဟစနစ်သည် လူသန်းပေါင်းများစွာအတွက်လိုအပ်သောအစားအစာ၊ နေထိုင်မှုဘဝကို အထောက်အပံ့ပေးခြင်းနှင့် သန့်ရှင်းသော မြေ၊ လေ၊ ရေကိုဖန်တီးပေးရုံသာမက ရာသီဥတုမျှတကောင်းမွန်စေရန် ထိန်းညှိပေးပြီး ဇီဝမျိုးစုံမျိုးကွဲများနှင့် မှီတင်းနေထိုင်ရာဒေသများကိုလည်းတိုးပွားစေပါသည်။ သစ်တောများပြုန်းတီးခြင်းသည် သစ်နှင့်သစ်တောထွက်ပစ္စည်းများသာမက

PDF Compressor Free Version


သစ်တောများမှပေးစွမ်းသော ဂေဟစနစ်ဝန်ဆောင်မှုများ ပါ ဆုံးရှုံးခြင်းဖြစ်ပါသည်။ နိုင်ငံတော်၏ စီးပွားရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ထိရောက်စွာ အထောက်အပံ့ပေးနိုင်သော ကောင်းမွန်သည့် ဂေဟစနစ်များနှင့်သဘာဝပတ်ဝန်းကျင်များ ရေရှည်တည်တံ့နိုင်ရေးအတွက် ဗဟိုချက်မဖြစ်သော သစ်တောသယံဇာတများထိန်းသိမ်းရေးနှင့် ထာဝစဉ်တည်တံ့ရေးသည် လွန်စွာအရေးကြီးလှသည်။

**နိုင်ငံတဝှမ်း စိမ်းလန်းစိုပြည်ရေး**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် မြန်မာ့သစ်တောမူဝါဒ (၁၉၉၅) နှင့် အမျိုးသားသစ်တောကဏ္ဍပင်မ စီမံကိန်း (၂၀၀၁-၂၀၀၂ မှ ၂၀၃၀-၃၁) ရည်မှန်းချက်များအရ ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများကို နိုင်ငံဧရိယာ၏ (၃၀) ရာခိုင်နှုန်း (၅၀,၁၅၅,၉၀၀ ဧက) ထိ ဖွဲ့စည်းသွားရန် လျာထားဆောင်ရွက်လျက်ရှိသည်။ သဘာဝထိန်းသိမ်းရေးနယ်မြေများကို နိုင်ငံဧရိယာ၏ (၁၀) ရာခိုင်နှုန်း (၁၆,၇၁၈,၆၃၃ ဧက) ထိ တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်လျက်ရှိသည်။

ယနေ့အထိ သစ်တောကြိုးဝိုင်း (၈၂၆) ခု (၂၉,၆၉၃,၁၇၄ ဧက)၊ ကြိုးပြင်ကာကွယ်တော ၄၅၄ ခု (၁၃,၄၄၆,၀၅၈ ဧက) စုစုပေါင်း (၄၃,၁၃၉,၂၃၂ ဧက) တည်ထောင်နိုင်ခဲ့ပြီး နိုင်ငံဧရိယာ၏ ၂၅.၈၀ ရာခိုင်နှုန်းဖွဲ့စည်းတည်ထောင်နိုင်ခဲ့ပြီ ဖြစ်သည်။ ရည်မှန်းချက် ပြည့်မီစေရေးအတွက် နှစ်စဉ်ဧရိယာ ၈၀၁,၉၀၀ ဧကကို ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

သဘာဝထိန်းသိမ်းရေးနယ်မြေများကိုလည်း စဉ်ဆက်မပြတ်တည်ထောင်လျက်ရှိရာ ယနေ့အထိ သဘာဝထိန်းသိမ်းရေးနယ်မြေ ၅၇ ခု (၁၀,၇၅၀,၆၂၄.၆၇ ဧက)၊ နိုင်ငံဧရိယာ၏ ၆.၄၃ ရာခိုင်နှုန်းတည်ထောင်နိုင်ခဲ့ပြီ ဖြစ်သည်။ ရည်မှန်းချက်ပြည့်မီစေရေးအတွက် နှစ်စဉ် ဧရိယာ ၆၈၀,၈၃၂ ဧကကို သဘာဝနယ်မြေများအဖြစ်ဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အဖိုးတန်မြန်မာ့သဘာဝတောများ ထာဝစဉ်တည်တံ့စေရေး ထိန်းသိမ်းကာကွယ်ရန်နှင့် ပျက်စီးပြုန်းတီးသွားသောတောများကို အစားထိုးစိုက်ပျိုးပြီး ဂေဟစနစ်များ ပြန်လည်ပြုစုထိန်းသိမ်းရန် (၂၀၁၇-၁၈ မှ ၂၀၂၆-၂၇) ခုနှစ်အထိ ၁၀ နှစ်တာကာလအတွက် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းကို ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၂-၂၀၂၃ ခုနှစ် ဘဏ္ဍာနှစ် (၂၀၂၂ ခုနှစ် မိုးရာသီ) အတွင်း နိုင်ငံပိုင်သစ်တောစိုက်ခင်း ၃၂,၅၇၆ ဧက (အပင်ပေါင်း ၃၀,၅၇၃,၇၃၆) ပင်ကို တည်ထောင်စိုက်ပျိုးသွားမည်ဖြစ်သည်။

ထို့အပြင် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအတွက် တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသ ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းအစီအစဉ် (၂၀၁၉-၂၀၂၀ မှ ၂၀၂၈-၂၀၂၉ အထိ) နှင့် နိုင်ငံအဆင့် ဒီရေတောနှင့် ကမ်းရိုးတန်းဒေသများ ထိန်းသိမ်းခြင်း၊ ရေဝေရေလဲဒေသ ထိန်းသိမ်းရေးနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ တောင်စဉ်တောင်တန်းအလိုက် သစ်တောများ ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများကို စီမံကိန်းရေးဆွဲပြီး သစ်တောသစ်ပင်စိုက်ပျိုးခြင်း၊ သဘာဝတောများ ထိန်းသိမ်းခြင်းလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

**ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလူထုလှုပ်ရှားမှုများ**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် မိုးကြိုနှင့် မိုးလရာသီ သစ်ပင်စိုက်ပျိုးပွဲတော်များအတွက် အမြင့်(၂)ပေနှင့်အထက်၊ အောင်လုံသန်စွမ်းကြံ့ခိုင်သော ပျိုးပင်(၉.၉)သန်းကျော်ကို ပျိုးထောင်ထားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဝန်ကြီးဌာနများ၊ တပ်ရင်း၊ တပ်ဖွဲ့များ၊ ဒေသခံပြည်သူများသို့ အခမဲ့ဖြန့်ဖြူးပေးလျက်ရှိပြီး ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများ၊ သစ်ပင်စိုက်ပျိုးပွဲတော်များကို အားပေးကူညီပံ့ပိုးပေးလျက်ရှိပါသည်။ ဝန်ကြီးဌာနက ဦးဆောင်လျက် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လူထုလှုပ်ရှားမှုအနေဖြင့် မိုးရာသီအကြိုနှင့် မိုးရာသီသစ်ပင်စိုက်ပွဲ စုစုပေါင်း ၃၃၉ ပွဲ ကျင်းပမည်ဖြစ်ပြီး အပင်ပေါင်း ၂၂၇,၂၂၂ ပင် စိုက်ပျိုးသွားမည်ဖြစ်သည်။

သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများပူးပေါင်းပြီး အမြန်လမ်းနှင့် ဆက်သွယ်ရေးလမ်း လမ်းဘေး ဝဲယာစိုက်ခင်း၊ တစ်အုပ်တစ်မစိုက်ခင်း၊ တစ်ရွာ နှစ်ဧက စိုက်ခင်း၊ ကျေးလက်ထင်းစိုက်ခင်းတို့ကိုလည်း စိုက်ပျိုးသွားမှာဖြစ်ပြီး ပျိုးပင် စုစုပေါင်း (၅၈၆,၂၂၆) ပင် စိုက်ပျိုးမည်ဖြစ်သည်။ တစ်ပင်စိုက်တစ်ပင်ရှင်၊ စိုက်သမျှအပင် ရှင်သန်စေရန်နှင့် ပတ်ဝန်းကျင်၊ ရေ၊ မြေ၊ ရာသီဥတုအခြေအနေနှင့် သဟဇာတဖြစ်သော သစ်မျိုးများ ရွေးချယ်စိုက်ပျိုးကြရန်လည်း အထူးဂရုပြုကြရမည်ဖြစ်ပါသည်။

**တစ်ခုတည်းသော ကမ္ဘာမြေ၊ စိမ်းလန်းစိုပြည် သာယာပါစေ**

ရာသီဥတုပြောင်းလဲမှု၊ ဇီဝမျိုးစုံမျိုးကွဲဆုံးရှုံးမှု၊ ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများနှင့် နောက်ဆက်တွဲပြဿနာများသည် ကမ္ဘာမြေ၏နေရာအနှံ့အပြားတွင် သက်ရောက်လျက်ရှိပြီး ကမ္ဘာသူကမ္ဘာသားများအားလုံး၊ ကမ္ဘာ့နိုင်ငံများအားလုံးက ဝိုင်းဝန်းပူးပေါင်းဖြေရှင်းကြရမည့် ပတ်ဝန်းကျင်ရေးရာကိစ္စများ ဖြစ်ပါသည်။

ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း၏ ၂၀၂၀

ခုနှစ်အလွန် ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲ မူဘောင်ပါ လုပ်ငန်းစဉ်များ၊ ကုလသမဂ္ဂဂေဟစနစ်ပြန်လည်ထူထောင်ရေးဆယ်စုနှစ် (UN Decade of Ecosystem Restoration 2021-2030) ရည်မှန်းချက်ပါ လုပ်ငန်းစဉ်များ၊ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် အင်္ဂလန်နိုင်ငံ၊ ဂလပ်စ်ဂိုးမြို့တွင် ကျင်းပခဲ့သော ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုကွန်ဗင်းရှင်း၏ (၂၆) ကြိမ်မြောက် ညီလာခံ (UNFCCC COP 26) တွင် ကမ္ဘာ့နိုင်ငံခေါင်းဆောင်များ၏ သစ်တောနှင့်မြေအသုံးချမှုဆိုင်ရာကြေညာချက်ပါ သစ်တောပြုန်းတီးမှုနှင့်မြေအတန်းအစားကျဆင်းမှုတို့အား လျှော့ချရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို အတူတကွ ပူးပေါင်းကာ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (၁၅) ဖြစ်သော သစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့်စပ်လျဉ်းပြီး ကုန်းမြေဂေဟစနစ်များအား ကာကွယ်ရန်၊ ပြန်လည်မွမ်းမံထိန်းသိမ်းရန်နှင့် ရေရှည်တည်တံ့စေမည့်နည်းလမ်းများဖြင့်အသုံးပြုရန်၊ သစ်တောများအား ရေရှည်တည်တံ့စေမည့် နည်းလမ်းများဖြင့် စီမံအုပ်ချုပ်ရန်၊ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရန်၊ မြေဆီလွှာပြုန်းတီးမှု ရပ်ဆိုင်း၍ မြေအရည်အသွေး ပြန်လည်ကောင်းမွန်စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးမှုရပ်တန့်ရန် ဟူ၍ ရည်မှန်းချက်များကိုလည်း ပြည့်မီအောင်မြင်ရေး နိုင်ငံတိုင်းက ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ကမ္ဘာမြေ တစ်မိုးအောက်တွင် အတူနေထိုင်သော လူသားများ အားလုံးနှင့် သက်ဆိုင်ပြီး တစ်ဦးချင်း၊ တစ်ယောက်ချင်းစီက ပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြုမည့်အမူအကျင့်များ၊ အလေ့အထများ၊ စားသုံးမှု ပုံစံများသို့ ပြောင်းလဲပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊စိမ်းလန်းစိုပြည်စေရေး အတွက်တစ်တပ်တစ်အား အတူတကွ လက်တွဲပြီး တက်ညီ လက်ညီကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခြင်းဖြင့် ကျွန်ုပ်တို့၏ တစ်ခုတည်းသော ကမ္ဘာမြေသည်ထာဝစဉ်စိမ်းလန်းစိုပြည်သာယာနိုင်မည် ဖြစ်ပါသည်။



(၅-၆-၂၀၂၂)ရက်နေ့ထုတ် မြဝတီသတင်းစာတွင် ဖော်ပြပါရှိပြီးဖြစ်ပါသည်။

*စာမျက်နှာ (၁၀)မှအဆက်*

(၄) **တွေ့ရှိရသည့် အဓေသးစိတ်များ။** ကောင်းကင်မှ ဓာတ်ပုံရိုက်၍ မြေပုံထုတ်ခြင်းမှာ အလွန်တိကျ မှန်ကန်ပြီး ဤကဲ့သို့ မှန်ကန်စေရန် မြေပြင်၌ တိုင်းလျှင် နှစ်ပေါင်းများစွာ ကြာမြင့်ပြီး ကုန်ကျစရိတ်လည်း အလွန်များမည် ဖြစ်ကြောင်း ဖော်ပြသည်။

ဘလင်းဖို့က ညွှန်ပြသည်မှာ ကောင်းကင်မှ ဓာတ်ပုံရိုက်သည့် နယ်မြေနှင့် သစ်တောများသည် မြေပြန့်ဖြစ်သောကြောင့် ကောင်းကင်မှ ဓာတ်ပုံရိုက်ခြင်းသည် အထူးလွယ်ကူကြောင်း၊ အိန္ဒိယနှင့် မြန်မာနိုင်ငံ၌ တွေ့နေကျဖြစ်သော တောများမှာ တောင်ပေါ်သစ်တောများဖြစ်ပြီးလျှင် ပေါက်နေသည့်တောအမျိုးအစားများမှာလည်း လွယ်ကူစွာ ခွဲခြားနိုင်မည်မဟုတ်ကြောင်းပင် ဖြစ်သည်။ နောက်တစ်နှစ်တွင် တနင်္သာရီတိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် စတုရန်းမိုင် (၂၅၀) ကို ကောင်းကင်မှ ဓာတ်ပုံရိုက်ယူပြန်သည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးနောက် ၁၉၅၄ -၅၈ ခုနှစ်များတွင် မြန်မာနိုင်ငံ၏ အပိုင်းကြီးတစ်ခုလုံးကို ကောင်းကင်မှဓာတ်ပုံရိုက်ယူသည်။ သက်ဆိုင်ရာမှ ခွင့်ပြုချက်အရ ကြိုးဝိုင်းသစ်တော ဧရိယာစတုရန်းမိုင် (၁၂၀၀၀) နှင့် ကြိုးပြင်တောသစ်တောဧရိယာစတုရန်းမိုင် (၃၃၀၀၀) အတွက် ဓာတ်ပုံရိုက် မြေပုံများကို ဝယ်ယူသည်။ ဝယ်ယူသည့်မြေပုံများမှာ အထက်မြန်မာနိုင်ငံတွင် ယော၊ အောက်ချင်းတွင်း၊ အထက်ချင်းတွင်းမြစ်သာ၊ ရွှေဘို၊ အနောက်ကသာ၊ သရက်မြို့နှင့် မကွေးသစ်တောတိုင်း အတွက်ဖြစ်သည်။ အောက်မြန်မာနိုင်ငံတွင် ပြည်၊ တောင်ငူမြောက်ပိုင်း၊ ပျဉ်းမနား၊ ရမည်းသင်းသစ်တောတို့အတွက် ဖြစ်သည်။

သစ်တောဦးစီးဌာနတွင် ကောင်းကင်မြေတိုင်းဘာသာရပ်၌ အကျွမ်းကျင်ဆုံး အတော်ဆုံးပုဂ္ဂိုလ်မှာ ကွယ်လွန်သူ အငြိမ်းစား သစ်တောမင်းကြီး အစ်ကိုကြီး ဦးအောင်မြင့် ဖြစ်ပါသည်။

++++++



\+ ဦးအောင်မြင့် +

PDF Compressor Free Version





ပဲခူးရိုးမရဲ့ အလယ်ကြောတစ်နေရာ .... အချိန်က 1991 November ကိုဘစိုးတို့တွေ ကျွန်းသင်းသတ်ဖို့ ရောက်လာကြခြင်းဖြစ်သည်၊

ကျွန်းပင်ကို မခုတ်လှဲမီ ၃ နှစ်ကြို သင်းသတ်ပါက.... အပင်အသားသေပြီး ရေတွင်ပေါ်၍ ရေမျှောချနိုင်ပြီး ချောင်းရေစီးမှုတစ်ဆင့် သစ်ထုတ်လျှင် ကုန်ကျစရိတ်လည်းသက်သာသောကြောင့် ကျွန်းသင်းသတ်ခြင်းလုပ်ငန်းကို နှစ်စဉ် တောတွင်းသွားလာရ လွယ်ကူ၊ စိမ့်စမ်းရေကောင်းသော ဆောင်းတွင်းတွင် လုပ်ကိုင်ကြရပါတယ်....

ကိုဘစိုးတို့ ဒီနေရာထိရောက်အောင် ၂ ရက်တစ်နေ့ကုန်လမ်းလျှောက်.... ကြားတွင် တစ်ညက ရပ်နားသည့် တောတွင်းမြေကြီးပေါ် ground sheet ခင်း တစ်ညအိပ်လာကြရပါတယ်၊

ဝန်ထမ်းနဲ့ ကျွန်းသင်းသတ်အလုပ်သမား အပါအဝင် လူ ၆၀ ခန့်ရှိကြာတင် ဆင်တွေနဲ့အတူလာခဲ့ကြခြင်းဖြစ်သည်။ နေရာအတိအကျကတော့ အုတ်ဖိုမြို့အရှေ့ဖက် ပဲခူးရိုးမတောတွင်း မြောက်စာမရီကြိုးဝိုင်းတွင်းသို့ ဖြစ်ပါတယ်။

နှစ်ရက်မြောက်ညနေစောင်းမှာ သင်းသတ်လုပ်ငန်းဆောင်ရွက်မဲ့ဇရိယာအလယ်ခန့် ဆင်ချောင်းဘေးသို့ရောက်သည်။ အနီးနား ဝါး သစ်ပင်ငယ်တို့ ခုတ်၍ အဖွဲ့လိုက်ယာယီတဲထိုးကြရသည်။ အဖွဲ့က ဝန်ထမ်းခေါင်းဆောင်တစ်ယောက်.... တွဲဖက်နှစ်ယောက်.... အလုပ်သမားနှစ်ယောက်နှုန်းဖြင့် ၁၂ ဖွဲ့ခွဲထားပြီး အားလုံးအပေါ်ခေါင်းဆောင်ချုပ်တစ်ယောက်က တွဲဖက် ဝန်ထမ်း နှစ်ဦးနှင့်ဖြစ်ပါတယ်။

တောလုပ်ငန်းများဆောင်ရွက်လျှင် ရေရလွယ်သော ချောင်း မြောင်တို့ကို အခြေခံစခန်းချရသည်။ ယခုက သင်းသတ်ပင် ၆၀၀၀ သတ်ရမဲ့လုပ်ငန်းကြီးဖြစ်လို့ လူအဖွဲ့များသောကြောင့် ပထမဆုံး base camp ဖြစ်၍ ဆင်ချောင်းမကြီးဘေးမှာ ရေပေါပေါရအောင်စခန်းချခြင်း ဖြစ်သည်။ ဆင်ချောင်းသည် ရိုးမအရှေ့ ပဲခူးမြစ်ထဲသို့ စီးဝင်သော ချောင်းတစ်ခုဖြစ်သည်။ ယခု ပထမဆုံး စခန်းချ၍ အလယ်ကျသောနေရာရွေးသော်လည်း အပင် ၆၀၀၀ ရရန် ၂၀ စတုရန်းမိုင်ခန့်အတွင်း လုပ်ငန်းဖြန့်ကျက် ဆောင်ရွက်ရမည်ဖြစ်ရာ နောင်တွင် အဖွဲ့များ ခွဲထွက် သင့်တော်ရာ စခန်းချရမည်ဖြစ်ပြီး 1992 February လကုန်လောက်အပြီး ခန့်မှန်းလုပ်ကိုင်ကြရမယ်ဖြစ်ပါတယ်။

ကိုဘစိုးက အဖွဲ့ခွဲ ခေါင်းဆောင်တာဝန်ယူရပြီး တွဲဖက်ဝန်ထမ်းနှစ်ယောက်ပါ။ သင်းသတ်ရာမှာ တောကောင်းမို့ ရင်စို့လုံးပတ် ၇' ၆" နဲ့အထက် အပင်တွေကိုတိုင်းတာ နံပတ်မှတ် အပင်ရေ စာရင်းယူရပါတယ်.... ရင်စို့လုံးပတ်ဆိုတာ မြေကြီးကနေ အမြင့် ၄' ၆"နေရာမှာ တိုင်းလို့ရတဲ့ လုံးပတ်ပါ၊ ရင်စို့လုံးပတ်တိုင်းရလွယ်အောင် အချင်း တစ်လက်မလောက်ရှိတဲ့ ဝါးပင်ငယ်ကို ၄' ၆ " တိုင်းပြီး တိခုတ်ထား... အဲဒါကို ၄' ၆" တုတ်လို့ခေါ်ကြတယ်။ အဲဒီတုတ်မြေထောက် တုတ်ထိပ်ဖျားကနေ လုံးပတ်တိုင်းရင် အပင်ရဲ့ ရင်စို့လုံးပတ်ရပြီပေါ့။

နောက်ပြီး အပင်ကို အခေါက်ခွာ ကာဗွန်ခဲတံနဲ့ သင်းသတ်ပင်အမှတ် အပင်လုံးပတ်တို့ကို ရေးမှတ်ရတယ် ... အဲ့လိုအပင်တိုင်းစာရင်းယူဖို့ ရှေ့မှတ်ခေါ် ဝန်ထမ်းတစ်ယောက်လိုပြီး အဲလိုမှတ်ပြီးအပင်ကို အလုပ်သမားတွေက သင်းသတ်ရတယ်။

အပင်သင်းသတ်ပြီးမှုကို နောက်ဝန်ထမ်းတစ်ယောက်က သတ်မှတ်ချက်တွေနဲ့အညီ သင်းသတ်ပြီးကြောင်း စစ်ရတယ်၊ ပြီးရင် သင်းသတ်မှတ်တံဆိပ်ထုရတယ်၊ အဲဒီဝန်ထမ်းက နောက်မှတ်ခေါ်တယ်၊ ဒါကြောင့် သင်းသတ်အဖွဲ့တစ်ခုမှာ ဝန်ထမ်းသုံးယောက်လိုပါတယ်၊ ရှေ့မှတ်နဲ့

PDF Compressor Free Version



စာရင်းသွင်း အဖွဲ့ခေါင်းဆောင်က ရှေ့က လုပ်သွား… အလုပ်သမားက သစ်ပင်သင်းသတ်ကျန်ခဲ့… နောက်မှတ်က စစ်ပြီးလိုက်ရလို့ တစ်စုစည်းတည်းသွားရတာမဟုတ် ခပ်လှမ်းလှမ်းတစ်ဖွဲ့စီပါ … တောကြီးမျက်မည်းထဲ တစ်ယောက်စ နှစ်ယောက်စ သွားလာနေရတာ မြင်အောင်လို့ပါ။ စခန်းချတော့ လူတွေအများကြီး ပျော်စရာပေပေါ့… ပါလာတဲ့ Rum လေးကလည်း မပြတ်သေး၊ တဲလေးတွေကိုယ်စီ… ချက်ပြုတ်ကြနဲ့၊ ပထမည နှစ်ရက်လမ်းလျှောက်လာရတာ မောမောနဲ့ ဇရက်မင်းစည်းစိမ်လေးခံအိပ်ကြ… နံနက်လင်းတော့ berakfast အပြီး ခေါင်းဆောင်ချုပ်က အကွက် ၁၂ ခု မြေပုံပေါ်ခွဲပြီး …အဖွဲ့လိုက် မဲနှိုက်စေပါတယ်… မဲကျရာအကွက်ကနေ အလုပ်စရမှာပါ… ကိုဘစိုးတို့ ကံထူးချက်ကတော့ camp ချထားနေရာကနေ အစွန်ဆုံး ၃ မိုင် ကျော်လောက်သွားရမယ့်နေရာကို မဲပေါက်ပါတော့တယ်။

ပဲခူးရိုးမတောကြီးက အရှေ့ဖက် အနောက်ဖက်ကြည့်တော့သာ တောင်တန်းတစ်ခုလောက် လှမ်းမြင်ရတာ… အလယ်မှာ နေရာလိုက်လို့ တောင်တန်းတွေ ၄…၅ လွှာရှိတာပါ၊ ကိုဘစိုးတို့ဒီနေရာရောက်အောင် နှစ်ရက်တစ်ညခရီး… ပဲခူးအနောက်ခြမ်းကလာရတာ၊ အရှေ့ခြမ်းက လူတွေဆို ၅ ရက် ၄ ညအိပ်ခရီးလာရပါတယ်… ဘယ်လောက်ကျယ်တယ် မှန်းကြည့်ပေါ့…တောက နက်တော့ ၃ နာရီဆို အမှောင်ရိပ်စသန်းပါပြီ… ဆောင်းရာသီက ကြောင်မိတ်လိုက်ရာသီဖြစ်သလို သူတို့ဆွေမျိုး ကျားသစ်တွေကလည်း အတူတူပါပဲ …ညနေစောင်းရင် တောထဲ ကြောလမ်းကောင်းကောင်းမှာ လမ်းသလားတတ်ကြပါသေးတယ်… တောထဲက မြွောင်ကြပ်တွေမှာ ဝက်ဝံနဲ့ မျက်နှာချင်းဆိုင် hand shake လုပ်ရတတ်သလို… တောဆင်တို့ကလည်း တောင်ကြောပေါ် ဝါးရုံတွေကြား အုပ်လိုက်ရှိတတ်ပါတယ်။

တောကောင်တွေရဲ့သဘာဝက သာမာန်အားဖြင့် လူတွေကိုရှောင်ပါတယ်… ဒါကြောင့်သွားလာရင်း အပေါ်ကရေးတဲ့ ၄' ၆" တုတ်နဲ့ ဝါးပင်တွေ သစ်တုံးတွေရိုက် အသံပေးရပါတယ်၊ ညဖက်ဆို စခန်းချရာမီးဖိုရပါတယ်၊ နောက်တစ်ခုက ဝါးအဆစ်ပိတ်ဓားနဲ့ပိုင်းထားတာတွေ မီးပုံထဲ ပစ်ထည့်ရင် ဖောင်းကနဲ ထ ထပေါက်ကြပါတယ်။ အဲဒီအသံတွေကြောင့် တောကောင်တွေရှောင်သွားတတ်ပါတယ်။

ကိုဘစိုးတို့ ၃ မိုင်ဆိုတာ … တောင်ပေါ်တက်လိုက်ဆင်းလိုက် ချောင်းမကြီးဘေး ကျောက်ဆောင်တွေဘေး ကပ်လျှောက်လိုက်..သာသာယာယာပါ၊ ငါဟဲ့ forester ဒါ အသေးအဖွဲ့ exercise ပိုရသကွဲ့ .. ဆရာတပည့်တွေ တောတွင်းသွားရေး အစီအစဉ်ဆွဲရပါတယ်၊ ၅နာရီထ ထမင်းချက် ငါးခြောက်ချက်နဲ့ အဝအပြီးစွဲ ၆နာရီ စခန်းကထွက် မြန်းကြတော်မူမယ်..ရှေးက နောင်တော်ကြီးတွေက ၄ နာရီ မီးဒုတ်နဲ့ စထွက်ကြတယ်ပြောကြလေရဲ့ ..

ဆင်ချောင်းရိုးအတိုင်း အရင်လျှောက်တော့ လတ်ဆတ်အေးမြသောလေကို ခံစားကြရ ကိုဘစိုးတို့ လန်းဆန်းတက်ကြွလာကြတယ်..

ချောင်းကနေ တောင်ကြောပေါ်ဖဲ့တက်ပါပြီ..သစ်ပင်သစ်ရွက်တွေက နှင်းရည်တွေ တပေါက်ပေါက်ကျတဲ့နေရာကျလို့ .. တစ်နာရီကျော်လောက်လျှောက်တော့ ကိုယ်ကွျန်းသင်းပင်ရှာရမဲ့နေရာရောက်လာတယ်.. ပထမဆုံး ကိုယ်လုပ်ရမဲ့ ဧရိယာကို ပတ်နင်းစစ်ရတယ်..

တောထဲမှာ ချောင်း မြောင် တောင်ကြော ဘုတ်တိုင် စတာတွေနဲ့ မြေပုံပေါ်တိုက်ဖတ်စစ်ရတယ်.. အကွက်နယ်နိမိတ်ဘုတ်ပြားဘုတ်တိုင်တို့ဆိုတာ သစ်တောဧရိယာသတ်မှတ်ကတည်းက အမှတ်အသားလုပ်ထားတာပါ.. ကြာရင်ပျက်တတ်ပြီး နေရာကတော့ခြေစလက်စကျန်တာမို့ တောင်ကြော ချောင်း မြောင်တွေ အခြေခံတိုက်ဆိုင်ရှာရတယ်၊ ကိုက်ရင်နံပတ်တွေ အသစ်ရေးမှတ်ပြင်ပေးရတယ်.. ဥပမာ ဂဏန်းကို ဘုတ်တိုင်သစ်သားပေါ် သံမှိုရိုက်ပုံဖော်တာမျိုးပါ။

ရင်စို့လုံးပတ် ၇' ၆" ကနေအထက်ကို သင်းသတ်ပင်ရွေးရာမှာ တစ်ပါတည်း ရင်စို့လုံးပတ် ၄' ကနေ ၇'၅" ထိ ကွျန်းပင်တွေကိုပါ ချန်ပင်အဖြစ် စာရင်းကောက်ယူရတယ်… အဲလိုကောက်ယူရတဲ့ရည်ရွယ်ချက်က ကွျန်းပင်တစ်ပင်ဟာ နှစ် ၃၀ မှာ ပျမ်းမျှအားဖြင့် လုံးပတ် ၁ ပေတိုးတယ်လို့ theory အရသတ်မှတ်ထားတာမို့ ဒီဧရိယာကို နောင်ထပ်ပြီး သင်းသတ်ဝင်ရင်ရနိုင်မဲ့ အပင်ရေကို ခန့်မှန်းတွက်ချက်နိုင်အောင်ပါ… အဲလို အပင်တွေစာရင်းယူဖို့က စမှတ်တစ်ခုကနေ အခြေခံ တောင်ကြောပေါ်ကို ရင်ပေါင်တန်းတက်လိုက် အလယ်တောင်ကြောကနေ တောင်အောက်ချောင်းထိဆင်းလိုက်နဲ့ အပင်စာရင်း ကောက်ရတယ်… ကြားထဲက ရေစီးမြောင်ကိုမကျော်ရဘူး… သစ်တောသမားတွေက ကွန်တိုရစ်တယ်ခေါ်တယ်… ဖတ်ရတာ ရှုပ်ရင်ထားလိုက်ပါဗျာ…ဒီအလုပ်မှာ တောင်ကြောပေါ်ကနေ အောက်ဆင်းလိုက် အပေါ်တက်လိုက်လုပ်ရတာ… အခြေခံရှိတာသိရင်ရပါပြီ… ခြောက်လှန့်သံ ကိစ္စကလည်း အဲဒီပေါ် တည်မှီနေလို့ပါ။

အဲ့တော့ ကိုဘစိုးတို့အဖွဲ့ သင်းပင်ရှာ စလုပ်ပါတယ်…ကံဆိုးတာက သူတို့ ထင်သလောက် ၇' ၆" နဲ့ အထက် သင်းသတ်ပင်စာရင်းမရခဲ့ပါဘူး… စခန်းပြန်ရောက်လို့ ညပိုင်းချိန် သတင်းထောက်ကြည့်တော့ ကျန်အဖွဲ့တွေ ကိုယ့်ထက်ပိုရတာချည်းပဲ… ကိုဘစိုးတို့ကအပင်ရအနည်းဆုံး အဝေးဆုံးဖြစ်ရပါတော့တယ်… တောထဲမှာ ညနေ ၃နာရီဆို နေကျပြီ၊ မှောင်သွားတာ မဟုတ်ပေမဲ့ အလင်းရ စနည်းပါပြီ။ အဲဒီတော့ ၃နာရီပြန်ဆုတ် ၄ နာရီခွဲလောက်ပြန်ရောက်… ရေချိုးပြီး မိုးချုပ်အတော်

PDF Compressor Free Version



လောက်ပါ၊ အပင်အရနည်းတော့ အလုပ်သမားနှစ်ယောက်ကလည်း နေ့စဉ် တစ်ပါတည်းမလိုက်တော့ပါဘူး၊ အပင်တွေရပြီးမှ လိုက်သင်းသတ်မယ်ဖြစ်လာပါတယ်...

ဒါနဲ့ ဆရာ တပည့် ၃ ယောက်ပဲ အကွက်နင်းသွားရာက တစ်ပတ်ကျော်အကြာ တောမှောက်ပါတော့တယ်၊ တစ်နည်း တောထဲမျက်စေ့လည်တာပါ... ဖြစ်ရပုံက ပုံမှန်လမ်းကြောသွားရာမှ ညွန့်ဝင်းဆိုတဲ့ ပေါင်းတည်သားနောက်မှတ်တပည့်က အပြန်ဖြတ်လမ်းရှိကြောင်း ကိုဘစိုးတို့နဲ့ ကပ်ရက်အဖွဲ့က ထိုလမ်းကပြန်ကြောင်းပြောလာတယ်.. မင်းသေချာလားဆိုတော့သေချာတယ်ဆိုလို့ ကိုဘစိုးလည်း ယုံမှားမိလိုက်တယ်၊ ဒါနဲ့ သွားနေကြလမ်းက ဖယ်ခွာ ဖြတ်လမ်းတိုးကြတယ်၊ တောတောင်ထဲမှာက ကြောတူမြောင်တူဆိုတာတွေရှိတယ်၊ တစ်ခုတည်းလို့ ထင်ရပေမဲ့ နေရာမတူကြဘူး၊ အဲဒါကို ဒါထင်တယ်နဲ့ သွားရင်းနဲ့ လမ်းမှားမိပြီး လည်ထွက်သွားတယ်၊ ဆင်ချောင်းထဲပြန်ဆင်းမဲ့လမ်းမတွေ့တော့ဘူး... ၄နာရီခွဲပြီ ရွက်အုပ်ပိတ်တောထဲမို့ အလင်းရောင်နည်းနည်းပဲကျန်တော့တယ်... ဟိုကောင်လည်း မျက်နှာငယ်လေးနဲ့ ဒီနေရာမှာ ခေါင်းဆောင်ကိုဘစိုး ဆုံးဖြတ်ချက်ချရပါတော့တယ်။

ကိုဘစိုးတို့ forester တွေမှာ လမ်းစတစ်ခုပျောက်ရင် အခြားနည်းမရတော့ရင် ထွက်ပေါက်ရှာတဲ့နည်းတစ်ခုရှိပါတယ်၊ အဲဒါက ရေစီးကြောင်းအတိုင်းလိုက်တာပါ တောတောင်သဘာဝက တောင်ကြောချောင်းမြောင် စတာတွေနဲ့ဖွဲ့စည်းထားတာပါ။ တောင်ကြောပေါ်က ရေစီးကြောင်းဟာ မြောင်ထဲဝင်ပါတယ်၊ မြောင်ကနေ ချောင်းငယ်ထဲရေစီးပါတယ်၊ ချောင်းငယ်ထဲက ရေတွေက ချောင်းမကြီးတစ်ခုထဲဝင်ပါတယ်၊ ဒီလိုနဲ့ ချောင်းခြင်းဆုံရင်လည်း ဆုံကြမယ် မြစ်ထဲဦးတည်ပါတယ်.. ခရီးသွားကြရင် ပြည်လမ်း ရန်ကုန် ပဲခူး တောင်ငူလမ်းတွေမှာ တံတားထိုးဖြတ်သွားရတဲ့ချောင်းကြီးတွေဟာ ရိုးမပေါ်ကအခြေခံလာကြတာပါ။

အဲဒီတော့ ခုတောမှောက်နေတဲ့ကိစ္စမှာ ကိုဘစိုးတို့ ဆင်ချောင်းအထက်ဖက်ရောက်နေပြီး camp က ဆင်ချောင်းဘေးမှာမို့ ဆင်ချောင်းထဲအရင်ဆင်းရပါမယ်.. ဆင်ချောင်းထဲရောက်ဖို့ ဆင်ချောင်းထဲစီးတဲ့ချောင်းငယ်တစ်ခုအတိုင်းလိုက်ရပါမယ် .. ဒါကြောင့်ရောက်တဲ့နေရာကနေ အနီးဆုံးချောင်းငယ်ထဲ ဆင်းလိုက်ကြပါတော့တယ်။

ဆင်ချောင်းမထဲ စီးဝင်မဲ့ချောင်းငယ်အတိုင်းလိုက်.. ဆင်ချောင်းမရောက်လို့ ရေစီးအောက်ဖက် စုံလျှောက်ရင် စခန်းဘေးရောက်မယ်.. ဒီနည်းဟာ ချောင်းတို့ရဲ့ ကွေ့ကောက်မှုသဘောအရ ခရီးပိုရှည်ပေမဲ့ လမ်းမမှားပဲ ပြန်ရောက်မှာပါ .. ချောင်းငယ်ထဲရောက်ပြီးချိန် ကိုဘစိုးတို့ အောက်ကို စုံလျှောက်ပါတယ်၊ မှောင်ခါနီး ရှေ့ကသွားတဲ့ စိုးဝင်းက 'ဆရာရေ ကုတင်ခံနေပြီ' 'ရှိုး ကောင်းကွာ' ဘေးလမ်းကြောင်းရှာ တောတောင်နီးစပ်သူတွေသိပေမဲ့ မြို့အနေများသူတွေအတွက်ရှင်းပြရရင် တောထဲက ချောင်းတွေမှာ မြင့်ရာက နိမ့်ရာစီးလာရင်း အနိမ့်အမြင့် အလွန်ကွာတဲ့နေရာတွေမှာ ရေတံခွန်ဖြစ်ပေါ်လာပြီး အမြင့်ကတော့ မြေမျက်နှာပြင်အနေအထားအလိုက် ကွဲပြားပါတယ်၊ ရေတံခွန်ရဲ့အောက်မှာ ကျောက်သားဝန်းရံနေတဲ့ ရေအိုင်ခွက်ကြီးတွေရှိနေတတ်ပြီး.. အချို့က ဆင်တစ်ရပ်လောက်နက်ပါတယ်.. အဲဒီကျောက်ရေအိုင်ခွက်ကြီးတွေကို တောသူတောင်သားတွေက ကျောက်ကုတင်လို့ခေါ်ကြပါတယ်။ တောထဲကချောင်းတွေရဲ့သဘောက ဆောင်းရာသီမှာ စိမ့်စမ်းရေလေးပဲ စီးနေတာမို့ လမ်းလျှောက်သွားလို့ရပါတယ်.. ဒါပေမဲ့ ချောင်းနက်ပြီးရေအိုင်ဖြစ်နေတဲ့နေရာတွေမှာ ချောင်းအတိုင်းသွားမရပဲ ဘေးကကုန်းပေါ်တက်လျှောက် ရေလွှတ်မှချောင်းထဲပြန်ဆင်းရတာပါ.. ခုတွေ့တဲ့ကျောက်ကုတင်က ၁၅ ပေ လောက်မြင့်တာမို့ ဘေးကုန်းပေါ် ဖဲ့တက် လမ်းလျှောက် ရေလွှတ်မှ ချောင်းထဲပြန်ဆင်းရမှာပါ.. ခရီးပိုဖင့်တာပေါ့ ..မောရတဲ့ထဲ တက်ရဆင်းရဦးမယ်လေ....

ရေလွှတ်လို့ ချောင်းထဲပြန်အဆင်းမှာ အလင်းရောင်ပျောက်သွားပါပြီ၊ ၆ နာရီကျော်ပြီကိုး.. သားကောင်ထွက်ချိန်လည်းရောက်ပြီပေါ့၊ ရှိုးမရွက်ပိတ် တောကောင်းမို့ တိရစ္ဆာန်လည်းအစုံရှိပါတယ်၊ လက်ထဲက တုတ်နဲ့ ကျောက်တွေရိုက် ခြောက်လှန့်သံပေးရပါတယ်၊

ချောင်းပေါ် ကုန်းအချို့မှာ မျက်လုံးစိမ်းလေးတွေလည်းမြင်ရပါတယ်.. ညအချိန်တွေ့ရတဲ့ မျက်လုံးစိမ်းက အန္တရာယ်မရှိတဲ့သားကောင်.. မျက်လုံးနီ တွေ့ရင်တော့ ကိုယ့်ကင်မဲ့ကောင် သတိထားပေတော့..

ကံကောင်းတာက တခုခုဖြစ်ခဲ့သည်ရှိသော်ဟု မျှော်တွေး၍ ကိုဘစိုးကျောပိုးအိတ်ထဲမှာ ဓာတ်ခဲ ၃ တောင့်ထိုး တစ်လက် ဆောင်ခဲ့မိတာပါ၊ မှောင်တော့ ကိုယ်ကဓာတ်မီးထိုး ရှေ့ကသွား.. ဝက်ဝံတိုးမလား.. ကျားသစ် သစ်ပင်ပေါ်က ခုန်အုပ်မလားဟဲ့နဲ့ လွန်စွာရင်ထိတ်ရသော ကာလပေါ့ .. နောင်များတော့ ဝိုင်းတွေမှာ ပြောစရာ ဓာတ်လမ်းတစ်ပုဒ်ပေါ့ forester တွေသာရနိုင်သော ရသလေးပေါ့၊ ၉ တန်း ၁၀ တန်း မြန်မာစာမှာ သင်ရတော့ ကြောက်ရွံ့တာ အရသာရှိလို့လား ထင်ခဲ့တာ ကိုယ်တိုင်ခံစားဖူးမှ သိပါတော့တယ် ..

ဘေးက အကောင်ပလောင်သံလည်းနားစွင့်ပြီး နောက်တစ်ခုမျှော်တာက ဝါးဖောက်သံ၊ စခန်းမှာပြန်ရောက်တဲ့ ကျန်အဖွဲ့တွေက ကျနော်တို့ နောက်ကျနေတာသိရင်တစ်ခုခုဖြစ်ပြီသိမှာပါ၊ အဲ့ဒီအခါကျ ရှာတာတို့ ရောက်ရာနေရာကနေ စခန်းနေရာသိအောင် ဝါးဆစ်ပိတ်မီးပုံထဲထည့် ဝါးဖောက်သံပေးတာတို့လုပ်ကြမှာပါ၊

စာမျက်နှာ (၂၆)သို့ ➤

PDF Compressor Free Version






ယခင်လမှအဆက်

# ကုလားကံကောင်းတယ် (၁၀)

ရောင်နီ (သစ်တော)

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်

*ဟိုတောင်ဆီရယ်က XXX ညိုတိုတိုရယ် XXX ညိုတိုတိုရယ်...*
*မိုး စိုထင့် စိုထင့် XXX မိုး စိုထင့် ရွာတော့မယ်ဗျာ...*
*မိုးရွာရင်နော်ဗျာ XXX ခင့်ကို ဘာနဲ့မိုးရပ်ပါ့မယ် ဟယ်ဟယ် ...*

ကျောပိုးပစ္စည်းတွေအပေါ်က ပလပ်စတစ်အကြည် လွှမ်းခြုံလိုက်ပြီး ရှေ့ဆုံးက ခုနှစ်သံချီဟစ်ဆိုသွားသော သူ့တေးသံက နောက်မှာချန်ထားရစ်ရတော့မည့် သစ်တောကြီးနဲ့ အဲဒီတောနက်ထဲက ကျွန်းပင်ကြီးညီနောင်ကို မိုးညိုညိုမှာ လွမ်းစိတ်ပိုအောင် သွေးဆောင်လေသလား ထင်ကြရသည်။

တောင်လုံးညိုပြီး ပြိုကျလာသော မိုးရေများက လွမ်းမျက်ရည်မိုးတွေလား။

အတူစား၊ အတူသွားခဲ့ကြသည့် တောတွင်း လေးည အိပ်၊ ငါးရက်ခရီးသည် ဒီကနေ့ နိဂုံးကမ္ပတ် အဆုံးသတ်ပေတော့မည်။

တုံစကားရွာရောက်တော့ မွန်းတည့် ၁၂ နာရီ။ နော်ဆိုင်းအိမ်က ရေစက်မှာ ရေပင်ပြီး ချိုးကြသည်။ ဘုန်းကြီးကျောင်းမှာ ရွာကကျွေးသော ခေါက်ဆွဲပြုတ်သောက်ကြသည်။

အလာခရီးက ထမင်းစားခဲ့ကြသော တုံစကား ရွာလယ်ဇရပ်မှာ လူစုံစုပြီး ကျေးရွာသားများနှင့် အပြန်အလှန်နှုတ်ဆက်စကားဆိုကြသည်။ တိုင်းဒေသကြီး အစိုးရ ရန်ပုံငွေကနေ လုပ်အားခတွေ ပေးချေတော့။ '**ကျွန်တော်တို့ လိုချင်တာ ရခဲ့ပြီးပါပြီ၊ ငွေမလိုတော့ပါဘူး** ' လို့ တစ်ဦးကဆိုသည်။ အားလုံးကလည်း တညီတညွတ်တည်း ထောက်ခံနေသဖြင့် ဖွတ်အတင်းပေးရသည်။ မိမိတို့ သစ်တောအဖွဲ့ကလည်း သဒ္ဓါတတ်အား စုစည်းငွေများ ထပ်မံပေးအပ်သဖြင့် သူကြီး ဦးမောက်တင်က '**မလိုချင်ရင် ရတယ်** ' ဟု ဆိုသည်။

'*ဟုတ်တယ် သူကြီးရေ.. လိုချင်လွန်း အားကြီးလို့ မရတာတွေ လည်း လက်တွေ့ပဲ*' မိမိက ဘယ်သူ့ကိုမှ မကြည့်ဘဲ ပြောလိုက်သော်ငြား အားလုံးက ကိုသန်းဌေး မျက်နှာကြီး လှမ်းကြည့်သဖြင့် '**မဆိုင်တဲ့အပေါက်ကို ဂလိုင်နဲ့ ခေါက်ပြန်ပြီနော်** 'ဟု ပြောပြီး ကိုသန်းဌေးက တစ်ခါမှ မရှက်ဖူးသောမျက်နှာကို ရှက်ကိုးရှက်ကန်းလုပ်ပြသည်။

ဆရာတော်ကို ဖူးမျှော်ပြီး ရော်လဘန်စီးကာ လာရာလမ်းကို ပြန်ကြသည်။ နံ့သာရွာမှာ စက်လှေပြောင်းစီး၊ နမ့်တောရောက်တော့ ကားပြန်စီး ဒီလိုဖြင့် ဟုမ္မလင်းရောက်တော့ နေလုံး ပျောက်ပြီ။

လမ်းတစ်လျှောက် မိမိရင်ထဲ မပျောက်နိုင်တာကတော့ '**ငွေမလိုတော့ပါဘူး၊ ကျွန်တော်တို့ လိုတာ ရပြီးပြီ** ' ဆိုသောစကားဖြစ်သည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု လျှော့ချရေးအစီအစဉ်အရ လိုအပ်တဲ့နေရာတွေမှာပံ့ပိုးဖို့ မိမိတို့ဝန်ကြီးဌာနက တိုင်းအစိုးရအဖွဲ့ကို ပေးအပ်ထားတဲ့ ဆိုလာမီးတွေထဲက ၂ စုံကို တုံစကားရွာ အ.မ.က အတွက် လှူဒါန်းလိုက်တာကိုလား၊ ဘုန်းကြီးကျောင်းအတွက် လှူဒါန်းငွေကိုလား၊ မိမိတို့အသုံးအဆောင်တွေ ပြန်မသယ်ဘဲ ပေးခဲ့တာကိုပဲလား၊ ဒါတွေက သူတို့လိုချင်တာများလား။

တုံစကားရွာကိုရောက်တဲ့နေ့ က တောထဲလိုက်ဖို့ လူစုလို့မရတော့ '**လုပ်အားခပေးမယ်ဆိုတာ မယုံကြလို့**







PDF Compressor Free Version



*လေ'* ဆိုသော ရှာလူကြီးစကားကို သတိထားမိသည်။ အော် သူတို့လိုချင်တာ ငွေကိုလို့ တွေးခဲ့ဖူးသည်။ အခု ငွေပေးတော့ သူတို့မက်တာက ငွေမဟုတ်၊ မက်တာက ရခဲ့ပြီလို့ ဆိုပြန်ပါပြီကော။

လေးညအိပ် ငါးရက်ခရီးမှာ မိမိတို့က ဘာတွေ ပေးလို့ သူတို့က ဘာတွေ ရခဲ့ပါသလဲ။ စဉ်းစားလာခဲ့သည်။ ခရီးစဉ်စဆုံး ပုံရိပ်များ ပြန်ဖော်ကြည့်သည်။

တစ်ညမှာ သူတို့အမဲလိုက်ပေးမယ်ပြောတော့ အမဲ မလိုက်ဖို့တားရင်း မိမိပြောခဲ့သော တောခြောက်သည့် ဇာတ်လမ်းကို ပြန်သတိရလိုက်သောအခါမှ အဖြေက ရှင်းလင်းသွားသည်။

## ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်

ရှေ့တည့်တည့် ဦးပိုင်းမှာ လေယာဉ်မယ်လေးက ခရီးသည်များအတွက် ဆောင်ရန်၊ ရှောင်ရန်တွေကို သရုပ်ပြနေသည်။ ပြူတင်းပေါက်ကနေ အောက်ကို လှမ်းကြည့်တော့ ကိုအေးချမ်း၊ ဝန်ထမ်းများနှင့် တုံစကားရှာက မိတ်ဆွေများ လေဆိပ်မှာ လက်ပြကျန်ရစ်တာကို မြင်ရသည်။

အကြီးဆုံး ကျွန်းပင်ကြီး ရှာဖွေမှတ်တမ်းတင်သူများ ဂုဏ်ပြုပွဲမှာ တုံစကားရွာသားတွေ ပျော်ရွှင်နေတာကို မြင်ယောင်မိသည်။ သစ်တောသစ်ပင်နှင့်ပတ်သက်၍ ချစ်ခင်စိတ်၊ ဂုဏ်ယူစိတ်ကို တိုးပွားအောင်မြှင့်တင်ပေးနိုင်ခဲ့သည်။

*'သမိုင်းပြောင် မညှိုး၊ စစ်ကိုင်းတောင် တော်ရိုးမှာလေ မြူခိုးယှက်ဆိုင်း အုံ့မှိုင်းပြာရီဝေ x.. x.. x'* လို့ အစချီပြီး စစ်ကိုင်းသားပီပီ စစ်ကိုင်းတောင် သီချင်းကို ဒွန်ကရိုဏ်းကျကျ စည်းဝါးတကျ ဆိုပြသည်။

*'မိမိက သာယာဆန်းလို့ x..x..x ဖြာဖြာလန်းတဲ့ မောင်တို့ ရွှေဝါမြေ '* ဆိုတဲ့ အကော်ဒီယံအုံးကျော်ရဲ့ *'ရွှေဝါမြေ'* သီချင်းကိုဆိုပြီး *'ရွှေဝါမြေဆိုတာ ကျွန်တော်တို့ ဂုဏ်ယူရတဲ့ ကျွန်းရွှေဝါတွေပေါက်တဲ့ ဟောဒီမြေကြီးကို ရည်ညွှန်းပါတယ် '*လို့လည်း ပြောလိုက်ရော ဘာပြောကောင်းမလဲ လက်ခုပ် တဖြောင်းဖြောင်းတီးပြီး အဖွဲ့သားတွေ ထကလိုက်ကြတာများ ပျော်ရွှင်မှု၊ တက်ကြွမှု၊ ဂုဏ်ယူမှု၊ ဝမ်းသာပီတိ ဖြစ်မှုတွေ ရောထွေးနေတဲ့ မျက်နှာများဖြင့်။

*'သူတို့လိုချင်တာ ငွေမဟုတ်၊ သူတို့လိုချင်တာ ရခဲ့ပြီးပြီ '* ဟု ကျွန်းပင်ကြီး ရှာဖွေရေး ခရီးစဉ်အဆုံးမှာ ပြောတဲ့စကားကို သတိရပြန်သည်။ အခုလည်း သူတို့ လိုချင်သောအရာကို မိမိတို့ထံက ရလိုက်ပြန်ပုံရသည်။ လေယာဉ်ပေါ်တက်တော့ ဦးမောက်တင်က တောင်ဆိတ်ချိုတစ်ခုလက်ဆောင်ပေးသည်။ ဆရာ့အိမ်မှာ အမှတ်တရ ချိတ်ဖို့ဟု ဆိုသည်။ နော်ဆိုင်းက မျက်မွေးလိမ် ပျားရည် စစ်စစ်ဟုဆိုကာ ပုလင်း ၂ လုံး လာပေးသည်။ ဆရာ့ကို ပျားရည်စစ်စစ် စားစေချင်လို့ဟု ဆိုသည်။ လေယာဉ်ပေါ် ပုလင်းတင်မရသဖြင့် ကိုအေးချမ်းက နောက်မှ ပို့ပေးမည်ဟုဆိုပြီး ယူထားလိုက်သည်။ သူတို့ဆီက ရလိုတာလည်း ဒီလို ဝတ္ထုပစ္စည်းတွေမဟုတ်ကြောင်း ကျွန်တော်တို့လည်း လိုချင်တာ ရခဲ့ပြီးပြီဟု ပြန်ပြောခဲ့သည်။

*' ဦးစီး ကျွန်းပင်ကြီးက ဘယ်မှ မသွားပါဘူး ပြန်လာခဲ့ဦးနော် '* လို့ လက်ပြရင်း ပြောလိုက်တဲ့ ဦးတင်ရွှေ စကားက နားထဲမှာ ပဲ့တင်ထပ်နေသည်။ အဲဒီစကားက မိမိအတွက် အားဖြစ်ခဲ့သည်။

> *'ကျွန်တော့် အသက်အရွယ်၊ ကျွန်တော့် ကျန်းမာရေးအခြေအနေနဲ့ ပေါင် ၁၈၀ကျော် ဒီခန္ဓာကိုယ်အတွက် ဒီခရီးက စွန့်စားမှုတစ်ခုပါ။ အသက်နဲ့ရင်းတဲ့ စွန့်စားမှုဆိုလည်း မမှားပါဘူး။ ဒီခရီးကို မရောက် ရောက်အောင်တွန်းပို့လိုက်တဲ့ အားနှစ်ရပ် ရှိပါတယ်။ ပထမအားကတော့ ကမ္ဘာကျော် မြန်မာကျွန်းမွေးဖွားရာ မြန်မာ့မြေမှာ ဒီလောက်ကြီးမားတဲ့ ကျွန်းပင်ကြီးရှိတယ်ဆိုတာကို ဖော်ထုတ် ဂုဏ်ယူချင်တဲ့ဆန္ဒအားပါ။ ဒုတိယအားကတော့ ဒီခရီးစဉ်မှာ ကျွန်တော် ခြေကုန်လက်ပန်းကျသွားတိုင်း 'ဦးစီး ကျွန်းပင်ကြီးက ဘယ်မှ မသွားဘူး၊ ရပ်စောင့်နေတယ် 'လို့ လမ်းပြကြီး ဦးတင်ရွှေရဲ့ ပြောစကားကနေ ပေါက်ဖွားလာတဲ့ အားပါ။ '*

*'ဆရာ အောက်ကိုကြည့်လိုက်၊ စိမ်းညို့နေတာပဲ '* မကြာသေးမီက လှမ်းမြင်ထားသော အပေါ်ယံမြေသား ရှိတော့သည့် ညိုဝါရောင် ရွှေလုပ်ကွက်များက မျက်စိထဲမှာ မပျောက်သေး။ တွတ်ပီ ပြောသဖြင့် အောက်ကို လှမ်းကြည့်သည်။ အခုတော့ တကယ့်ကို စိမ်းညို့နေသည်။ ကျယ်ပြောလှသော သစ်တောကြီးကို လေယာဉ်အပေါ်က မြင်ရသည်။

*'ခုမှပဲ ရင်ထဲအေးတယ် '*

*'ဟုတ်ပ ဆရာရယ်၊ ဆရာ မလွမ်းဘူးလား။ အဲဒီထဲ တစ်နေရာမှာ သူရှိနေတယ်'*

မတွေ့နိုင်မှန်း သိသော်လည်း ကမ္ဘာ့အကြီးဆုံး ကျွန်းပင်အဖြစ် ဂုဏ်ယူစွာကျန်ရစ်သည့် ချစ်မိတ်ဆွေကြီးအား မျက်လုံးများက အလိုအလျောက် ရှာဖွေနေမိသည်။

လေယာဉ်တက်စက မြေပြင်ကို ကြည့်ပြီး ရတက်မအေးဖြစ်ရသည်။ စိမ်းညို့ညို့ သစ်တောကြီးကို တစ်ဖန်မြင်ရသောကြောင့် ရတက်အေးရပြန်သည်။ ဒီသစ်တောကြီး တစ်နေရာမှာ သူရှိနေမှာပါလေလို့ တွေးမိပြန်တော့ လွမ်းသလို၊ ဆွေးသလို။

ဒီဇာတ်ကြောင်း ဖန်လာစဉ်က ဟုတ်မှဟုတ်ရဲ့လား၊ တွေ့မှ တွေ့ပါမလား၊ ငါရောက်အောင် သွားနိုင်ပါမလား

PDF Compressor Free Version



ဟူသော စိုးရိမ်ကြောင့်ကြမှုများ၊ တကယ်တမ်း အရောက် လှမ်းတော့ ခက်ခဲကြမ်းတမ်းမှုများ၊ ရယ်မောပျော်ရွှင်ခဲ့ရသည်များ၊ ဂုဏ်ယူဝင့်ကြွားခဲ့ရသည်များ၊ ငါစွမ်းဆောင်နိုင်ခဲ့ပြီဟု ယုံကြည်အားတက်မှုများ ထိုထိုသော ခံစားမှုပုံရိပ်များက တဖျတ်ဖျတ် ပေါ်လာသည်။ ဒီကြားထဲ ကုလားကံကောင်းဒယ် ပျက်လုံးထုတ်နေတဲ့ လူရွှင်တော် ရှဲဒိုးမျက်နှာကြီး မြင်ယောင်ပြီး ပြုံးဖြီးဖြီး ဖြစ်နေမိသည်။

*'ဆရာ့ကို ကျွန်တော် မကျေနပ်ဘူး'*

*'ဟေ ဘယ်လို ဖြစ်ရပြန်ပြီလဲ '*

*'မန်းမောက် ကျွန်းပင်ကြီးဆီ သွားတုန်းကလည်း ကျွန်တော့်ကို မခေါ်ဘူး၊ ဟုမ္မလင်း ကျွန်းပင်ကြီးဆီသွားတော့လည်း မလိုက်ရဘူး၊ ဂုဏ်ပြုပွဲ အခမ်းအနားအတွက် နိုင်းစရာရှိတော့မှ ကျွန်တော့်ကိုခေါ်တယ်၊ ဒီလိုထွက်လာရတော့ ရုံးက ကျွန်တော့် အလုပ်တွေ လစ်ဟင်းမယ်လို့များ မတွေးမိဘူးလား'*

*'မင်းကလဲ ဟိုဒင်းခြောက်ကို ရေနွေးနေပြန်ပြီ '*

*'ကျွန်းပင်ကြီးဆီ သွားခါနီး ဆရာပြောတာ မှတ်မိသေးတယ်။ တွတ်ပီရေ လမ်းမှာများ ငါသေသွားရင် ကျွန်းပင်ကြီးကို စိတ်စွဲပြီး အဲဒီအပင်ကြီးမှာ အစောင့်ဖြစ်မှာ။ မင်းတို့ သစ်တောသမားတွေက ဒီအပင်ကြီးကို စောင့်ရှောက်ဖို့၊ ဒီတော ဒီတောင်ကို စောင့်ရှောက်ဖို့ တောင်းပန်ပြီး အမွေးတိုင်၊ ဖယောင်းတိုင်လေးနဲ့ ပူဇော်ကြမှာ မြင်ယောင်သေးတယ် ဆိုတာလေ '*

*'အဲဒါဘာဖြစ်လဲ '*

*'ဆရာရှိရင် ကျွန်းပင်ကြီးဆီ ကျွန်တော် ရောက်မှာ'*

*'ဟေ အေဘေး၊ မင်းက ကျွန်းပင်ကြီးဆီ သွားချင်တာနဲ့ ငါက သေပေးရဦးမယ်ပေါ့ '*

မိမိက လက်သီးဖြင့် သူ့မျက်နှာကို ထိုးမည့်ဟန်ပြုသည်။

နောက်ဘက်ခုံတန်းမှ ဖိုးတရုတ်က မတ်တပ်ရပ်လိုက်ပြီး သူ့ရှေ့က တွတ်ပီကို '*ဘယ်နားနာသွားလဲ ဦးတွတ်ပီ* ' ဟု ပြောင်စပ်စပ်မျက်နှာဖြင့် မေးသည်။

'*ဒါကြီးနဲ့ ကွယ်လိုက်တာပေါ့* ' ဟု သူ့လက်ထဲက မိမိရဲ့ဂုဏ်ပြုကဒ်မှန်ဘောင်ကြီးကို တွတ်ပီက ထောင်ပြသည်။

မိမိစကားလုံးကိုလည်း ယူသုံးလိုက်သေးသည်။

*'ဘယ်ရမလဲ ဖိုးတရုတ်ရယ်*

*ကုလား ကံကောင်း ပါတယ်* ' တဲ့ ။။

## ကျေးဇူးမှတ်တမ်း

ဤစာအုပ်ပါ စာစုများအား စတင်ရေးသားဖြစ်သည်မှ အချောသတ်ပြီးစီးသည်အထိ ကွန်ပျူတာစာစီခြင်း၊ ဓာတ်ပုံမှတ်တမ်းများ စုစည်းပေးခြင်းတို့ကို စိတ်ရောကိုယ်ပါ ဆောင်ရွက်ပေးသည့်အပြင် စာအုပ်အမည်ကို အကြံပြုပေးပါသော ဦးမင်းဆုအောင်၊ တောခေါင်း၊ ရှမ်းပြည်နယ် သစ်တောဦးစီးဌာနအားလည်းကောင်း၊ အခါအားလျော်စွာ စာစီစာရိုက် ကူညီပေးပါသော ဒေါ်ခင်နှင်းသက်၊ တောအုပ်ကြီး၊ ရှမ်းပြည်နယ် သစ်တောဦးစီးဌာနအားလည်းကောင်း၊ Online မှ ပေးပို့လိုက်သော စာမူကြမ်းများအား စိတ်ရှည် လက်ရှည် ဖတ်ရှု၍ အချိတ်အဆက် မိ၊ မမိ၊ စာသားများ ပြေပြစ်ခြင်း ရှိ၊ မရှိ စာလုံးပေါင်းသတ်ပုံ မှန်၊ မမှန် စိစစ်အကြံပြုပါသော ဦးထင်လင်းအောင်၊ ဦးစီးအရာရှိအားလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးမှ အထောက်အထားများအား ရှာဖွေပေးပို့ပေးပါသော ဦးသိန်းလွင် (တွတ်ပီ)၊ တောအုပ်ကြီးအားလည်းကောင်း၊ အကြီးဆုံး ကျွန်းပင်ကြီးရှာဖွေရေးခရီးစဉ်တွင် အတူလိုက်ပါခဲ့ပြီး စီစဉ်ရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့စဉ်က ဓာတ်ပုံမှတ်တမ်းများနှင့် အချက်အလက်များကို ပေးပို့ပေးပါသော သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးမှ ဦးအေးချမ်းဖြိုး၊ ဦးစီးအရာရှိ (ယခင် ဟုမ္မလင်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ) အားလည်းကောင်း၊ စာမူကြမ်းကို အသံထွက်ဖတ်ကြားပေးသော မြန်မာနိုင်ငံသစ်တောကျောင်း သင်တန်းသား ဦးရန်နိုင်ထွန်းအားလည်းကောင်း အဆိုပါပုဂ္ဂိုလ်များ၏ ကူညီပေးမှုအစုစုကို မမေ့မလျော့ရှိနေမည်ဖြစ်ပါကြောင်း ကျေးဇူးမှတ်တမ်းတင် အပ်ပါသည်။



ဟုမ္မလင်း(၁)



ဟုမ္မလင်း(၂)

PDF Compressor Free Version



# *Trichoderma* spp. နှင့် သစ်တောဂေဟစနစ်

ကြည်ကြည်တီယာလ်နှင်း -UFES

ယနေ့ခေတ် ကမ္ဘာတဝှမ်းရှိသဘာဝတောနှင့် သစ်တောစိုက်ခင်းများတွင် သစ်တောသစ်ပင်များကို ရောဂါဖြစ်စေတတ်သည့် အဏုဇီဝသက်ရှိတို့သည် ဂေဟစနစ်တစ်ခု၏ သော့ချက်ဖြစ်လာပါသည်။ တစ်ဖက်တွင်လည်း ၎င်းတို့သည် အပင်မျိုးစိတ်ကွဲပြားခြင်း (plant species diversity) နှင့်ပျံ့နှံ့ခြင်း (Distribution) များကို ထိန်းညှိရာတွင် အရေးပါသည့်အခန်းမှ ပါဝင်သည်ကိုတွေ့ရပြန်သည်။ သို့သော် လွန်ခဲ့သော ၂၀ ရာစုအစပိုင်းမှစ၍ အထက်ကဆိုခဲ့သည့်အတိုင်း သဘာဝတောနှင့် သစ်တောစိုက်ခင်းများတွင် ကမ္ဘာတစ်ဝှမ်းရောဂါများ တိုးပွားပေါ်ပေါက်လာကြောင်းသုတေသနရလဒ်များကဖော်ပြခဲ့ပါသည် (Gazis, 2011 နှင့် Luisa et al., 2016)။

အဆိုပါသစ်တောသစ်ပင်များတွင် ကျရောက်သည့် ရောဂါများသည် လက်ရှိနှင့်အနာဂါတ်သစ်တောဂေဟစနစ်ကို ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်းနှင့်အတူ တွဲ၍ ခြိမ်းခြောက်နေပေသည်။ သစ်တောဂေဟစနစ်များတွင် တိုးပွားပေါ်ပေါက်လာသည့် ရောဂါပိုးမွှားများကို ထိန်းချုပ်ကာကွယ်ရန် ခက်ခဲလျက်ရှိနေဆဲပင်ဖြစ်သည်။ သစ်တောသစ်ပင်များသည် စိုက်ပျိုးသီးနှံများကဲ့သို့မဟုတ်ဘဲ နှစ်ရှည်ပင်များဖြစ်သဖြင့် အသုံးပြုမည့်ကာကွယ်ထိန်းချုပ်သည့် နည်းစနစ်မဟာဗျူဟာများသည် အပင်ကြီးထွားရာသီဥတုသာမက ကြာရှည်ထိရောက်မှုရှိရန်လိုအပ်ပါသည်။ အပင်၏အနှစ်သား (heart wood) များတွင်ကျရောက်တတ်သောရောဂါပိုးမွှားများသည် ညှို့ခံပင်အတွင်း၌ သို့မဟုတ် အမြစ်ဝန်းကျင် (Rhizosphere) တွင် နှစ်ပေါင်းများစွာ နှိုအောင်းရှင်သန်နေထိုင်လေ့ရှိသည် (ဥပမာ- *Armillaria* spp.)။ အရွက်တွင်ကျရောက်တတ်သည့် သံချေးမှို(Rust) နှင့် Powdery mildew မှိုတို့သည် အဖူးများ၊ ရွက်ကြွေများနှင့် အမှိုက်သရိုက်များကြားတွင် ကျက်စားရင်း အပင်တို့၏ အရွက်များသို့ အကြိမ်ကြိမ်ကူးစက်လျက်ရှိသည်။ ပိုးသတ်ဆေးများသုံး၍ ရောဂါနှိမ်နှင်းခြင်းသည် ပျိုးခင်းဘဝတွင်သာ အသုံးများသည်။ ဓာတုပိုးသတ်ဆေးများသည် မိမိတို့ မဦးတည်သော သက်ရှိနှင့်ရေမြေတို့ကို ထိခိုက်သဖြင့် ယခုအခါ ဂေဟစနစ်၊ ပတ်ဝန်းကျင်တို့ကို မထိခိုက်သည့်ဓာတုပိုးသတ်ဆေး အစားထိုးနည်းလမ်းများကို သိပ္ပံသုတေသီများက ရှာဖွေတွေ့ရှိအသုံးပြုလာကြပြီဖြစ်ပါသည်။ ထိုသို့ဖြင့် သက်ရှိများကို အခြားသက်ရှိတစ်ခုဖြင့် ကာကွယ်ထိန်းချုပ်သည့် Biological control (BC) သည် စိုက်ပျိုးရေးလောကနှင့် သစ်တောစိုက်ခင်းကဏ္ဍတွင် ခေတ်စားလာပါသည်။ Biological control လောကတွင် *Trichoderma* မှိုသည် အအောင်မြင်ဆုံးနှင့် အထိရောက်ဆုံး အသုံးပြုသည့် Biocontrol agent (BCA) ဖြစ်လာသည်။ *Trichoderma* spp. တို့သည် မြေအောင်းနေ (Soil borne) မှိုဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းနှင့် သစ်တောသစ်ပင်ပျိုးခင်းများ (Forest nurseries) ရှိ ရောဂါပိုးမွှားများ နှိမ်နင်းရာတွင် တွင်ကျယ်စွာ အသုံးပြုလာကြသည်။ အနောက်နိုင်ငံများတွင် ထင်းရှူးစိုက်ခင်းများ၌ကျရောက်သည့် Armillaria root rot အမြစ်ရောဂါ၊ အရွက်ရောဂါ၊ အသီးရောဂါများကို နှိမ်နင်းရာတွင် အောင်မြင်ကျေနပ်စွာ အသုံးချကြကြောင်း သိရပါသည် (Guillaumin, 2013 နှင့် Sivasithamparam et al., 2019) ။

မျိုးစု *Trichoderma* သည် Hypocreaceae မျိုးရင်းမှဖြစ်သည်။ ကြီးထွားမြန်အဏုဇီဝမျိုးဖြစ်ပြီး ငါးရက်အတွင်း အရွယ်ရောက်မျိုးပွားနိုင်သည်။ ထို့အပြင် ရေမြေမရွေးနိုးပါးကျက်စားရှင်သန်နိုင် (Cosmopolitan fungal genus) ပြီး အစာမရွေးပေ။ မြေဂေဟစနစ်တစ်ခုတွင် *Trichoderma* များ အောင်မြင်စွာပေါက်ရောက်ပွားများနိုင်ခြင်းမှာ ၎င်းတို့၏ လျင်မြန်စွာကြီးထွားနိုင်ခြင်း၊ အစာအာဟာရ စုပ်ယူနိုင်သည့်စွမ်းအားကောင်းခြင်း၊ အမြစ်ဝန်းကျင် (Rhizosphere)တွင် အခြားသက်ရှိများကို ယှဉ်ပြိုင်၍ လွှမ်းမိုးနိုင်စွမ်းရှိခြင်း၊ ၎င်းတို့ရှင်သန်ပေါက်ပွားခြင်းနှင့် မကိုက်ညီသည့်ပတ်ဝန်းကျင်အခြေအနေ (Unfavorable environment condition) အမျိုးမျိုးကို ခုခံကျော်လွှားနိုင်စွမ်းနှင့်အပင်ရောဂါဖြစ်စေသည့် မှိုမှအစ အခြားအဏုဇီဝများကို ဖျက်စီးသေစေနိုင်စွမ်းတို့ကြောင့်ဖြစ်သည်။ အခြားအဏုဇီဝတို့နှင့် ယှဉ်ပြိုင်စွမ်းအားလည်း (Ability to compete) အလွန်ကောင်းသည်။ ဈေးကွက်အတွက် ထုတ်ကုန် (Product) အဖြစ် ပြင်ဆင်ထုပ်ပိုးရန်လွယ်ကူသည်။

PDF Compressor Free Version



(က)



(ခ)



**သဘာဝတွင် တွေ့ရသော** *Trichoderma* spp. **ကိုလိုနီ (က) နှင့် ဓာတ်ခွဲခန်းတွင်မွေးထားသည့်** *Trichoderma* **ကိုလိုနီအမျိုးမျိုး (ခ)**

မျိုးစု *Trichoderma* တွင် မျိုးစိတ်နှင့်မျိုးကွဲပေါင်းများစွာရှိသည်။ *Trichoderma* တို့၏ထူးခြားချက်မှာ အောက်ပါအတိုင်းဖြစ်သည်။ တချို့မှိုအများစုသည် အပင်များကို ရှင်သန်ကြီးထွားစေနိုင်သကဲ့သို့ တစ်ဖက်တွင်လည်း ရောဂါဖြစ်စေသည်။ သို့သော် *Trichoderma* မှိုသည် အပင်များကို ရောဂါဖြစ်စေခြင်းမရှိဘဲ အပင်ရောဂါပိုးမွှားများကို တိုက်လှန် နှိမ်နင်းပေးသည့်အပြင် အပင်များ ရှင်သန်ကြီးထွားမှုကို ထူးခြားစွာအားပေးသည်။ ထို့ကြောင့် ၎င်းမှိုကို ဇီဝမြေသြဇာ (Biofertilizer) အဖြစ်တွင်ကျယ်စွာ အသုံးပြုကြကြောင်းသိရသည်။ အခြားသက်ရှိများ (ရောဂါပိုးမွှားများ)သည် အပင်၏ခန္ဓာအတွင်းသို့ဝင်ရောက်သည့်အခါ အပင်တို့ကလည်း တစ်စုံတစ်ခု (Enzymes, chemicals, metabolites) ကို ထုတ်၍ တန်ပြန် တုံ့ပြန်(Interact) ပါသည်။ အပင်များသည် ပြောင်းလဲသွားသော ပတ်ဝန်းကျင်အခြေအနေ (Environmental factors) ကို တုံ့ပြန်တိုက်ထုတ်ရန် Callose ဟုခေါ်သည့်အရာကို ထုတ်လွှတ်ကြသည်။ အခြားသက်ရှိများ အထူးသဖြင့် မှိုပိုးမွှား (Fungal pathogens)တို့သည် အဆိုပါ Callose ကိုကျော်ဖြတ်ပြီး အပင်အတွင်းသို့ ဆက်လက်ဝင်ရောက်ကာ အပင်ကို ရောဂါဖြစ်စေနိုင်ကြသော်လည်း *Trichoderma* တို့သည် အပင်တို့၏ Callose ကို ကျော်ဖြတ်နိုင်စွမ်းမရှိသဖြင့် အပင်ကိုဆက်လက်၍ ရောဂါမဖြစ်စေနိုင်ပါ။ အပင်များကို ရောဂါဖြစ်စေမည့်အစား အပင်ရောဂါပိုးမွှားများ (ဥပမာ – Fungi and bacteria) များ၏ ကြီးထွားမျိုးပွားခြင်းကို ချုပ်နှိမ်ဟန့်တားသည့်အပြင် ဟော်မုန်းများထုတ်၍ အပင်ကြီးထွားမှုကို အားပေးထိန်းညှိပေးသည် (Chang et al., 1986 )။ ထို့ကြောင့် သိပ္ပံပညာရှင်များက *Trichoderma* များကို ဇီဝမြေသြဇာ (Biofertilizer)၊ ဇီဝပိုးသတ်ဆေး (Biopesticide)၊ ဇီဝမှိုသတ်ဆေး (Biofungicide)၊ အပင်ကြီးထွားစေသူ(Growth enhancer) နှင့်အပင်တို့၏ သဘာဝခုခံအားစနစ်ကို လှုံ့ဆော်ပေးသူ (Stimulant of natural resistance) အဖြစ် အသုံးပြုကြသည် (Barratt *et al.*, 2018)။ *Trichoderma* တို့သည် အခြားသော အဏုဇီဝများကို တိုက်လှန်ရာတွင် အထူးသဖြင့် မှိုမှိုခြင်း ကပ်ပါးပြုခြင်း (Mycoparasitism) ပုံ–(ဂ)၊ ယှဉ်ပြိုင်ခြင်း (Competition) ပုံ–(ဃ) (Khin Kyi, 2019) နှင့် တုံ့ပြန်တိုက်လှန်ခြင်း (Antagonism) နည်းတို့ဖြင့် လွှမ်းမိုးအနိုင်ယူကြောင်းတွေ့ရသည် (Hussai net al., 2012) ။ *Trichoderma* တို့သည် စိုက်ပျိုးရေးလုပ်ငန်း၊ သစ်တောစိုက်ခင်းများနှင့် သဘာဝစောင့်ရှောက်တောများတွင် ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် အရေးပါသကဲ့သို့ ဓာတုပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးတို့မှ ကြွင်းကျန်သည့် အဆိပ်အတောက်များကို ပျက်ပြယ်စေနိုင်စွမ်း (Ability to detoxify) ရှိသဖြင့် သဘာဝပတ်ဝန်းကျင်သန့်စင်စေခြင်း (Bioremediation) တွင်လည်း အလွန်အရေးပါသည် (Ashraf et al., 2015 နှင့် Brunner et al., 2019 )။ ထို့ကြောင့် *Trichoderma* spp. တို့သည် သဘာဝအတိုင်းသော်လည်းကောင်း၊ လူလုပ်နည်းဖြင့် (artificially) သော်လည်းကောင်း တနည်းနည်းဖြင့် သစ်တောဂေဟစနစ်နှင့် ပတ်ဝန်းကျင် ကျန်းမာသန်စွမ်းရေးတွင် အရေးပါလှပါသည်။




ပုံ- (ဂ) မှိုမှိုခြင်းကပ်ပါးပြုခြင်း (Mycoparasitism)




ပုံ- (ဃ) ယှဉ်ပြိုင်လွှမ်းမိုးခြင်း (Competition)

'မှတ်ချက်။ ပုံများကို စာရေးသူ၏ PhD သုတေသနရလဒ် ပုံများမှအသုံးပြုထားသည် ။'

စာမျက်နှာ (၄၁) သို့

PDF Compressor Free Version



# မြန်မာ့ရွေးချယ်ခြင်းစနစ်ဖြင့် သစ်ထုတ်ခြင်း

စီမံကိန်းနှင့်စာရင်းအင်းဌာန

ယခင်လမှအဆက်

**၈။ ပုံစံ(၈)စာရင်းဝင် ဖမ်းဆီးသစ်များ လွှဲပြောင်းပေးအပ်ခြင်း**

ဒေသအသီးသီးတွင်တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့၊ သစ်တောဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များမှ တရားမဝင်သစ်များလုပ်ကိုင်ဆောင်ရွက်မှုကို ဖော်ထုတ်ဖမ်းဆီးအရေးယူလျက်ရှိပါသည်။ ထိုသို့ဖမ်းဆီးရမိပြီး သစ်တောဦးစီးဌာန၏ ပုံစံ(၈)ဝင်ဖမ်းဆီးသစ်များအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်အရ ပြည်ပရောင်းတန်းဝင်ကျွန်းနှင့် သစ်မာများနှင့် စက်မှုကုန်ကြမ်းအဖြစ် အသုံးပြုနိုင်သည့် ကျွန်းနှင့် သစ်မာများအား မြန်မာ့သစ်လုပ်ငန်းသို့ လွှဲပြောင်းပေးအပ်ခြင်းကို ဌာန(၂)ခုတို့မှ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**၉။ သစ်တောအခွန်တော်ကောက်ခံခြင်း**

(၁) မြန်မာ့သစ်လုပ်ငန်း၏ ကျွန်းနှင့်သစ်မာသစ်များ ထုတ်လုပ်မှုအပေါ် အခွန်ငွေကောက်ခံခြင်းကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ(၁၂)ရက်နေ့တွင် ကျင်းပပြုလုပ်သော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ၏ ၂၁/၂၀၁၇ ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ သစ်တောဦးစီးဌာန၏ ၂-၈-၂၀၁၇ ရက်စွဲပါစာအမှတ်၊ လင/ အခ/၀၀၇၈ (၉၇၃၆/ ၂၀၁၇) ဖြင့် အောက်ဖော်ပြပါ အခွန်ငွေနှုန်းထားများအတိုင်း ကောက်ခံရန် အကြောင်းကြားလာသဖြင့် ၁-၁၀-၂၀၁၇ ရက်မှ ယနေ့အထိ အခွန်တော်စည်းကြပ်ကောက်ခံလျက်ရှိပါသည်-

| အမှတ်စဉ် | သစ်တောထွက်ပစ္စည်းအမည် | ရေတွက်ပုံ | အခွန်နှုန်းထား (ကျပ်) |
|---|---|---|---|
| ၁။ | ကျွန်း | သစ်လုံးတစ်တန် | ၃၀၀၀၀ |
| ၂။ | သစ်မာအုပ်စု(၁) | | |
| | (က) ပိတောက်/တမလန်း | ။ | ၃၀၀၀၀ |
| | (ခ) ပိတောက်/တမလန်းမှအပ | ။ | ၂၀၀၀၀ |
| ၃။ | သစ်မာအုပ်စု(၂) | ။ | ၁၀၀၀၀ |
| ၄။ | သစ်မာအုပ်စု(၃)(၄)(၅) | ။ | ၆၀၀၀ |

(၂) မြန်မာ့သစ်လုပ်ငန်းသို့ လွှဲပြောင်းပေးအပ်သော ပုံစံ(၈)ဝင်ကျွန်းနှင့် သစ်မာသစ်များအပေါ် သစ်လုံးနှင့် ခွဲသားများကိုကြမ်းခင်းဈေးနှုန်းများဖြင့် အခွန်တော်စည်းကြပ်ကောက်ခံရန် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ(၁၂) ရက်စွဲပါ စီမံခန့်ခွဲမှုကော်မတီ၏ ၂၁/၂၀၁၇ ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ ဈေးနှုန်းများအတိုင်း အခွန်တော်ကောက်ခံလျက်ရှိပါသည်-

| စဉ် | သစ်မျိုး | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|---|
| ၁။ | ကျွန်းသစ်လုံး | တစ်တန် | ၁၅၀၀၀၀၀ |
| ၂။ | ကျွန်းခွဲသား | တစ်တန် | ၃၀၀၀၀၀၀ |
| ၃။ | သစ်မာအုပ်စု(၁)သစ်လုံး | | |
| | (က)ပိတောက်/တမလန်း | တစ်တန် | ၁၅၀၀၀၀၀ |
| | (ခ) ပိတောက်/တမလန်းမှအပ | တစ်တန် | ၁၀၀၀၀၀၀ |
| ၄။ | သစ်မာအုပ်စု(၁)ခွဲသား | | |
| | (က)ပိတောက်/တမလန်း | တစ်တန် | ၃၀၀၀၀၀၀ |
| | (ခ) ပိတောက်/တမလန်းမှအပ | တစ်တန် | ၂၀၀၀၀၀၀ |
| ၅။ | သစ်မာအုပ်စု(၂) | | |
| | သစ်လုံး | တစ်တန် | ၅၀၀၀၀၀ |
| | ခွဲသား | တစ်တန် | ၁၀၀၀၀၀၀ |
| ၆။ | သစ်မာအုပ်စု(၃)(၄)(၅) | | |
| | သစ်လုံး | တစ်တန် | ၃၅၀၀၀၀ |
| | ခွဲသား | တစ်တန် | ၇၀၀၀၀၀ |

(၃) မြန်မာ့သစ်လုပ်ငန်းသို့ အကောက်ရိုက်မှတ်ပြီး လွှဲအပ်ခဲ့သော ကျွန်းနှင့်သစ်မာနှင့်ပတ်သက်၍ နှစ်ဦးသဘောတူလက်ခံစာရင်း (A/S)အား ပုံစံ(၅)ကျွန်းသစ်၊ ပုံစံ(၆/က) သစ်မာ ကိုင်းဖျားကိုင်းနား/ မျောပုံစံဖြင့် (၂)ဌာနတာဝန်ခံများမှ စိစစ်၍ သဘောတူလက်မှတ်ရေးထိုးအတည်ပြုပါသည်။

(၄)ခရိုင်သစ်တောဦးစီးဌာနများမှ ဆိုင်ရာမြန်မာ့သစ်လုပ်ငန်း(သစ်ထုတ်ရေး)တာဝန်ခံများနှင့် နှစ်ဦး သဘောတူလက်မှတ်ရေးထိုးပြီးသော(A/S) များကို သစ်တောဦးစီးရုံးချုပ်သို့ ပေးပို့တင်ပြပါသည်။

(၅)ယင်း(A/S)များကို စုစည်း၍ သစ်တောဦးစီးဌာန (ရုံးချုပ်)မှ မြန်မာ့သစ်လုပ်ငန်း (ရုံးချုပ်)သို့ အခွန်တော်ပေးသွင်းရန် ငွေသွင်းချလံပြုစုပေးပို့ တောင်းခံပါသည်။

PDF Compressor Free Version


(၆) မြန်မာ့သစ်လုပ်ငန်းမှ ငွေသွင်းပြီးကြောင်း ချလံများအား သစ်တောဦးစီးဌာန(ရုံးချုပ်)သို့ ပြန်လည်ပေးပို့လာချိန်တွင် မူလ(A/S)စာရင်းများဖြင့် စိစစ်၍ စာရင်းခုနှိမ်ပယ်ဖျက်ခြင်းနှင့် အခွန်တော်ရငွေစာရင်းပြုစုခြင်း ဆောင်ရွက်ပါသည်။

## ည။ တွေ့ကြုံရသည့်အခက်အခဲနှင့်လိုအပ်ချက်

သစ်ထုတ်လုပ်ခြင်းကိစ္စရပ်များတွင် အောက်ပါအခက်အခဲနှင့်လိုအပ်ချက်များအရ လုပ်ငန်းများ ဆောင်ရွက်ရာ၌အားနည်းမှုရှိနေပါသည်။

(၁) ပင်ထောင်ရိုက်မှတ်ပေးသည့်ကျွန်းစိုပင်များကို နှစ်အတွင်း အပြီးခုတ်လှဲထုတ်လုပ်ရန် လိုအပ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် နှစ်အတွင်း အပြီး ခုတ်လှဲနိုင်ခြင်းမရှိပါက နောက် တစ်နှစ် သစ်ထုတ်ရာသီတွင် ထုတ်လုပ်နိုင်မှသာလျှင် သစ်တောခရိုင်များတွင် နှစ်စေ့ပြီး ကျွန်းခြောက်ပင်ထောင် (Ripe Girdling)နှင့် ကျွန်းစိုလက်ကျန်ပင်ထောင်များလျော့နည်းသွားမည် ဖြစ်ပါသည်။

(၂)မြန်မာ့သစ်လုပ်ငန်းမှ နှစ်စဉ်ပင်ထောင်အသစ်တောင်းခံလာတိုင်း ကျွန်းသင်း/ကျွန်းစို ပင်ထောင်လက်ကျန်စာရင်းကို ပြန်လည်စိစစ်၍ လက်ကျန်များ ထုတ်ယူသွားနိုင်ရေး ညှိနှိုင်းရန် လိုအပ်ပါသည်။ ယခင် ပင်ထောင်လက်ကျန်များ ခုတ်လှဲရုံဖြင့် ၎င်းတို့၏ လျာထားချက်မပြည့်မီသဖြင့် ကျွန်းစိုပင်ထောင် ထပ်မံရိုက်ပေးရန် လိုအပ်လာမည်ဆိုလျှင် ၎င်းတို့တောင်းခံလာသော ကြိုးဝိုင်း/အကွက်များသည် ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းတွင် ပါဝင်မှုရှိ/မရှိ၊ မိမိတို့ခရိုင်၏ ကျွန်း AAC နှင့် ကိုက်ညီမှု ရှိ/မရှိ ပြန်လည်စိစစ်ရန်နှင့် စီမံကိန်းအစီအစဉ်တွင် ပါဝင်လျှင်သော်လည်းကောင်း၊ ခရိုင်၏ ကျွန်း AAC ထက်ပိုမို၍ ပင်ထောင်ရိုက်မှတ်ပေးရမည်ဆိုလျှင်သော်လည်းကောင်း၊ ကျွန်းစိုပင်ထောင်ရိုက်မှတ်ခြင်းကို အထက်သို့ တင်ပြခွင့်ပြုချက်ရယူပြီးမှ ဆောင်ရွက်ရပါမည်။

(၃) မြန်မာ့သစ်လုပ်ငန်းသစ်ထုတ်ရေးဒေသတာဝန်ခံများမှ နှစ်မစေ့(Unripe) သင်းသတ်ပင်/ ကျွန်းခြောက်ပင်ထောင်များခုတ်လှဲခွင့်ပြုရန်လိုလာပါလျှင် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် သစ်တောဦးစီးဌာနထံထုတ်ယူလိုသည့် ကြိုးဝိုင်း၊ အကွက်၊ ရိုက်မှတ်ခဲ့သောခုနှစ်များဖော်ပြပြီး ခုတ်လှဲခွင့် ညှိနှိုင်းတင်ပြရန်နှင့် တစ်ချိန်တည်းမှာပင် မြန်မာ့သစ်လုပ်ငန်းရုံးချုပ်သို့ တင်ပြရန်၊ တိုင်းဒေသကြီး/ ပြည်နယ် သစ်တောဦးစီးဌာနများမှလည်း ဦးစီးရုံးချုပ်သို့ တင်ပြပြီး ဌာန(၂)ခု ညှိနှိုင်း၍ ဦးစီးရုံးချုပ်၏ ခွင့်ပြုချက်ရရှိမှသာ ယင်းနှစ်မစေ့ပင်များ ခုတ်လှဲရမည်ဖြစ်ပါသည်။

(၄) ထို့အတူ မတရားသင်းသတ်ပင်များ (Illicit Girdling) ကျွန်းအခြောက်ပင်ထောင်များတွေ့ရှိပါက တွေ့ရှိသည့် ကြိုးဝိုင်း၊ အကွက်နှင့်ပင်ထောင် အရေအတွက်ဖော်ပြ၍ တိုင်းဒေသကြီး/ ပြည်နယ် သစ်တောဦးစီးဌာနထံ ပင်ထောင်ရိုက်မှတ်ပေးရန် အကြောင်းကြားပြီး မတရားသင်းသတ်/ကျွန်းခြောက်ပင်ထောင်များကို ဌာန(၂)ခုမှ ဝန်ထမ်းများ ပူးပေါင်းကွင်းဆင်းစစ်ဆေးပြီး ပင်ထောင်ရိုက်မှတ်ပေးရန်နှင့် ပင်ထောင်ရိုက်မှတ်ပြီးပါက ဦးစီးရုံးချုပ်သို့ တင်ပြခွင့်ပြုချက်ရယူပြီးမှ ခုတ်လှဲရမည်ဖြစ်ပါသည်။

(၅) ကျွန်းသင်းသတ်၊ ကျွန်းစိုရိုက်မှတ်ခြင်းနှင့် သစ်မာပင်ထောင်ရိုက်မှတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျွန်းအထူးစိုက်ခင်းလုပ်ငန်းများ၊ သစ်ထုတ်လုပ်ငန်းများ၊ သစ်တောမှုခင်းများ၊ အထူးစီမံကိန်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ များပြားသော တိုင်းဒေသကြီး/ပြည်နယ် အချို့၌ တောတွင်းလုပ်ငန်းများအတွက် ဝန်ထမ်းအင်အား လုံလောက်ခြင်းမရှိ၍ လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန် အခက်အခဲရှိပါသည်။

(၆) ကျွန်းသင်းသတ်၊ ကျွန်းစိုရိုက်မှတ်ခြင်းနှင့် သစ်မာပင်ထောင်ရိုက်မှတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ချန်ပင်တိုင်းတာခြင်း၊ အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း၊ နွယ်ဖြတ်ညောင်ပတ်လှဲခြင်း၊ အုပ်မိုးကာဆိုင်းခုတ်လှဲခြင်းလုပ်ငန်းများကို တစ်ပါတည်းဆောင်ရွက်ရပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ဝန်ထမ်းခရီးစရိတ်အပါအဝင် စခန်းချခ၊ စခန်းစောင့်ခ၊ စခန်းသုံးနှင့် လုပ်ငန်းသုံးပစ္စည်းဝယ်ခြင်းနှင့် သယ်ယူပို့ဆောင်ခများအပါအဝင် ဌာနမှ ခွင့်ပြုနိုင်သည့်စံနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | လုပ်ငန်းအမည် | တစ်ပင်ခွင့်ပြုစံနှုန်း(ကျပ်) |
|---|---|---|
| ၁။ | ကျွန်းစိုရိုက်မှတ်ခြင်း | ၁၀၀၀ |
| ၂။ | သစ်မာပင်ထောင်ရိုက်မှတ်ခြင်း | ၇၅၀ |

## ဋ။ အကြံပြုတင်ပြချက်

(၁) ကျွန်းနှစ်စဉ်တောထွက် AAC လျော့နည်းခြင်းအကြောင်းရင်းတစ်ချက်မှာ သစ်တောခရိုင်များတွင် နှစ်စေ့ပြီး ကျွန်းခြောက်ပင်ထောင်(Ripe Girdling)/ သင်းပင်လက်ကျန်ရှိသော်လည်း သစ်ထုတ်လုပ်ရန် ခက်ခဲသဖြင့် ထုတ်လုပ်ဆောင်ရွက်ခြင်းမရှိပါ။

PDF Compressor Free Version



(၂) မြန်မာ့သစ်လုပ်ငန်းမှ သစ်ထုတ်ရေးဒေသအလိုက် ထုတ်ရန် လျာထားချက်ပြည့်မီရေးအတွက် ကျွန်းစိုရိုက်မှတ်ရန် တောင်းခံလာလျှင် ကျွန်းသင်း/ ကျွန်းစိုပင်ထောင်လက်ကျန်စာရင်းကို ပြန်လည်စိစစ်၍ လက်ကျန်သစ်များ ဦးစွာခုတ်လှဲယူသွားရန် ဌာန (၂)ခု ညှိနှိုင်းပြီးမှ လျာထားချက်ပြည့်မီရန် ထပ်မံလိုအပ်လာမည်ဆိုလျှင် ပင်ထောင်အသစ်ရိုက်မှတ်ပေးရန်လိုအပ်မည်ဟု သုံးသပ်မိပါသည်။

(၃) နှစ်စဉ် သစ်ထုတ်ရေးစီမံကိန်းရည်မှန်းချက်များ ပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျွန်းသင်း/ကျွန်းစိုပင်ထောင်ခုတ်လှဲရုံဖြင့် လျာထားချက်မပြည့်မီပါက ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းအစီအစဉ်တွင် ပါဝင်မှုမရှိသည့် ကြိုးဝိုင်း၊ အကွက်များဖြစ်နေလျှင် ယင်းအကွက်တစ်ခုချင်း၏ နောက်ဆုံး ကျွန်းသင်းသတ်ခဲ့သည့်ခုနှစ်ကို ပြန်လည်စိစစ်ပြီး အနည်းဆုံး(၁၅)နှစ်နှင့်အထက် ကြာရှိပါက အဆိုပါ အကွက်များအတွင်း ကျွန်းစိုပင်ထောင်ရိုက်မှတ်ခြင်းကို အထက်သို့ တင်ပြခွင့်ပြုချက်ရယူဆောင်ရွက်နိုင်မည်ဟု သုံးသပ်မိပါသည်။

(၄) သစ်တောရေးရာဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ၏ ၁၃-၁၀-၁၉၉၅ နေ့တွင် ကျင်းပပြုလုပ်သော (၁၂/၉၅) ကြိမ်မြောက် ပြည်တွင်းသုံး အတန်းအစား (Domestic Quality)အား အောက်ပါအတိုင်း သတ်မှတ်ထားပါသည်။

–ခါးလည်လုံးပတ်(၃)ပေ (၆)လက်မနှင့်အထက်၊ ကုဗပေ (၁၀)နှင့် (၁၈)ကြားရှိ ကျွန်းသစ်လုံးများ။

–ခါးလည်လုံးပတ်(၄)ပေအောက်၊ အလျား(၁၀) ပေအောက်၊ ကုဗပေ (၁၀)ပေအောက် (ကျွန်းသစ်လုံးများ၊ ကိုင်းဖျားကိုင်းနား သတ်မှတ်ချက် သုံးချက်စလုံးနှင့် ကိုက်ညီရပါမည်။)

(၅)ကျွန်းပယ်သစ်ဟုသောအခေါ်အဝေါ်မှာ ပြည်တွင်းသုံးအတန်းအစား (Domestic Quality)မဝင်သဖြင့် မြန်မာ့သစ်လုပ်ငန်းမှ မထုတ်ယူလို၍ တောတွင်း၌ချန်ထားသော (Jungle Rejection)သစ်များကို ဆိုလိုခြင်း ဖြစ်ပါသည်။

(၆) သစ်ထုတ်ရေးဌာနက Form AJ ဖြင့် သစ်ကွက်ပြန်လည်အပ်နှံရာတွင် မှတ်ပယ်ပင်များကို ပင်ထောင်ကျန်စာရင်းမှပယ်ဖျက်ခွင့်ပြုပါရန် တင်ပြနေသည့် အခြေအနေများ ဖြစ်ပေါ်နေပါ၍ Form AJ ပါ မှတ်ပယ်ပင်များကို ပင်ထောင်ကျန်အဖြစ် သတ်မှတ်၍ ခုနှိမ်ရိုက်မှတ် ဆောင်ရွက်သင့်ပါသည်။

(၇) ၎တ်စစ်ဆေးခြင်း၊ သစ်ကွက်စစ်ဆေးခြင်း၊ သစ်မထုတ်မီ/သစ်ထုတ်ပြီး သယံဇာတစာရင်း ကောက်ယူခြင်းလုပ်ငန်းများကို မပျက်မကွက်ဆောင်ရွက်ရန်လိုပါသည်။

မြန်မာ့ရွေးချယ်ခြင်းစနစ်အရ သစ်ထုတ်ရာတွင် အရွယ်ရောက်သောအပင်များကိုသာ ထုတ်ယူ၍ တိုးပွားနှုန်းကောင်းသောအပင်များကို ချန်ခဲ့သဖြင့် သစ်ထုတ်ယူပြီးသော်လည်း မြန်မာ့သဘာဝသစ်တောများ အစဉ်နပျိုလျက်ရှိကာ သစ်ထုတ်ပြီး နှစ်နှစ် သုံးနှစ်ကြာသွားလျှင် သစ်ထုတ်ထားသည်ဟု မထင်ရပေ။ သို့ရာတွင် ၁၉၇၅-၇၆ ခုနှစ်က စတင်သတ်မှတ်ခဲ့သော်လည်း နှစ်စဉ်တောထွက်များသည် တစ်နှစ်ထက်တစ်နှစ် လျော့နည်းကျဆင်းလာသဖြင့် နိုင်ငံတော်၏လိုအပ်ချက်၊ လူဦးရေ တိုးတက်များပြားမှု၊ ဒေသတွင်း ဆင်းရဲနွမ်းပါးမှု၊ မြို့ပြ တိုးချဲ့ထူထောင်မှုတို့ကြောင့် သစ်တောများပြုန်းတီးမှု အစရှိသည်တို့ကြောင့် အကြောင်းပြနိုင်သော်လည်း သစ်တောဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ဥပဒေချိုးဖောက်မှုတိုင်းကို ထိရောက်စွာအရေးယူခြင်း၊ သစ်ခုတ်လှဲထုတ်လုပ်ရာတွင် နီးရာဒေသ၊ လွယ်ကူရာဒေသအတွင်း ထုတ်လုပ်ခြင်းမပြုခြင်း၊ ခရိုင်အလိုက်ရေးဆွဲထားသည့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းတွင် ဖော်ပြထားသည့် အစီအစဉ်များအတိုင်း ထုတ်လုပ်ခြင်း၊ ပင်ထောင်ရိုက်မှတ်ပြီးအပင်များ ခိုးယူခုတ်လှဲပျောက်ဆုံးမှုများ မဖြစ်ပေါ်စေရေးအတွက် တားဆီးကာကွယ်ခြင်း၊ ကျွန်းစိုနှင့် သစ်မာပင်ထောင်များ နှစ်ချင်းထုတ်လုပ်ခြင်း၊ ပင်ထောင်ကျန်များ စနစ်တကျထုတ်လုပ်ခြင်း၊ ကန့်သတ်လုံးပတ်ပြည့်မီသောအပင်များကို မသမာသောစိတ်ဓာတ်ဖြင့် လုံးပတ်ပြည့်မီသည့်စာရင်းသို့ ခိုးယူသွတ်သွင်းမှုကို ရှောင်ကြဉ်ခြင်း၊ ဤသို့ပြုလုပ်မှုကို ထိရောက်စွာအရေးယူခြင်း၊ ဒေသအလိုက် သတ်မှတ်ထားသည့် AAC အသီးသီးထက် မည်သည့်နည်းနှင့်မျှ ကျော်လွန်ထုတ်လုပ်မှုများ မပြုလုပ်ခြင်း အစရှိသည့် အချက်များအပေါ် တိတိကျကျလိုက်နာဆောင်ရွက်မှုမရှိခြင်းတို့ကြောင့်ဖြစ်ပြီး နှစ်စဉ်တောထွက်လျော့နည်းလာနေသော်လည်း ကျွန်းကို နှစ်စဉ်တန် နှစ်သိန်းကျော် ထုတ်လုပ်လျက်ရှိသဖြင့် နိုင်ငံတော်အတွင်း ကျွန်းနှင့်သစ်မာ ထုတ်လုပ်မှုများကို တစ်ဖက်ဖော်ပြပါအကြောင်းအရင်းများအရ မြန်မာ့ရွေးချယ်ခြင်းစနစ်ဖြင့် သစ်ထုတ်ခြင်းအား တိတိကျကျလိုက်နာ ဆောင်ရွက်ရန် လိုအပ်လာပါသည်–

(က)သစ်တောသယံဇာတအရင်းအမြစ်များ ထိခိုက်လျော့နည်းလာပြီး နှစ်စဉ်တောထွက်ပမာဏလျော့နည်းကျဆင်းမှုမြင့်မားလာခြင်း၊

| စဉ် | ခုနှစ် | နှစ်စဉ်တောထွက်(ပင်) | |
|---|---|---|---|
| | | ကျွန်း | သစ်မာ |
| (က) | ၁၉၉၅-၁၉၉၆ | ၁၁၉၈၇၁ | ၁၁၁၅၉၈၁ |
| (ခ) | ၁၉၉၉-၂၀၀၀ | ၁၁၉၈၇၁ | ၁၁၁၅၉၈၁ |
| (ဂ) | ၂၀၀၁-၂၀၀၂ | ၁၂၄၅၅၁ | ၁၀၃၂၇၀၄ |
| (ဃ) | ၂၀၁၁-၂၀၁၂ | ၄၈၈၉၇ | ၈၁၇၃၄၃ |
| (င) | ၂၀၁၆-၂၀၁၇ | ၁၉၂၁၀ | ၅၉၂၃၃၀ |
| (စ) | ၂၀၁၉-၂၀၂၀ | ၁၃၆၈၉ | ၆၀၅၆၅၁ |
| (ဆ) | ၂၀၂၀-၂၀၂၁ | ၁၃၆၈၉ | ၆၀၅၆၅၁ |

PDF Compressor Free Version



(ခ) ထာဝစဉ်တည်တံ့စေမည့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစနစ် (SFM) ကို ထိခိုက်လာခြင်း၊

(ဂ) တောတန်ဘိုးကျဆင်းလာပြီး သစ်တောဖုံးလွှမ်းမှုပမာဏလည်း လျော့နည်းလာသည့်အတွက် သစ်တောကဏ္ဍပင်မစီမံကိန်း(နှစ် ၃၀)ပါ ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်ခက်ခဲလာခြင်း၊

| ခုနှစ် | ၁၉၉၀ | ၂၀၀၀ | ၂၀၀၅ | ၂၀၁၀ | ၂၀၁၅ | ၂၀၂၀ |
| --- | --- | --- | --- | --- | --- | --- |
| ဧရိယာ (စ-မိုင်) | ၁၅၁၇၄.၂ | ၁၃၄၆၁.၅ | ၁၂၈၆၅.၃ | ၁၂၂၆၇.၆ | ၁၁၅၂၃.၁ | ၁၁၀၀၅.၆ |
| ရာခိုင်နှုန်း | ၅၇.၈၇ | ၅၁.၅၄ | ၄၈.၂၅ | ၄၆.၈၁ | ၄၄.၁၃ | ၄၂.၁၉ |

(ဃ) နိုင်ငံတော်အတွင်း ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်များ လျော့နည်းသက်သာစေရေးအတွက် သစ်တောသယံဇာတအရင်းအမြစ်များ ပိုမိုတိုးပွားလာစေရေးနှင့် စနစ်တကျ ထိန်းသိမ်းပြုစု ကာကွယ်ရေးများဆောင်ရွက်ရန်လိုအပ်လာခြင်း။

မြန်မာ့ရွေးချယ်ခြင်းစနစ်နှင့်အညီ သစ်ထုတ်ခဲ့သော်လည်း ခေတ်စနစ်အရအကြောင်း အမျိုးမျိုးကြောင့် အထက်ဖော်ပြပါအခြေအနေများ ကြုံတွေ့လာရသဖြင့် ကန့်သတ်လုံးပတ် လျှော့ချခြင်း၊ ရွေးချယ်ခြင်းစနစ်နှင့်အညီ သစ်ထုတ်လုပ်နိုင်ရေး၊ နှစ်စဉ်တောထွက်၊ ကန့်သတ်လုံးပတ်နှင့် ခုတ်ပတ်တို့ကို တိတိကျကျ လိုက်နာဆောင်ရွက်ပြီး ကျွန်းနှင့်သစ်မာပင်ထောင်ရိုက်မှတ်ခြင်းလုပ်ငန်းများကို အထောက်အကူရရှိစေရန် သစ်မထုတ်မီနှင့် သစ်ထုတ်ပြီး သစ်တောသယံဇာတစာရင်းကောက်ယူခြင်းလုပ်ငန်းများနှင့် မြန်မာ့သစ်လုပ်ငန်းက EIA နှင့် EMP တို့ကို ရေးဆွဲဆောင်ရွက်စေသင့်ပါသည်။

နိုင်ငံတော်တစ်ဝန်းရှိ သစ်တောသယံဇာတအရင်းအမြစ်များရေရှည်တည်တံ့စေသည့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစနစ်ကို ပိုပြင်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် ရာသီဥတုပြောင်းလဲမှု၊ ကာဗွန်ထုတ်လုပ်မှု လျော့နည်း သက်သာစေရန်နှင့် အစိမ်းရောင်ဖွံ့ဖြိုး တိုးတက်မှုများကို အထောက်အကူပြုရန် ၂၀၁၇-၂၀၁၈ ခုနှစ်မှစတင်၍ သစ်ထုတ်လုပ်ခြင်းကို မြန်မာ့ရွေးချယ်ခြင်း စနစ်ဖြင့် တိတိကျကျ လိုက်နာဆောင်ရွက်နိုင်စေရေး သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့က ကြိုးကြပ် ဆောင်ရွက်လျက်ရှိပါသည်။

ဂေဟမျက်သုဉ်း၊ တောတွေသုဉ်းက
အပူဆုံးကမ္ဘာဖြစ်မည်တည်း။

*စာမျက်နှာ (၁၄) မှအဆက်*

ဒါ ကျနော်တို့ forester ချင်း ချစ်ခင်ဖွယ်ခလေ့ပါပဲ၊ အသံကြားရာ မုန်းနိုင် အနီးအဝေး သိနိုင်တာပေါ့၊ ဘာမှ မကြားရတော့ စိတ်အားလျော့မိပေမဲ့ ကိုဘစိုး ကျန်သူတွေကို ထုတ်မပြော ဒီနေရာမှာ ဖွဲ့သတ္တိတော့လိုပါသည်။

နာရီကြည့်တော့ (၇)နာရီနီးပြီ.. အဲဒီအချိန် ရှေ့က သွားတဲ့ ကိုဘစိုး ခြေဘရိတ်အုပ်လိုက်ရပြန်ပေါ့ .. နောက်ထပ်တွေ့လိုက်တဲ့ fall ကျောက်ကုတင်ကြီး ဘေးကြည့်လိုက်တော့ အဲဒီ ကုတင်ကို ရှောင်ဖို့ တက်ရမဲ့တောင်ကြောကမြင့်တယ်.. ပေ ၄၀ကျော်အမြင့်လောက် တက်ရမယ်..ဟား ခြေပစ်လက်ပစ် ဖိုက်ကဆာ.. မောကမော "စိုးဝင်း.. ညွန့်ဝင်း ခဏနားမယ်ကွာ စမ်းရေလေးသောက်ကြ"ချောင်းဘေးနားကပ်စီးနေတဲ့ စမ်းရေလေး ပါလာတဲ့ ရေဗူးထဲ ခံထည့် မော့လိုက်ကြတယ်၊ အားဖြည့်တာပေါ့၊ "ချောင်းဆုံးရင် ချောင်းမကြီးတွေ့မယ်ကွာ.. စိတ်ဓာတ်မကျနဲ့၊ ကဲ .. အမောပြေရင်တက်ကြမယ်"

ခုတ်မီးတစ်လက်နဲ့ထိုးရင်း တဖြည်းဖြည်းတက်ကြတာ ၁၀ မိနစ်လောက်မှာ မီးရောင်နဲ့ တဲနှစ်လုံး ဘွားကနဲ တွေ့လိုက်ရတယ်၊ 'တောခြောက်တာလားဟ' လန့်သွားရသေး၊ 'ဟာ .. ဆရာ ဒါဆရာဦးဝေလွင်နဲ့ ကိုစိုးနိုင်တဲ' 'ဟုတ်လို့လားကွာ' 'ဟုတ်တယ်ဆရာ.. သူတို့ မီးအိမ်မှာအပြာရောင်ကပ်ထားတာ မီးရောင်ပြာလဲ့လဲ့ဖြစ်အောင်'

ဝမ်းသာသွားချက်ကတော့ တောကြီးမျက်မည်းထဲ လမ်းပျောက်..တောထဲ အိပ်ရမလို ဖြစ်နေတဲ့ ကိုဘစိုးတို့ နေရာနေပြီး စဉ်းစားကြည့်ကြပါတော့။

ဖြစ်ပုံက ဒီလိုပါ .. ကိုဘစိုးတို့ ဆင်ချောင်းမကြီးဘေးမှာ base camp တဲ ၁၂ လုံးထိုးတော့ အများစုက ချောင်းဘေးနီးတယ်.. သူတို့ (၂)တဲကအောက်မှာ နေရာ သိပ်မကျန်လို့ ကုန်းပေါ်တက်ထိုးတာပါ.. ကိုဘစိုးတို့ စခန်းမရောက်ခင် တစ်ဖာလုံလောက်မှာ ဆင်ချောင်းမထဲကို ချောင်းငယ်တစ်ခုစီးဝင်ပါတယ်.. အဲဒီချောင်းလေးပေါ် လမ်းလျှောက်ရင်း ကိုဘစိုးတို့ ဆရာ တပည့်တွေ ဆင်ချောင်းထဲရောက်ဖို့ လမ်းရှာခဲ့တာပါ..

ခုတော့ ချောင်းငယ်ရဲ့ ချောင်းကြီးရောက်ခါနီး ကျောက်ကုတင် fall ကိုရှောင်ရင်း နောက်ကျောကနေ ကိုယ့်စခန်းကိုတည့်တည့်တိုးခဲ့ပါပြီ (အဲဒီချောင်းမှန်းတော့ မသိပဲ လမ်းရှာခဲ့ကြရတာပါ) ကိုဘစိုးတို့ အပြေးစခန်းရောက်ချိန် ခေါင်းဆောင်ချုပ် ဦးအယ်လ်မိုးတို့က ကိုဘစိုးတို့ရှာဖို့ မီးဒုတ်တွေနဲ့ ဆင်ချောင်းကိုဆန်တက်လို့ ခပ်လှမ်းလှမ်းရောက်နေတဲ့ အဖွဲ့တွေ ပြန်ခေါ်ရပါတော့တယ်..

ဤကား ကိုဘစိုးတို့ တောခြောက်မခံရခင် တောမှောက်ခြင်းပါ ....

*ဆက်လက်ဖော်ပြပါမည်*



# ကျွန်တော်နှင့် တပည့်ကျော်

ကိုနေမြဦး (မြောင်)

၂၀၁၃ ခုနှစ် ....
တီးတိန်မြို့နယ်မှူး ဘဝ
လောကဖတ်ခုံပေါ်က ဖတ်ဝင်ခန်း တစ်ခု။

----- ။ -----

တစ်နေ့ ....
ရာသီဥတု အေးလွန်းလို့ ရုံးစားပွဲ မထိုင်နိုင်တာနဲ့
ရုံး အလုပ်တွေ အိမ်သယ်လာပြီး မီးဖိုကြီးဘေးချ အလုပ်
လုပ်နေချိန်
သူ ကျွန်တော့် အိမ်ကိုရောက်လာသည်။
သူ ဆိုတာ....
ကျွန်တော့်တပည့်ကျော်
ချင်း လိုတော့ **ထျာဟရဲ** ဆိုလား
ကျွန်တော်နဲ့ တစ်ဝင်းတည်းမှာနေသူ
ရာထူး က တောခေါင်း ။

အကြီးဆုံးသမီးသည် ဘွဲ့ရပြီဖြစ်ကြောင်း ....
သူ့အသက် ၂၅ နှစ်တွင် အိမ်ထောင်ပြုခဲ့ကြောင်း
အသက် ၅၀ ကျော်ခဲ့ပြီ ဖြစ်သဖြင့် ပင်စင်ယူဖို့ပင် နီးပြီ
ဖြစ်ကြောင်း သူ့အကြောင်းကို မမေးပဲ ပြောပြနေသည်။
တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်ကလည်း Service book
တွေ လှန်နေသည့်အချိန်မို့ ....
ဖြတ်ကနဲ တစ်ခုသတိရပြီး သူ့အမှုထမ်း မှတ်တမ်းစာအုပ်
လှန်ကြည့်လိုက်ရာ....
သူ့ အသက်သည် ၄၇ သာ ရှိသေးသည်။
ဒါနဲ့ ချက်ချင်းပဲ ....
မင်းအသက် ၅၀ မပြည့်သေးပါဘူးလို့ ဆိုလိုက်တော့
ဟုတ်တယ်ဆရာ.... ကျွန်တော် အဲ့တာပြောမလို့ပါ
ဟိုတုန်းကတော့ ဌာနမှာ ကြာကြာအလုပ်လုပ်နိုင်အောင်ဆို
ပြီး သက်္ကရာဇ် ဖြူခဲ့တာ....
ခုတော့ အသက် ၅၀ မပြည့်သေးတဲ့သူ
ဌာနကူးပြောင်း တာဝန်ထမ်းဆောင်ဖို့ ကျန်နေသေးတဲ့သူတွေ
စာရင်းကောက်တော့ ကျွန်တော်ပါနေတယ် ဆရာ....
အသက်အမှန် ပြန်ပြင်လို့ရလျှင် ပြင်ပေးပါဦး ဆရာ ဆိုတော့မှ
ကျော်အောင် သူ့အကြောင်းတွေ မမေးပဲ ပြောနေခြင်းကို
သဘောပေါက်တော့သည်....
ရယ်ရခက် ငိုရခက် ကျော်အောင်ရယ် ။

----- ။ -----

နောက်တစ်နေ့....
ကျွန်တော့်ဆီ ရောက်လာပြန်ပါသည်....
လက်ထဲမှာလည်း ငှက်ပျောတစ်ဖီးနဲ့
ဆရာ့အတွက် တောင်ယာထွက်ငှက်ပျော
စားဖို့ပါတဲ့ ....
အေး ကျေးဇူးပဲဆိုတော ....
ကျွန်တော်လည်း ဆရာ့ကို ကျေးဇူးတင်ချင်တယ်တဲ့
မင်းစကားက အဆန်းပဲ ဘာကြောင့်ကျေးဇူးတင်ချင်ရတာ
လဲဆိုတော့ ....
ကျွန်တော် အခု ဝန်ထမ်းလုပ်တယ် ....
တစ်ဖက်မှာတောင်ယာလည်းစိုက်တယ်
ကျွန်တော်တို့လင်မယားက ဆန်ပြုတ် စားပြီး
ကလေးတွေကိုတော့ ထမင်းကျွေးပါတယ် ဆရာ
မိသားတစ်စုတည်း စားအိုးမကွဲတာတောင် ထမင်းနပ်မမှန်တာ
စားအိုးခွဲရပြီဆိုလျှင်တော့ မိသားစု ဝတ်မှာအမှန်ပဲတဲ့။
ကြားရတာ ရင်ထဲနင့်ကနဲပါပဲ....
မပြေလည်ကြတာလည်း အမှန်မို့
ဘာပြန်ပြောရမှန်းတောင် မသိ ....
ဆရာစဉ်းစားပေးပါဦးဆိုတော့ ကျွန်တော် အထိတ်တလန့်
လှမ်းကြည့်ပြီး....
ငါက စာရင်းပဲ ကောက်ပေးရတာဆိုတော့
ဒါဆိုလည်း ပြည်နယ်မှူးကိုပြောပြပေးပါတဲ့
မင်းကို ဘုရားသခင်စောင့်ရှောက်မှာပါကွာလို့ အားပေး
တော့....
(ဆိုင်ကယ် မစီးတတ်လို့ သူများနောက်က လိုက်ရတာတောင်
ဘုရားသခင်ကျေးဇူးကြောင့် ဆိုင်ကယ်စီးရတာလို့ ပြောလို့
ပစ်ထားခံခဲ့ရဖူးတဲ့သူ....
ဘာလေးဖြစ်ဖြစ် ဘုရားသခင်ကျေးဇူးကြောင့်လို့ ကြံဖန်
ကျေးဇူးတင်နေတဲ့သူက ဒီတစ်ခါကျမှ ဘာပြောတယ်မှတ်လဲ)
ဆရာနဲ့ပြည်နယ်မှူးစောင့်ရှောက်မှ ရမှာပါ ဆရာတဲ့....
မှတ်မှတ်ရရပါပဲ။

----- ။ -----

တစ်ရက် ကျွန်တော် အိပ်ရာကနိုးလို့ တံခါးပေါက်ဖွင့်လိုက်
စဉ်....
ဝရံတာမှာ အမှိုက်လှဲနေတဲ့ သူ့ကို တွေ့လိုက်ရသည်။
ချင်းဘာသာနဲ့ Dammaw မင်္ဂလာပါ လို့နှုတ်ဆက်လို့....
ခေါင်းငြိမ့်ပြီး Dammaw လို့ ပြန်ပြီး နှုတ်ဆက် ပြုံးပြ
လိုက်သည်။

စောစောစီးစီးပါလား ဆိုတော့....
ဟုတ်တယ်ဆရာ ....
အိမ်ရှေ့ဝရံတာမှာ ဖုန်တွေ အမြင်မတော်လို့လှဲပေးနေတာတဲ့
သူလာလျှင် အကြောင်းအရာတစ်ခု ပါလာတတ်သဖို့ စဉ်းစားကြည့်လိုက်တော့....
တစ်ခု သတိရပြီး သူ့ကို စချင်တာနဲ့....
မနေ့က အော်ဒါတွေ ထွက်တယ်လို့ ပြောလိုက်ရော....
လှဲနေတဲ့ တံမျက်စည်းလေး လွှတ်ချပြီး အလေးမပြုတတ် ပြုတတ်နဲ့သတိဆွဲ အလေးပြုနေလေရဲ့....
ဒီတော့မှ သူ ဒီသိတင်းကြားလို့ လာတာပဲဆိုတာ သေချာသွားသည်။

အေးကွာ စိတ်မကောင်းပါဘူး ဆိုတော့....
မျက်လုံးလေး ကလယ် ကလယ်နဲ့ စိုက်ကြည့်နေလေရဲ့
စကားကို ဆက်မပြောပဲ ခဏရပ်ထားတော့
မျက်တောင်ပင်မခတ်ပဲ ကျွန်တော့်ကို စိုက်ကြည့်နေသည်။
အတော်ကြာထိ ကျွန်တော် ဘာမှ မပြောတော့....
ဆရာ ကျွန်– တော် ကျွန်– တော် လို့ အထစ်ထစ် အငေါ့ငေါ့နဲ့ မေးရှာသည်။

ဒီတော့မှ ....
အေး.... မင်းမပါဘူးဆိုတာ ငါမနေ့ကတည်းက မပြောခဲ့မိတာ စိတ်မကောင်းဘူးလို့ ပြောမလို့ပါကွာ လို့လည်းဆိုလိုက်ရော–
ဝင်းကနဲ ပျော်သွားတဲ့ သူ့မျက်နှာဟာ
လမင်း အစင်း တစ်ရာတောင် မီအံ့မထင် ....

အလေးပြုနေတဲ့လက်ကို ဖြတ်ကနဲချ
ဝမ်းသာတယ်ဆရာ ....ကျေးဇူးတင်ပါတယ်ဆရာ ဆိုပြီး သူ့ရဲ့ မူပိုင် လက်သုံးစကား အားရပါးရပြောပါလေတော့သည်။
ဒါ ဘုရားသခင်စောင့်ရှောက်လို့ပဲ တဲ့....
အော်ဒါမထွက်ခင်က
ဆရာနဲ့ပြည်နယ်မှူးစောင့်ရှောက်မှ ရမှာ ဆိုတဲ့သူက ခုတော့ကြည့်ကြပါဦး....
ဘယ်လိုပဲဖြစ်ဖြစ် သူ့အပျော်ကို
ကျွန်တော်မျှဝေ ခံစားကြည့်လို့ရသည်။
သူပျော်ချက် လွှတ်ချထားတဲ့ တံမျက်စည်းကိုတောင် ပြန်ကောက်မသိမ်းတော့ပဲ....
သူ့အိမ်ဖက် ပြေးသွားပါတော့သည်။
အမြင်မတော်ဘူးဆိုတဲ့ ကျွန်တော့်အိမ်ဝရံတာလည်း
အမြင်တော်အောင်လုပ်ဖို့ သတိမရတော့ပါ ။

သူနဲ့အတူ သူ့မိသားစုတွေလည်း ပျော်သွားကြမှာကို
ရင်ထဲမှာ မြင်ယောင်ကြည့်နူးမိလိုက်ပါ၏ ။ ။

( ချစ်တာမည့် ဆို့ အမှတ်တရ )

## ကာတွန်းကဏ္ဍ

### မိုးကြိုးမုန်တိုင်း



လျှပ်စီးကို မိုင်(၁၀၀)ကျော်
ကမြင်နိုင်ပေမယ့်
မိုးခြိမ်းသံကို
(၄)မိုင်အတွင်းမှသာကြားနိုင်တယ်။

အဆောက်အဦးများတွင်
မိုးကြိုးလွှဲများ တပ်ဆင်ထားပါ။






လျှပ်စီးတစ်ခက်ရဲ့ ဗို့အားဟာ
မြို့တစ်မြို့ကို တစ်နှစ်လုံး
မီးပေးနိုင်တယ်။

အလင်းက အသံထက်မြန်လို့
လျှပ်စီးလက်ပြီးနောက်မှ
မိုးခြိမ်းသံကြားရတယ်။




လျှပ်စစ်ပစ္စည်းများကို
ခလုတ်ပိတ်ပြီး
ပလပ်ဖြုတ်ထားပါ။



APK

PDF Compressor Free Version



# MRRP လုပ်ငန်းများအထောက်အကူပြု သစ်တောစိုက်ခင်းများ ရှင်သန်အောင်မြင်စေရေး စိုက်ပျိုးပြုစုခြင်းဆိုင်ရာ မှတ်သားဆောင်ရွက်ချက်များ

ဇော်ဇော်မင်း -ဥမ (စီမံ)

## သစ်တောစိုက်ခင်းတည်ထောင်ခြင်း

လူတို့၏အခြေခံ စားဝတ်နေရေးလိုအပ်ချက်များကြောင့် သစ်တောသယံဇာတများထုတ်ယူသုံးစွဲခဲ့ရာ မျက်မှောက်ကာလတွင် မြန်မာနိုင်ငံ၏သစ်တောများအခြေအနေမှာ အတန်းအစားကျဆင်းခြင်းနှင့် ပျက်စီးပြုန်းတီးမှုများ တစ်နှစ်ထက်တစ်နှစ် များပြားစွာ ဖြစ်ပေါ်လျက်ရှိပါသည်။ ၁၉၉၀ခုနှစ်တွင် သစ်တောဖုံးလွှမ်းမှုဧရိယာမှာ နိုင်ငံတော်ဧရိယာ၏ ၅၈.၆၆ ရှိရာ မှ ၂၀၂၀ ခုနှစ်ထိ တဖြည်းဖြည်းကျဆင်းလျက်ရှိပါသည်။ သို့အတွက် သစ်တောများစနစ်တကျပြုစုထိန်းသိမ်းရန်လိုအပ်လာပြီး ၁၉၇၀ခုနှစ်မတိုင်မီသစ်တောစိုက်ခင်းများကို တစ်နေရာလျှင် ပမာဏ (ဧက)အနည်းငယ်စတင် စိုက်ပျိုးခဲ့ပြီး ၁၉၈၀ ခုနှစ်ဝန်းကျင်မှစ၍ သစ်တောစိုက်ခင်းများကို တိုးချဲ့စိုက်ပျိုးလာခဲ့ရာ ၁၉၇၉-၈၀ ခုနှစ် မှ ၁၉၈၆-၈၇ ခုနှစ်ထိ အာရှဖွံ့ဖြိုးရေးဘဏ်အထောက်အပံ့ (ADB Project) ဖြင့်လည်းကောင်း၊ ၁၉၈၂-၈၃ ခုနှစ်မှ ၁၉၉၀-၉၁ ခုနှစ်ထိ အရှေ့ပဲခူးရိုးမစီမံကိန်းဖြင့် (East Pago Yoma Project-EPP) လည်းကောင်း။ ကျွန်းစိုက်ခင်းများကို တိုးချဲ့စိုက်ပျိုးလာခဲ့ပါသည်။ ၁၉၉၈ ခုနှစ်မှ ၂၀၀၅-၀၆ ခုနှစ်ထိ တစ်နှစ်လျှင် ဧက ၂၀၀၀၀ နှုန်းဖြင့် သက်ပတ် (၄၀)နှစ်သတ်မှတ်၍ ကျွန်းအထူးစိုက်ခင်းစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်စိုက်ပျိုးခဲ့ပါသည်။

ယခုအခါ လက်ရှိမြန်မာနိုင်ငံ သစ်တောဖုံးလွှမ်းမှုကျဆင်းမှုမရှိစေရေးအတွက် အဖိုးတန်သစ်မျိုးများပါဝင်သောဂေဟစနစ်များ ပြန်လည်တိုးတက်ကောင်းမွန်လာစေရန်နှင့် သစ်တောများရေရှည်တည်တံ့စေရန်အတွက် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း (MRRP)ကို ၁၀နှစ် စီမံကိန်းအဖြစ် ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၆-၂၇ ခုနှစ်ထိရေးဆွဲ၍ သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မျက်မှောက်ကာလ သစ်တောစိုက်ခင်းများလုပ်ကိုင်မှုသစ်တောစိုက်ခင်းများ ကျယ်ကျယ်ပြန့်ပြန့်တည်ထောင်စိုက်ပျိုးလာသည်နှင့်အမျှ တည်ထောင်ပြီး သစ်တောစိုက်ခင်းများ ရေရှည်အောင်မြင်စေရေးအတွက် လွန်စွာအရေးကြီးလှပေသည်။ တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်နေကြသောဝန်ထမ်းများအတွက်လည်း လွန်စွာမှ တာဝန်ကြီးလှသည်ကို သတိပြုရန်လိုအပ်ပေသည်။ ယနေ့မျက်မှောက်ကာလတွင် သစ်တောစိုက်ခင်းများကို တစ်ဆက်တစ်စပ်တည်း ဧကအမြောက်အများစိုက်ပျိုးလုပ်ကိုင်ခြင်းကြောင့် စိုက်ခင်းများ စိုက်ပျိုးရန်သင့်တော်သောမြေနှင့် မသင့်တော်သောမြေများ ရောနှောပါဝင်လာခဲ့ပါသည်။ ယခင်က ကျွန်းစိုက်ခင်းများကို မြေအတန်းအစားအလွန်ကောင်းမွန်သောမြေနေရာများနှင့် သွားလာလုပ်ကိုင်မှုလွယ်ကူသောနေရာများကိုရွေးချယ်၍ စိုက်ပျိုးလာခဲ့ရာမှ ယခုအခါတွင် ပျက်စီးပြုန်းတီးနေသော တောပျက်နေရာများ၌ စိုက်ခင်းဧရိယာများစွာကို အောင်မြင်အောင်စိုက်ပျိုးတည်ထောင်ရန်အတွက် ယခင်ကထက်ပို၍ အခက်အခဲများ မုချရင်ဆိုင်ရမည်ဖြစ်ပါသည်။ ၎င်းအခက်အခဲများရင်ဆိုင်ဖြေရှင်းရာတွင် မြေနေရာအခက်အခဲနှင့်သင့်လျော်သောမြေအမျိုးအစားမှန်ကန်မှု၊ တောင်ယာသမားနှင့်လုပ်သားရရှိမှု၊ သွားလာလုပ်ကိုင်ရန် လမ်းပန်းဆက်သွယ်မှုတို့ပင် ဖြစ်ပါသည်။

သစ်တောစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အလိုက် သတ်မှတ်ကာလတွင် ပြီးစီးအောင်ဆောင်ရွက်နိုင်ရေး SOP ထုတ်ပြန်ခဲ့ပြီးဖြစ်သည့်အလျောက် ယခုအခါကမ္ဘာအဝှမ်းရာသီဥတုဖောက်ပြန်နေမှုများ ဖြစ်ပေါ်လျက်ရှိရာ စိုက်ခင်းလုပ်ငန်းများကို တစ်စိတ်တစ်ဒေသအဖြစ် အထောက်အကူရရှိနိုင်စေရန်အတွက် လက်တွေ့လုပ်ကိုင်ရာတွင် စိုက်ပျိုးမည့်သစ်မျိုးများအလိုက် မြေအမျိုးအစား (Soil type)၊ မြေမျက်နှာသွင်ပြင်(Topography)၊ မိုးရေချိန်(Rainfall) ရရှိမှုနှင့် မြေသြဇာအသုံးပြုခြင်း (Utilization of Fertilizer) တို့အပေါ်မူတည်၍ စိုက်ပျိုးပြုစုထိန်းသိမ်းနိုင်ရေးလုပ်ငန်းများဆောင်ရွက်ရန်ဖြစ်ပါသည်။ စိုက်ခင်းမြေအမျိုးအစား (forest soil type) စိုက်ခင်းများရှင်သန်အောင်မြင်စေရေးအတွက် စိုက်ပျိုးမည့်သစ်မျိုးများအလိုက် မြေနေရာရွေးချယ်သတ်မှတ်ခြင်းသည် ဦးစွာဆောင်ရွက်ရသည့် အဓိကအရေးကြီးသောအချက်ဖြစ်သည့်အလျောက် တည်ထောင်မည့် စိုက်ခင်းအမျိုးအစားအလိုက် မြေနေရာရွေးချယ်ရာတွင် သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် စိုက်ခင်းမြေအမျိုးအစားကို ဂရုပြုရွေးချယ်သင့်ကြောင်း၊ ဂဝံမြေနှင့် အောက်ခံကြပ်တည်းမြေရှိသောနေရာများကို လုံးဝရှောင်ရှားရန်ဖြစ်ပါသည်။ ယနေ့အချိန်တွင် တောပျက်များ၊ ဖုန်းဆိုးတောများ တစ်နှစ်ထက်တစ်နှစ် တိုးပွားလာသည့်အလျောက် မြေ

PDF Compressor Free Version



ဆီလွှာများ ပြောင်းလဲလျက်ရှိသဖြင့် မြေအဟာရဓာတ် ချို့တဲ့သောနေရာများ၊ မြေချဉ်ငန်ဓာတ် (Soil pH) လွန်ကဲသောနေရာများရှောင်ရှား၍ စိုက်ခင်းတည်ထောင်ရန် အတွက် မြေနေရာရရှိနိုင်မည်မဟုတ်ပေ။ စီးပွားရေး စိုက်ခင်းများတွင် ကျွန်းကိုအဓိကစိုက်ပျိုးတည်ထောင်လျက်ရှိရာ ကျွန်းပင်သည် မြေသားထူပြီးရေစီးရေလာကောင်းမွန်သည့် နုန်းဆန်သောမြေ (alluvial) အမျိုးအစားကို အကြိုက်ဆုံး ဖြစ်ပြီး အောက်ခံမြေသားများအနေဖြင့် ထုံးကျောက် (limestone)၊ ဂေါ်ဒန်ကျောက် (schist)၊ လိပ်သဲကျောက် (gneiss)၊ အနည်ကျကျောက် (shale)နှင့် မီးသင့်ကျောက် (valcanic)မြေအမျိုးအစားတို့တွင်ပေါက်ရောက်ပါသည်။ ကျွန်းပင်သည် မြေသြဇာကောင်းသောမြေ (fertile soil) တွင်ဖြစ်ထွန်းပြီး မြေဆွေးဓာတ်(organicmatter) နှင့် ကယ်ဆီယမ် (Ca)၊ နိုက်ထရိုဂျင် (N) ၊ဖော့စဖော့ရပ်(စ်)(P)နှင့် ပိုတက်ဆီယမ် (K)ဓာတ်များ ပါဝင်မှုမြင့်မားသောမြေများ တွင်တွေ့ရှိရသည့်အတွက် Ca မြင့်မားသောမြေတွင် ကြီးထွားဖွံ့ဖြိုးမှုရှိသဖြင့် Calcareous species ထုံးကြိုက်သောမျိုးစိတ်ပင်ဟုခေါ်ဝေါ်ကြပါသည်။ လက်ရှိအခြေအနေတွင် မြေနေရာရှားပါးလာမှုတို့နှင့် တွေ့ကြုံနေရပြီး သွားလာလုပ်ကိုင်မှုတို့အပေါ်မူတည်ပြီး ယခင်ပေါက်ရောက်ခဲ့သော သဘာဝပေါက်ပင်နှင့် တောအမျိုးအစားတို့အရ စိုက်ခင်းမြေနေရာရွေးချယ် လုပ်ကိုင်လျက်ရှိရာ မြေ အာဟာရ ဖြည့်စွက်ခြင်း (မြေသြဇာကျွေးခြင်း)နှင့် မြေချဉ်ငန် ဓာတ်ညှိခြင်း(မြေဓာတ်ပြင်ခြင်း) လုပ်ငန်းများကို မလွဲမသွေ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

## မြေမျက်နှာသွင်ပြင် (Topography)

၁၉၉၀ခုနှစ်နောက်ပိုင်းတွင် စီးပွားရေးစိုက်ခင်းများကို တိုးချဲ့စိုက်ပျိုးလျက်ရှိသဖြင့် ယခုအခါမြေဆီလွှာ (မြေဆွေးဓာတ်) ပါဝင်မှုနည်းပါးလာခြင်း၊ မြေပြန့်ဒေသများ ရှားပါးလာပြီး တောင်ကုန်းပါဝင်သောမြေနေရာများကို ရွေးချယ် စိုက်ပျိုးတည်ထောင်လျက်ရှိပါသည်။ စိုက်ပင်များရှင်သန်ဖြစ်ထွန်းရေးတွင် မြေဆီလွှာပါဝင်မှုနှင့်မြေအမျိုးအစားသည်အရေးပါသော်လည်း မြေမျက်နှာသွင်ပြင် (Topography) ပေါ်မူတည်၍ စိုက်ခင်းတည်ထောင်ရာတွင် စိုက်ပျိုးခြင်း(Planting)၊ ပေါင်းရှင်းခြင်း(Weeding)၊ မြေသြဇာကျွေးခြင်း (ApplicatingofFertilizar) လုပ်ငန်းများကို OP နှင့်အညီဆောင်ရွက်ရန်ဖြစ်သော်လည်း စိုက်ခင်းနေရာ၏ မြေမျက်နှာသွင်ပြင်ကိုလိုက်၍ ချင့်ချိန်ဆောင်ရွက်ရန် လိုအပ်ပေမည်။ တောင်ကုန်းများပါဝင်သောဒေသများတွင် အပင်များစိုက်ပျိုးခြင်းကို သတ်မှတ်ကာလတွင် အပြီးစိုက်ပျိုးရန်ဖြစ်သဖြင့် မိုးရေချိန်ရရှိမှု အပေါ်မူတည်၍ စိုက်ကွက်အတွင်း မြေအစိုဓာတ်ကောင်းစွာရရှိချိန်တွင် စတင်စိုက်ပျိုး၍ အချိန်မီပြီးစီးအောင်စိုက်ပျိုးရန်ဖြစ်ပါသည်။ ညီညာသောမြေအနေထားရှိသည့် စိုက်ကွက်များတွင် ပေါင်းရှင်းခြင်းကို ပန္နက်လိုင်းအလိုက် ဆောင်ရွက်ရန်ဖြစ်သော်လည်း တောင်ကုန်းဒေသများတွင် ကွန်တိုအလိုက်ပေါင်းရှင်းရန်နှင့် စိုက်ပင်၏ပတ်လည်တွင် တစ်ပေခွဲအကျယ် အပြောင်ရှင်းခါးဆွမြေစုပုံခြင်းများကို မြေအမျိုးအစားနှင့် မိုးရေချိန်ရရှိမှုတို့အပေါ် စနစ်တကျ ဆောင်ရွက်ရန်ဖြစ်ပါသည်။

## မိုးရေချိန်ရရှိမှု (Rainfall)

ကျွန်းပင်သည် မြန်မာနိုင်ငံတွင် မိုးရေချိန်(၅၀) လက်မမှ (၁၅၀)လက်မ (၁၂၅၀-၃၇၅၀ မီလီမီတာ)အထိ သဘာဝအလျောက် ပေါက်ရောက်သည်တွေ့ရသော်လည်း အသင့်လျော်ဆုံးမိုးရေချိန်မှာ တစ်နှစ်လျှင် (၈၀)လက်မ (၂၀၀၀ မီလီမီတာ) ဖြစ်ပါသည်။ စိုက်ကွက်များသည် တောင်ကုန်းတောင်ကြောများဖြစ်ခြင်း၊ သဲစနယ်မြေအမျိုး အစားဖြစ်ပြီး မြေစေးဓာတ်များခြင်း၊ မိုးရွာသွန်းမှု အခြေအနေအရ မိုးနည်းသောဒေသများတွင် ခါးဆွခြင်းကို စနစ်တကျဆောင်ရွက်နိုင်မှသာ ရွာသွန်းသောမိုးရေများ အပင်အတွက် အစိုဓာတ်ကောင်းစွာ ထိန်းသိမ်းအသုံးချနိုင်မည် ဖြစ်သဖြင့် အဆိုပါဒေသများတွင် ပေါင်းရှင်းခြင်းနှင့်အတူ အပင်၏တစ်ပေခွဲပတ်လည်၌ အပြောင်ရှင်းခါးဆွခြင်းမပြုဘဲ အပေါ်ယံမြေကိုသာ စုပုံပေးပါက အစိုဓာတ်ရရှိနိုင်မှု နည်းပါးပြီး အမြစ်များလေဝင်လေထွက်ကောင်းစွာ မရရှိနိုင်ကြောင်း၊ ရလဒ်မှာ အပင်ကြီးထွားမှုနည်းကွေးမည် ဖြစ်ပါသည်။ သို့ရာတွင် မိုးရွာသွန်းမှုများသော မိုးရေချိန် လက်မ(၈၀)ထက်ပိုသောဒေသများတွင် ခါးဆွမြေစုပုံပေးရန်လိုအပ်ပါသည်။ မိုးရေချိန်လက်မ (၈၀)အောက်ရရှိပြီး မြေစေးဓာတ်ရှိသော စိုက်ကွက်များတွင် ခါးဆွပေးရန်လိုအပ်ပြီး၊ မြေစေးဓာတ်နည်းသော သဲနုန်းမြေများတွင် ခါးဆွမြေ စုပုံပေး၍လည်းကောင်း၊ မိုးရေချိန်များသော (၈၀) လက်မအထက်ရှိသောဒေသများတွင် စိုက်ခင်းလုပ်ငန်းညွှန်ကြားချက်နှင့်အညီ ပထမအကြိမ်စိုက်ပင်၏ပတ်လည်တွင် တစ်ပေခွဲအကျယ် အပြောင်ရှင်းခါးဆွခြင်းနှင့် ဒုတိယအကြိမ်တွင် ခါးဆွမြေစုပုံခြင်းလုပ်ငန်းများကို မြေမျက်နှာသွင်ပြင်နှင့်မြေအမျိုးအစားတို့အရ အစိုဓာတ်ထိန်းသိမ်းထားရှိနိုင်ရေး ချင့်ချိန်ဆောင်ရွက်ရန်ဖြစ်ပါသည်။ အများအားဖြင့် ညီညာပြန့်ပြူးသောစိုက်ကွက်များတွင် မြေစေးဓာတ်များသောနေရာများ၌ အပင်၏ပတ်လည်တွင် ခါးဆွပေးရန်သာဆောင်ရွက်သင့်ပြီး သဲဆန်နုန်းမြေများ (sandy loam) တွင် ခါးဆွမြေစုပုံပေးရန် လိုအပ်မည်ဖြစ်ပါသည်။ နောက်ဆုံးအကြိမ်ပေါင်းရှင်းခြင်းကို အောက်တိုဘာလအတွင်း အပြီးဆောင်ရွက်ရမည်ဖြစ်သော်လည်း မိုးရေချိန်ကောင်းစွာ ရရှိသောဒေသများတွင် နိုဝင်ဘာလမှ ဒီဇင်ဘာလအတွင်းဆောင်ရွက်သွားပါက ပွင့်လင်းရာသီ မီးကာကွယ်ခြင်းလုပ်ငန်းများကိုပါ အထောက်အကူရရှိ၍ ပိုမိုအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ပါသည်။

ဆက်လက်ဖော်ပြပါမည်

# ခါကာဘိုရာဇီသို့ .....(၂)



မောင်ဆောင်ကျော် (ဇမ)

## ၁၆-၃-၉၇ ရက်

ပန်နန်းဒင်ရွာမှ (၇၁/၂) မိုင်ဝေးသော လုံနတ်တောစခန်းသို့ခရီးဆက်ရာ နန့်တမိုင်ချောင်း၏ မြောက်ဘက်ခြမ်းကမ်းနဘေးမှ ချောင်းလက်တက်များအား ကွေ့ကာပိုက်ခါသွားကြရသဖြင့် ယခင်ကကဲ့သို့ ကဇွန်ရာဇီတောင်တောမှသွားသည့်လမ်းမဟုတ်တော့ကြောင်း တွေ့ရပါသည်။ ထိုလမ်းခရီးတွင်လည်းမိုးရွာ၍ ကျွတ်များ၏ ကိုက်ခဲခြင်းခံကြရပါသည်။ သစ်ပင်များသည် ယခင်ကလောက် မြင့်မားမတ်စောက်ခြင်းမရှိလှတော့ဘဲ အနည်းငယ်သေးလာသည်ကိုတွေ့ရသည်။ ထိုလမ်းခရီးစဉ်သည် အခက်အခဲမရှိ အတက်အဆင်းကြမ်းတမ်းမှုမရှိလှပါ။ လုံနတ်တောစခန်း၏ မပညမှာ NO. 4239 ဖြစ်၍ အမြင့်ပေမှာ (၃၄၀၀)ခန့်သာရှိပါသည်။ ည(၈)နာရီနှင့် နံနက်(၈)နာရီတို့၏ အပူချိန်မှာ 14° C နှင့် 10° C တို့ဖြစ်ပါသည်။

## ၁၇-၃-၉၇ ရက်နေ့

လုံနတ်တောစခန်းမှ (၇၁/၂) မိုင်ခန့်ဝေးသော ငါဝါရွာသို့ခရီးဆက်ခဲ့ရာ အတက်အဆင်းကြမ်းတမ်းမှုမရှိလှသော်လည်း တစ်ဖက်၌ ချောက်ကမ္ဘားတစ်ဖက်၌ တောင်နံရံလမ်းသည်လည်း ကျဉ်းမြောင်း၍ လမ်းလျှောက်ရခက်ခဲပါသည်။ ထိုလမ်းခရီးတွင် ရဝမ်ချောင်းဖြတ်ကြိုးတံတားနှင့် ဝမ်ခွမ်(Wang Hkyeng) ချောင်းဖြတ်ကြိုးတံတားတို့အား ကျော်ဖြတ်ခဲ့ရသည်။ ငါဝါသို့ရောက်ခါနီး တောင်ပြိုကမ်းပါးသည် လမ်းလျှောက်ရအခက်ခဲဆုံးဟုထင်ပါသည်။ ငါဝါရွာအဝင်ရှိ တောင်ပြိုထားသော နေရာအားကျော်လွန်ပြီး ငါဝါရွာသို့ရောက်ရှိပါသည်။ ငါဝါရွာ၏ မပညမှာ NO. ၃၆၄၆ ဖြစ်၍ အမြင့်ပေမှာ (၃၆၀၀) ပေဖြစ်ပြီး၊ အိမ်ခြေပေါင်း ၁၆ လုံးနှင့် ရဝမ်လူမျိုး ၁၃၉ ဦးခန့်နေထိုင်ကြပါသည်။

## ၁၈-၃-၉၇ ရက်နေ့

ငါဝါမှ(၉)မိုင်ခန့်ဝေးသော ဝမ်ရှိုဝမ်တောစခန်းသို့ ခရီးထွက်ရာလမ်းတစ်လျှောက် လမ်းပန်းအခြေအနေ သင့်တော်ကောင်းမွန်၍ သစ်တောလမ်းများလည်း ကောင်းမွန်ပါသည်။ ထိုခရီးလမ်းကြောင်းလည်း နန်တမေချောင်း၏ အနောက်ဘက်ကမ်းအတိုင်း သွားခြင်းဖြစ်ပါသည်။ ကြားခရီး၌ TARIN WANG ချောင်းအားဖြတ်ကူးထားသည့် ကြိုးတံတားတစ်ခုအား ကျော်ဖြတ်ရပါသည်။ ထိုကြိုးတံတားသည် ကြံ့ခိုင်မှုအားနည်း၍ Tarin Wang ချောင်း၏ချောက်သည်လည်း ပေ (၁၅၀) ခန့် ရှိသောကြောင့် ကူးသန်းရာတွင် အန္တရာယ်ရှိနိုင်ပါသည်။ ထိုလမ်းတစ်လျှောက်ဝဲယာနှစ်ဖက်စလုံး၌ မြင့်မားသီခေါင်သော တောင်တန်းများရှိနေကြပါသည်။ ဝမ်ရှိုဝမ်စခန်းမှ အနောက်တောင်ဘက်ရှိပေပေါင်း(၁၀၀၀၄)ပေ အမြင့်ရှိ MAHPI HPAWNG တောင်အား ထိပ်ပိုင်းတွင် ရေခဲများ ဖုံးလွှမ်းနေသည်ကို ခရီးစဉ်၏ ပထမဆုံး ရေခဲဖုံးတောင်အား မြင်တွေ့ရခြင်းပင်ဖြစ်၍ ထိုနည်းတူစွာ အရှေ့ဘက်သို့ ကြည့်လိုက်လျှင် အဆင့်ဆင့်မြင့်မားသွားသည့် တောင်တန်းကြီးအားလည်း မှုန်ဝါးဝါးတွေ့မြင်နိုင်ပါသည်။ ထိုနေ့၌ နံနက်ပိုင်းမိုးရွာ၍ မွန်းလွဲပိုင်းနေသာပါသည်။ သို့သော်လည်း အန္တရာယ်ဖြစ်လောက်သည့် အနေအထားမျိုးမတွေ့ရှိရပါ။ လမ်းခရီးတွင် စိန်ခူးဝမ်ချောင်းကူးကြိုးတံတားနှင့် တအွန်းဝမ်ကြိမ် ကြိုးတံတားတို့အား ကျော်ဖြတ်ကြသည်။ တအွန်းဝမ်ကြိမ် ကြိုး



PDF Compressor Free Version



တံတားအား ကျော်ဖြတ်ပြီးသည်နှင့် မကြာခင် တိဘက်လူမျိုးများနေထိုင်ရာ စိမ်းစိုသောဂျုံခင်းများအလယ် အိမ်ခြေ (၅)လုံးမျှရှိသော တအွန်ဒမ်ရွာလေးသို့ ရောက်ရှိပါသည်။ ထိုမှ တစ်ဖန်ဂူဘားသို့ ဆက်လက်ထွက်ခွာလာရာ အတက်ခရီးပိုမိုကြမ်းတမ်း၍ မိုးများလည်းရွာနေသဖြင့် ခြေကုတ်မြဲရန်အထူး ဂရုပြုကြရပါသည်။ ဂူဘားရွာသည် စိန်ခူးဝမ်ချောင်း၏တောင်ဘက်ခြမ်း ယခင်မြေပုံအရ Samdam ဟုခေါ်သောရွာနေရာပင်ဖြစ်ကြောင်း တွေ့ခဲ့ရပါသည်။ ရွာ၏ တည်နေပုံမှာ ချောင်းအတက် တောင်စောင်း ခါးလယ်မြေပြန့်လွင်ပြင်တွင်တည်ရှိပါသည်။ တိဘက်လူမျိုးတို့၏ ထုံးစံအတိုင်း ဂျုံခင်းစိမ်းစိမ်းများအလယ်မှ သစ်လုံးအိမ်များအား တွေ့မြင့်ခဲ့ရပါသည်။ ထိုရွာ၏ မပည မှာ NO.၀၂၇၂ ဖြစ်၍ အမြင့်ပေ ၆၂၄၄ ပေရှိပြီး အိမ်ခြေ ၆ လုံးနှင့် တိဘက်လူမျိုး ၃၇ ဦးခန့် နေထိုင်ကြပါသည်။

## ၂၃-၃-၉၇ ရက်နေ့

ဂူဘားရွာမှ (၇၁/၂) မိုင်ခန့်ဝေးသော မဒိန်းရွာသို့ ခရီးဆက်ရာလမ်းပန်းအခြေအနေ၊ အတက်အဆင်းရှိသော်လည်းကောင်းမွန်ပါသည်။ မိုးရွာသဖြင့် ကျွတ်များကိုက်ခံခြင်းခံကြရသည်။ နွားမွေးမြူသည့် ရွာများ ဖြစ်၍လားတော့မသိ ကျွတ်များအလွန်ပေါ်များသည်ကိုတွေ့ခဲ့ရသည်။ ဂူဘားရွာမှထွက်၍ မကြာခင် စိန်ခူးစမ်းချောင်းကူးကြိမ်ကြိုးတံတားအား ကျော်ဖြတ်ပြီး နောက်မကြာခင် တနီဒမ်နှင့် စိန်ခူးဝမ်ချောင်းဆုံသို့ရောက်ရှိပါသည်။ ထိုချောင်းဆုံ၏ အနောက်ဘက်၌လည်း ဂျုံခင်းများ စိုက်ပျိုးထားသည်။ တနီဒမ်းဟုခေါ်သော အိမ်ခြေ(၃)လုံးခန့်ရှိ တိဘက်ရွာကလေးတစ်ခုတည်ရှိပါသည်။ ထိုရွာငယ်ကလေးသည် မဒိန်းရွာ၏ အစပင်ဖြစ်သည်ဟု ပြောရပါမည်။ ထိုရွာအား လွန်မြောက်၍မှုမကြာခင် မဒိန်းရွာအားရောက်ရှိပါသည်။ ဂျုံခင်းများနှင့် လုပစိမ်းစိုပြန့်ပြူးသော မဒိန်းရွာသည် ယခင်မြေပုံပေါ်အရ ဂူဘားဟုရေးထားသောရွာနေရာပင်ဖြစ်ပါသည်။ မဒိန်းရွာ၏ မပည မှာ NO. ၀၃၇၃ ဖြစ်၍ အမြင့်ပေ ၆၆၆၇ ပေရှိပါသည်။ အိမ်ခြေပေါင်း ၁၅ အိမ်နှင့် တိဘက်လူမျိုး ၇၀ ဦး နေထိုင်ပါသည်။ ထိုရွာတွင် ခေတ္တဝင်ရောက်နား၍ စိန်ခူးဝမ်ချောင်းရိုး ဒီဖုလခါး တောင်ကြားလမ်းအတိုင်းထွက်ခွာလာရာ အရိုးပြိုင်းပြိုင်းနှင့် ချောင်းရိုးတစ်လျှောက်ပေါက်ရောက်နေသော ဝက်သစ်ချပင်များအားတွေ့မြင်ခဲ့ရသည်။ ထိုမှဆက်၍ ထွက်လာရာ မဒိန်းမှ(၂)မိုင်ခန့် လွန်မြောက်ပြီးနောက် လမ်းဟောင်းပေါ်တွင် ချုံနွယ်များပိတ်ဖုံးနေသည်ကို ရှင်းလင်း၍ သွားရပါသည်။ ထိုခရီးအတိုင်းဆက်လက်ထွက်လာရာ မဒိန်းမှ (၅)မိုင်ခန့်အရောက်တွင် လမ်း၏တောင်ဘက်ခြမ်းမှ ရေခဲတောင်များမှ ပြိုကျလာမည့် အရိပ်အရောင်တွေ့၍ မဒိန်းသို့ပြန်လှည့်ခဲ့ရပါသည်။ ထိုမှ ဆက်၍ ဂူဘားရွာသို့



အရောက်ပြန်ခဲ့သည်။

## ၂၄-၃-၉၇ ရက်နေ့

ဂူဘားမှ တဖွန်ဒမ်းသို့အပြန်အလာခရီးတွင် စိန်ခူးဝမ်ချောင်းရိုး၌တွေ့ခဲ့ရသည့် အထမြန် အရှင်သန်ပြီး အသုံးဝင်လှသည့် မြေဆွေးပင်များအား ကြည့်ရှုခဲ့ပါသည်။

## ၂၅-၃-၉၇ ရက်နေ့

တဖွန်ဒမ်းမှ(၆)မိုင်ခန့်ဝေးသည့် တဂုထုရွာသို့ ခရီးဆက်ရာနေသာ၍ ကျွတ်တွယ်ခြင်းမှကင်းဝေးပါသည်။ ရာသီဥတုသာယာ၍ သစ်တောလည်း အနည်းငယ်ပါးသွားသည်ဟုထင်ရပါသည်။ ရေတံခွန်အသွယ်သွယ်အား တွေ့ခဲ့ရပြီး ကြိုးတံတားတစ်ခုအား ကျော်ဖြတ်ပြီးနောက် ယာခင်းတို့အား တွေ့မြင်လာရပါသည်။ ထိုနောက် အဒန်ချောင်းအား ကြိုးတံတားဖြင့်ဖြတ်ကူး၍ တဂူထုရွာသို့ ရောက်ရှိပါသည်။ ထိုရွာ၏ မပည မှာ NO. ၂၂၇၂ ဖြစ်၍ အမြင့်ပေ ၄၀၅ ပေရှိ တောင်ကြားမြစ်ဆုံလွင်ပြင်တစ်ခုပင်ဖြစ်ပါသည်။ ထိုရွာသည် TASHU WANG ချောင်းနှင့် အဒွန်ဝမ်ချောင်းတို့ဆုံရာ၌ရှိပြီး အိမ်ခြေ(၁၈)လုံးနှင့် ရဝမ်လူမျိုး ၁၅၆ ဦးနေထိုင်ကြပါသည်။ ထိုရွာအား TASHU WANG ချောင်းတဖက်သို့ ကြိုးတံတားဖြင့်ဆက်သွယ်ထားသော အိမ်ခြေ(၃)လုံးခန့်သာရှိသည့် ဝလိနီဒမ်းခေါ် တိဘက်မျိုးများနေထိုင်ရာ ရွာကလေးတစ်ခုလည်းတည်ရှိပါသည်။ တဆူထုရွာအနီးရှိ အဒွန်ဝမ်ချောင်း၏မြောက်ဘက်ခြမ်းမှ တောင်များသည် ကျောက်တောင်များဖြစ်နေ၍ သစ်ပင်များနည်းပါးပြီး နတ်တောင်ယာသဖွယ်ဖြစ်ပေါ်နေသည်ကို တွေ့ခဲ့ရပါသည်။

## ၂၆-၃-၉၇ ရက်နေ့

တဆုထုမှ (၇၁/၂)မိုင်ခန့်ဝေးသော အဒွန်လောင်းခေါ် (ထရုံ) ရွာသို့ ခရီးဆက်ရာ ရွာမှ ထွက်လျှင်ထွက်ခြင်း TASHU WANG ချောင်းကူးကြိုးတံတားအား ကျော်ဖြတ်ရသည်။ ထိုမှ အနည်းငယ်လွန်သော် အဒွန်ဝမ်ချောင်းကူးကြိမ်ကြိုးတံတားတစ်ခုအားလည်း ကျော်ဖြတ်ပြီးနောက် အဒွန်ဝမ်ချောင်း၏အနောက်ဘက်ခြမ်းမှ လမ်းအတိုင်း ခရီးဆက်ရာလမ်းဘေးဝဲယာတို့၌ ခြောက်သွေ့လာသည်ဟု

PDF Compressor Free Version



ခံစားလာရပါသည်။ ထို့နောက် (၃) မိုင်ခန့် အရောက်တွင် ဘလာထုပဟုခေါ်သော THALA WANG ချောင်းနှင့်အဒွန်ဝမ်ချောင်းတို့ဆုံရာ အဒွန်ဝမ်ချောင်း၏ အရှေ့ဘက်ကမ်း၌ သက်ငယ်အမိုးများဖြင့် အိမ်ကလေးများဆောက်လုပ်ထားသည့် အိမ်ခြေ ၈ လုံးခန့်ရှိ ရဝမ်လူမျိုးများ နေထိုင်ရာ ရွာကလေး တစ်ခုအားတွေ့မြင်ရပါသည်။ ထိုမှဆက်လက်ထွက်ရာ ပိုမိုခြောက်သွေ့လာသည်ဟုထင်ရပြီး၊ အဒွန်လောင်း ခေါ် ထဂုံရွာသို့မရောက်မီ ကျောက်ဖြုံးတောင်များပေါ်၌ သက်ငယ်တောများတွေ့မြင်ခဲ့ပါသည်။ ထိုမှဆက်လက်လာရာ အဒွန်လောင်းခေါ်(ထရုံ)ရွာသို့ အဒွန်ဝမ်ချောင်းကူးကြိုးတံတားအား ကျော်ဖြတ်ရောက်ရှိခဲ့ပါသည်။ ထိုရွာတွင် တဲအိမ်သက်ငယ်မိုးနှင့် ထဂုံလူမျိုးများနေထိုင်ရာ သစ်လုံးအိမ်တို့အား တွေ့ခဲ့ရသည်။ ထိုရွာ၏ မပညှ မှာ NO.2681 ဖြစ်၍ အမြင့်ပေ ၅၆၀၀ ခန့်၌ တည်ရှိပါသည်။ အိမ်ခြေပေါင်း ၂၅ လုံးရှိ၍ တရွန်လူမျိုး ၃၅% နှင့် ရဝမ်လူမျိုး ၃၆% ခန့် လူဦးရေ ၁၆၀ ယောက်နေထိုင်ကြပါသည်။ အဒွန်လောင်းခေါ် (ထရုံ)မှ (၄)မိုင်ခန့်ဝေးသည့် တဟွန်ဒမ်းရွာသို့ခရီးဆက်ရာ လမ်းခရီးပြေပြစ်ချောမွေ့၍ နေသာသဖြင့်သက်သာပါသည်။ သစ်ပင်များလည်းထူထပ်ခြင်းမရှိလှပါ။ အချို့နေရာများ၌ တောင်ယာခုတ်ထွင်လုပ်ကိုင်နေသူများအား တွေ့မြင်ရပြီး၊ အထက်ဘက်သို့ မော်၍ကြည့်ပါက ရေခဲတောင် တော်တော်များများတွေ့မြင်ရပါမည်။ တဟွန်ဒမ်းသို့ ရောက်ခါနီးတွင် ကြိမ်ကြိုးတံတားတစ်ခုရှိသော်လည်း မကောင်းတော့၍ သစ်သားများဖြင့်ယာယီပြုလုပ်ထားသည့် တံတားငယ်မှကူးပြီး မြေပြန့်လွင်ပြင်ကျယ်ဝန်းသော တဟွန်းဒမ်းရွာသို့ ရောက်ရှိပါသည်။ ထိုရွာ၏ မပညှမှာ NO.2487 ဖြစ်ပြီး အမြင့်ပေ ၆၃၀၀ ခန့်ရှိပါသည်။ အိမ်ခြေပေါင်း ၁၁ လုံးရှိ၍ တိဘက်လူမျိုး ၆၇ ဦးခန့်နေထိုင်သည်။ မြန်မာပြည် မြောက်ဖျားအစွန်ဆုံးကျေးရွာကလေးဖြစ်ပါသည်။ ထိုရွာတွင် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းနှင့် စေတီတစ်ဆူရှိပါသည်။ အနိမ့်ဆုံးနှင့် အမြင့်ဆုံးအပူချိန်တို့မှာ 4° C နှင့် 12° C တို့ဖြစ်ကြသည်။ ၂၉-၃-၉၇ ရက်နေ့တိုင် တဟွန်ဒမ်း၌ ရပ်နားပါသည်။

### ၃၀-၃-၉၇ ရက်နေ့မှ ၄-၄-၉၇ ထိ

တဟွန်ဒမ်းမှ(၂၁)မိုင်ခန့်ဝေးသော တတီထုစခန်းသို့ထွက်ခွာလာရာ လမ်းပန်းအခြေအနေ အထူးစိုးရိမ်ဖွယ်မရှိသော်လည်း အတက်အဆင်းများပြားကြမ်းတမ်းပါသည်။ ၃၀-၃-၉၇ ရက်နေ့တွင် တဟွန်ဒမ်းမှ (၈)မိုင်ခန့်ဝေးသော ရှမ်မရစခန်းတွင်ရပ်နား၍ ၃၁-၃-၉၇ ရက်နေ့တွင် (၈)မိုင်ခန့်ဝေးသော ဖလစခန်းသို့ခရီးဆက်ရာ လမ်းတစ်လျှောက်လုံးမိုးများရွာ၍ ကုတ်ခြစ်တက်ရသော လက်များ ထုံကြင်ကိုက်ခဲလာပါသည်။ ညနေစောင်းတွင်မိုးများအစားနှင်းပွင့်များကျလာပါသည်။ ထိုစခန်းသို့ ရောက်သည်နှင့် ခါကာဘိုရာဇီတောင်ကြောအား စတင်တွေ့မြင်ရပြီဖြစ်ပါသည်။ လမ်းခရီးတစ်လျှောက် ကျောက်တောင်များနှင့်ဝါးပင်ငယ်များ ပေါက်ရောက်သည်ကို တွေ့ရပါသည်။ သစ်တောသစ်ပင်များလည်း ရှိသင့်သလောက် ရှိပါသည်။ ၁-၄-၉၇ ရက်နေ့ ဖလမှ တလီထုသို့ ခရီးဆက်ရာ တွင်လုပသော ထင်းရှူးပင်များ၊ ဝါးပင်ငယ်တောများနှင့် အချို့နေရာများတွင် တောင်ယာများတွေ့ခဲ့ရပါသည်။

၂-၄-၉၇ ရက်နေ့တွင် တလီထုစခန်းမှ Namain Ka တောင်ကြားလမ်းအတိုင်း ကျောက်တိုင်အမှတ် မ-၄၄ ရှိရာသို့သွားခဲ့ရာ မပညှ NJ.2503 သို့ရောက်ရှိခဲ့ပါသည်။ ထိုနေရာတွင် ရေခဲမြစ်ဖုံးလွှမ်း၍ ထိုရေခဲပြင်၌ ကျော်လွှားသွားနိုင်သော်လည်း နောင်တွင်တွေ့ရမည့် Snow bad များသည် အန္တရာယ်အလွန်များကြောင်းသိရှိ၍ ပြန်လှည့်ခဲ့ရပါသည်။ ၃-၄-၉၇ ရက်နေ့တွင် တလီထုစခန်းသို့ပြန်လည်ရောက်ရှိစခန်းချပြီး ၄-၄-၉၇ ရက်နေ့တွင် ခါကာဘိုရာဇီတောင်တက်လမ်းအတိုင်း နေ့ခြင်းပြန်ခရီးထွက်ခဲ့ရာ လမ်း၏အရှေ့ဘက်၌ ကျောက်တောင်များ လမ်း၏ အနောက်ဘက်၌ အဒွန်ဝမ်ချောင်းနှင့် ခါကာဘိုရာဇီတို့အားတွေ့မြင်နေရပါသည်။ ယခင်ဂျပန်တောင်တက်အဖွဲ့ စခန်းချခဲ့ကြသည်။ ထိုရဝမ်ဒမ်းစခန်းတို့အားကျော်ဖြတ်ပြီး ရဝမ်ချောင်းနှင့် အဒွန်ဝမ်းချောင်းဆုံးရာ ချောင်းဆုံးအား ကျော်လွန်ပြီး အဒွန်ဝမ်ချောင်းအား သစ်လုံးတံတားဖြင့် ကျော်ဖြတ်၍ ရဝမ်ချောင်းသို့ ပြန်လည် ဆင်းသက်ရပါသည်။ ထိုမှတစ်ဖန် ရဝမ်ချောင်းအားလည်း သစ်လုံးတံတားဖြင့်ပင်ကျော်ဖြတ်၍ မြေပုံထဲ၌ Snow bad ကြီးတစ်ခုတည်ရှိရာ အခြေ မပညှ NO.1407 သို့ရောက်ရှိခဲ့ပါသည်။ ထိုနေရာ၌ပင် Blood Ph ခေါ်ရေခဲငှက်အုပ်အား တွေ့မြင်ခဲ့ရသည်။ လမ်းတစ်လျှောက် ရဝမ်ဒမ်းဟူသောအရပ်တွင် ကျယ်ပြန့်သော လွင်ပြင်ရှိ၍ ဝါးပင်ငယ်များသာ ပေါက်ရောက်နေကြောင်း တွေ့ခဲ့ရ၍ အချို့နေရာများတွင် ကြီးမားသောထင်းရှူးပင်၊ ထင်းရှူးတောများ ရဝမ်ချောင်း၏ တောင်ဘက် ခါကာဘိုရာဇီတောင်ခြေ၌ အဖတ်အဖတ်နှင့် အနီရောင်ရှိသောအပင်များအား အရွက်မရှိဘဲ ရိုးတံကျဲဖြင့် တွေ့မြင်ခဲ့ရပါသည်။ ထိုနေ့တွင်ပင်တလီထုသို့အရောက်ပြန်၍ ၅-၄-၉၇ မှ ၆-၄-၉၇ ရက်များသည် တဟွန်ဒမ်းသို့အပြန်ခရီးပင် ဖြစ်ပါသည်။ ခါကာဘိုရာဇီတောင်ခြေ ပေ ၁၀၅၀၀ အမြင့်သို့ စာရေးသူဦးစန်းအေး၊ ဦးဆန်းကျော်တို့ရောက်ရှိခဲ့ကြောင်း မြန်မာနိုင်ငံခြေလျင် တောင်တက်အသင်းတွင် မှတ်တမ်းဝင်ခဲ့ပြီးဖြစ်ပါသည်။

++++++

PDF Compressor Free Version



# An Old Forester Looks Back. Two – Forest Policies and Measures in Myanmar

By

U Sein Thet, B.Sc (For), M.Sc (ANU), MIFA

Myanmar is one of the most forested countries of mainland Southeast Asia and is a globally important biodiversity hotspot. However, forest cover has decline from 58% in 1990 to 44% in 2015, and had the third highest rate of deforestation between 2010 and 2015. After years of military dictatorship, a newly democratic government was formed in 2015 and is facing many environmental issues.

Myanmar is rich in forest resources and biodiversity and at least 40% of the total area of the country is still forested. Forest resources provide many social, economic, and environmental benefits. Sustainably managed forests provide essential goods and services and thus play a vital part in sustainable development of Myanmar. For about 70% of 52 million people who live at rural areas, forests are their only home. They provide fuel and construction wood, animal products, fruits, nuts, honey and species, organic fertilizers, fodder for animals, traditional medicines and many raw materials for industry such as oils, resins, gums rubbers, waxes, fibres, rattan and bamboo.

The Government of Myanmar is currently involved in various important reforms of the Forest Sector including a major update of the Forest Law and related by-laws. In view of the importance of the Myanmar Forestry Sector in enhancing national socio-economic development, and ensuring ecological balance and environmental stability, the Myanmar Forest Policy has been formulated in a holistic and balanced manner within the overall context of the environment and sustainable development. Legally peaking, Forest Resources belong to the State; it is administered by the Ministry of Natural Resources and Environmental Conservation (MONREC) on behalf of the Government.

The 2015 Paris climate treaty calls for capping global warming at "well below" two degrees Celsius (35.6 degrees Fahrenheit), a goal that scientists say could soon slip out of our grasp if planet-warming continues to climb. Even a 2°C ceiling above pre-industrial levels may not be enough to avoid catastrophic impacts, the UN's climate science panel concluded in a landmark report in October 2018. The UN Intergovernmental Panel on Climate Change (IPCC) has said that $CO_2$ emissions must drop 50 percent by 2030 and reach "net zero", with no additional leakage into the atmosphere by 2050 if the rise in Earth's temperature is to be checked at the safer limit of 1.5°C.

Because forests provide the bulk of the world's forest products and a number of ecological and environmental services, such as water purification, erosion control and carbon sequestration. It is vital to understand current forest resources and the many paths by which forests are changing. Forests also act as sinks and sources of carbon. So, monitoring forest additions and deletions through land-use change helps scientists and decision-makers to gauge the forests' ability to reduce net greenhouse gas (GHG) emissions. Sustainable forest management means different things to different people. It includes the use of social, environmental and economic criteria that help to maintain the flow of forest goods and services without significant degradation over time. Essentially, it is forest management for the long term: the production of forest goods and services to meet the needs of present and future generations while preserving natural capital.

As a party to the UNFCCC, Myanmar has been voluntarily developing and promoting various policies and measures to alleviate global warming at all levels of the economy. Such endeavors also contribute to international collaborative efforts to reduce greenhouse gases. In accordance with the provisions of the Convention and the Kyoto Protocol, Myanmar, as a developing country, is under no obligation to quantified reduction or limitation of greenhouse gas emission. However, over the past 20 years and more, in the spirit of being responsible for the global environment and meeting the need of promoting sustainable development strategy, Myanmar has made positive contributions to relieving the increase of greenhouse gas emission and protecting global climate by adjusting its economic structure, improving its energy efficiency, developing and using hydropower and other renewable energy and strongly implementing afforestation policies and measures.

PDF Compressor Free Version


Myanmar Selection System (MSS) in short, has been the principal forest management system applied in managing the natural forest in Myanmar since 1,856. It involves formation of felling series, each of which is divided into 30 annual coupes based on equal productivity and more of less the same size and worked over a period of 30-year felling cycle under MSS, only mature trees are selected and harvested. Harvesting of trees is regulated based on annual growth and controlled by girth limits prescribed species-wise. Felling of exploitable trees is within the bounds of carefully calculated Annual Allowable Cut (AAC). Fixing AACs, therefore, accords the increment of individual tree species, which has taken place over the course of 30-year felling cycle. AAC is thus a tool that ensures the harvest of timber yield on a sustained basis. AACs for teak and non-teak other hardwoods are periodically revised and fixed based on the updated information for State and Region. As one the main important activity, Forest Department of Ministry of Natural Resources and Environmental Conservation has conducted Forest Resources Inventory during October 2012 through March at Magway Region Forest including Reserved Forests and Unclassed Forests. According to Thayet District forest inventory data the estimated outturn Biomass volume of exploitable girth limit (6'-0" and above) hardwood tree species other than teak tree, are between 1.6 ton/tree to 3.7 ton/tree, averaging 2.2 ton/tree (3.2 cu metre/tree). Magway Region timber extraction during (2013-2014) data showed that the outturn was only 1,4 ton/tree (2.0 cu metre/tree). So, it can be easily seen that about 0.8 ton/free (1.2cu metre/ tree) of felled trees biomass volume as lop and top and unfelled mark trees biomass volume leftover in the forest.

To promote sustainable forest management and development for attaining socio-economic benefits and environmental sustainability, a new forest policy was promulgated and adopted in 1995. The policy underlines sustainable forest management without impairing the production capacity, while meeting the social and community needs and conserving the biological diversity and environmental stability. As stipulated in the Myanmar Forest Policy, 1995, 30% of the total land area of the country will eventually be constituted as Reserved and Protected Public Forest. Up to end of March, 2015, the total area of Reserved and Protected Public Forest is 65319.3 square miles (169164 square kilometer) or 25% of the total land area. The establishment of a network of Protected Area System (PSA) is crucial for biological diversity conservation which can contribute directly to sustainable development and poverty reduction. In Myanmar, the existing PAS covering 15021.66 square mile, 5.7% of the total land area of the country includes representative samples of the major ecosystems and landscapes of outstanding beauty. In line with policy stipulation to extend PAS up to 10% of the total land area of the country nine proposed protected areas totaling 8819.64 square mile and representing 3.37% of the total land area are at the different stages of process for notification.

According to Forest Resource Assessment 2010 conducted by Forest Department, the forest cover in 2000, 2005 and 2006 represent 52.13%, 52.45% and 48.79% of the total land area respectively. This assessment estimates the forest cover in 2010 to be 47.01% and 42.9% in 2015 (Statically Year Book, 2015). To promote sustainable forest management and development for attaining socio-economic benefits and environmental sustainability, a new forest policy was promulgated and adopted in 1995. The policy underlines sustainable forest management without impairing the production capacity, while meeting the social and community needs and conserving the biological diversity and environmental stability. As stipulated in the Myanmar Forest Policy, 1995, 30% of the total land area of the country will eventually be constituted as Reserved and Protected Public Forest.

Forest resources have been and are being degraded and depleted world-wide as a result of increasing human needs, agricultural expansion and environmentally harmful mismanagement. In the Indo-Malyan biogeographically realm, Myanmar is one of a few countries where nearly half of the total land area is covered with forest stands. Although forest cover is high, the distributional pattern is uneven with the central dry zone almost bare of forests, while the northern region is clothed in rich pristine forests. The forests of Myanmar are drivers in character, and valuable in terms of revenue generation export earnings and environmental conservation. During the period between 1990 and 2000 annual forest cover loss was estimated at 435,000 ha, between 2000 and 2005 was 309,000 ha, and between 2005 and 2010 was 310,000 ha. According to FAO-FRA estimate during the period between 1990 and 2010 annual loss was 372,250 ha. The most serious deforestation occurred in Magwe Division, Kayah State, Kachin State, Bago Division, Sagaing Division, Ayeyarwady Division and Mandalay Division. According to Forest Department of Ministry of Environmental Conservation and Forestry; the main

PDF Compressor Free Version



threats to forest resources in Myanmar are due to a combination of factors: -

➢Encroachment by farmers;
➢Shifting cultivation;
➢Over exploitation, Illegal logging and illegal trade;
➢Forest Fires;
➢Mining and Building of dams;
➢Urbanization and infrastructure development t and
➢ Lack of awareness of the importance of biodiversity.

Mangrove degradation is a serious problem in Myanmar. Addressing the problem of mangrove will not only be to implement effective reforestation programs but also to understand the local people's dependence on the forests and other socioeconomic conditions.

Drivers of the observed changes ranged from climatic factors such as natural disasters to socio-economic factors.

The study notes that to a large extent the growth of wood consumption by households and other traders especially bamboo-racks owners for their commercial dry shrimp producing activities is influenced by the lack of other fuel sources and higher price of available source in the study areas.

Then, aquaculture has become as another cause of loss of mangrove areas in Ayeyarwady Delta including the study areas due to overexploitation to develop the commercial shrimp farms. Shrimp farming has been promoted to boost national economies as a potential source of income for local communities with its high economic return and as a mean of poverty alleviation. Awareness of the importance of the biodiversity of the coastal ecosystem and its endangered situation has led to the implementation of measures to ensure sustainable development and conservation. Thus, mangrove degradation is one of the most important environmental problems that the government needs to address and set up the policy, rules and regulations in order to meet the sustainable development target of the country.

***Community Forestry*** and community participation in forestry development which basically imply ***forestry for people*** is not a new concept in Myanmar. Participation of local communities in the protection and management of forest resources has always remained significant over the years. Being a predominantly rural country, forest and people have shared a strong symbiotic relationship from time immemorial and the rights to use the forest resources is strongly embedded within the sentiments of the rural communities.

In recognition of the need for increased people 's participation in forestry, a ***Forest Policy***, 1995 has been enacted. A special section on People's Participation and Public Awareness has laid down objectives, strategies and action plan to mobilize people's participation in the forestry. The policy document envisages that people's participation will be secured in all aspects of forestry sector development to ensure "people-based development" and to create public awareness and motivation for protection and conservation of forests. The Community Forestry Instruction (CFI) was issued in 1995, and initiated the promotion of Community Forestry in Myanmar, and is revised in 2016, after 20 years.

Myanmar possesses a flora and fauna of rich diversity. Various forest types of Myanmar are inhabited by a vast array of plants and wildlife species whereas rivers systems and tidal forests serve as breeding place for a wide range of aquatic species. Conservation of these biological resources has been incorporated in the broader scope of nature and wildlife conservation which is regarded as one of the national priorities in Myanmar. Protection of soil, water, wildlife, biodiversity and the entire environment is identified as an important imperative in the 1995 Myanmar forest Policy. According to the Protection Wildlife and Wild plant and conservation of Natural Aras Law (1994), wildlife species are categorized into three groups depending on their conservation status: completely protected species (39 mammal, 312 bird, 9 reptile), protected species (31 mammal, at least 225 bird, at least 19 reptile) and seasonally protected species (2 mammal, 135 bird).

In line with the Government commitment to biodiversity conservation, the Forest Policy (1995) identified six imperatives: (a) Protection of soils, water, wildlife, biodiversity and environment; (b) Sustainability of forest resources; (c) Basic needs of the people for fuel, shelter, food and recreation; (d) Efficiency to harness the full economic potential of the forest resource; (e) Participation of the people in the conservation and utilization of the forests; and (f) Public awareness about the vital role of the forests. Myanmar is a signatory to a number of international agreements concerning biodiversity conservation and sustainable resource uses. The most relevant agreements are Convention on International Trade in Endangered Species of Wildlife Fauna and Flora (CITES), CBD, World Heritage Convention (WHC), Ramsar Convention and Man and Biosphere (MAB) Programme. For the most part, Myanmar's commitments to these agreements have yet to be fully translated into effective conservation action.

PDF Compressor Free Version



The Government of Myanmar has taken several steps to address the impact of environmental stresses on socio-economic sectors. These include policies, strategies, plans and programmes that focus on (i) sustainable development; (ii) sustainable utilization of natural resources; (iii) forest conservation; (iv) disaster risk reduction; and (v) environmental protection. Almost all the ministries have laid out policies, objectives and strategies for developing their respective socio-economic sectors. These strategies are indirectly related to climate change adaptation as they encourage sustainable development of socio-economic sectors and this "sustainable aspect" overlaps in general with adaptation strategies for reducing climate change impacts. Some activities undertaken primarily for mitigation purposes might be associated with adaptation benefits. Forestry is one of the sectors where there is a laree recognized potential for adaptation co-benefits of mitigation actions. For example, forestry activities undertaken to deliver greenhouse gas impacts may also provide a range of ecosystem-based adaptation benefits and services depending on their location.

Land resources are the essential indispensable resource for the existence of humans and society. The difference between this vital resource and other resources is that it could not be increased and has limitations. This is to be noted. According to an estimate by FAO (Food and Agriculture Organization), increase in population and soil erosion in the land, by 2020 there will be only 0.18 hectare of cultivable land per person. This is half of cultivable land per person in 1960 and by 2050 it is estimated to be reduced by half again.

In order to use and manage the land resource in the country sustainably, a national land use policy was drawn up with the participation of the people and was enacted and announced in January 2016. The enacting of this policy that was not in existence before is a progress in land sector reform and development, but to establish systematic land management, the enacted national land use policy is required to be implemented practically. The national land use council was formed in order to implement the aims, guidelines and basic principles of the national land use policy and to implement laws related to it.

To achieve the MDGs goals, Myanmar sims to integrate the principles of sustainable development into its policies and programs and reverse the loss of environmental resources. However, the accumulated use of solid fuels-including charcoal, fuel-wood, and their substitutes-is exerting increasing pressure on the country's natural resource base. Linkages among use of solid fuel (mainly cooking), indoor air pollution, deforestation, soil erosion and greenhouse gas emission are well known. With the majority of the population about 70% who live in rural areas are using solid fuel/ wood fuel (over 90%), the greening of dry zone areas and the introduction of wood fuel stove/ energy saving stoves (ESS)/ improved cook stove (ICS) are significant efforts to reduce wood fuel consumption and to promote environmental sustainability. Another system to reduce consumption of wood fuel is making briquettes and fuel sticks from agricultural crop waste and lumber waste.

Apart from Energy Policy, Myanmar Forest Policy has been developed in 1995 and it comprises six policy imperatives; Protection, Sustainability, Basic Needs, Efficiency, Public Awareness, and People Participation. It can be recognized that the policy imperatives and stipulated in Myanmar Forest Policy (1995) are also contributing to achieve the objectives of Energy Policy as it ensures conserving the forest resources towards sustainable development while fulfilling the basic needs of people such as fuel-wood, timber and other forest produce and using forest resources in an efficiency way. Ministry of Natural Resource and Environmental Conservation has formulated the long-term National Forestry Master Plan (2001-02 to 2030-31) and it include bio-energy chapter as an important sector. According to the plan, although population increases, the decreased demand for fuel-wood is expected at the end of planned period due to an increase in use of fuel -wood substitutes, energy efficiency stoves and alternative energy. It was targeted in the plan that the percent of fuel -wood and charcoal users would decline of 76.61% in 2000, 69.40% in 2010, 58% in 2020 and 46% in 2030 respectively. In Myanmar, the main sources of fuel-wood production are fuel wood plantations and National Forests such as Unclassed Forest, Local Supply Reserved Forest, and Community Forest.

Since Myanmar is a signatory country to the UNFCCC, the Forest Department has been undertaking every possible measure for climate change mitigation and adaptation. With the financial and technical supports of Norwegian Government, UN-REDD Programme, ITTO, RECOFTC, and other partner organizations, Myanmar prepared REDD+ Readiness Roadmap in June 2013 with the participation of government line Ministries, regional governments, CSOs, NGOs, INGOs, academia and local communities.

စာမျက်နှာ (၄၆) သို့

PDF Compressor Free Version





# ကြသောင်းဝါးရုံစီမံအုပ်ချုပ်မှုပုံစံများ၏ မျှစ်ထွက်ရှိမှုနှင့် ကြသောင်းဝါးပင်ကြီးထွားမှုတို့အပေါ် သက်ရောက်မှု

ဆုမြတ်နှင်း၊ ဦးစီးအရာရှိ

မြန်မာ့လူမှုအဖွဲ့အစည်း တွင် ရှေးအစဉ်အဆက်ကပင် ဝါးကို အစားအစာ၊ အိမ်ဆောက်ပစ္စည်း၊ ပရိဘောဂပစ္စည်းနှင့် အသုံးအဆောင်ပစ္စည်းများအဖြစ် ပုံစံအမျိုးမျိုးဖြင့် သုံးစွဲခဲ့ကြသည်။ ကျေးလက်နေ ပြည်သူများအနေဖြင့် ဝါးသယံဇာတများကို အလွယ်တကူလက်လှမ်းမီသည့် အားလျော်စွာ ၎င်းတို့၏ နေ့စဉ်လူမှုဘဝတွင် အရေးပါသည့် ကဏ္ဍမှပါဝင်လျက်ရှိသည်။ ကြသောင်းဝါး၊ မျှင်ဝါး၊ ကြလို့ဝါး၊ ဝါးပိုးဝါး၊ ဝါးပါး စသည်ဖြင့် ဒေသအလိုက် ပေါက်ရောက်သည့် ဝါးများကို မျှစ်ပြုတ်၊ မျှစ်ချဉ်၊ မျှစ်ခြောက်စသည်ဖြင့် စားသုံးကြရာ ၂၀၀၅ ခုနှစ်တွင် ပြည်တွင်းမျှစ် စားသုံးမှုသည် ၁၃,၆၉၅ တန်ဟု ခန့်မှန်းရပါသည် (ITTO, 2005)။ ထို့ပြင် ဝါးသည် နေအိမ်ဆောက်လုပ်ခြင်း၊ ပရိဘောဂပြုလုပ်ခြင်း၊ လက်မှုပစ္စည်းပြုလုပ်ခြင်းတို့တွင် သစ်အစားထိုး သုံးစွဲနိုင်သည့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းဖြစ်ပြီး ကျေးလက်ပြည်သူများ၊ ခရီးသွားလုပ်ငန်းရှင်များအကြားတွင်ကျယ်စွာအသုံးပြုကြသည်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ ၂၀၀၅ ခုနှစ် အစီရင်ခံစာအရ ၁၉၉၀ ခုနှစ်တွင် နှစ်စဉ်ဝါးထုတ်ယူသုံးစွဲမှုသည် ၇,၇၅၂,၀၀၀ တန်ရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်တွင် ၉,၈၀၃,၀၀၀ တန်သို့ တိုးမြှင့်ထုတ်ယူခဲ့ပါသည်။ ကျေးလက်နေပြည်သူများအနေဖြင့် သဘာဝဝါးတောကို စနစ်တကျစီမံအုပ်ချုပ်ထုတ်ယူသုံးစွဲပါက စားဝတ်နေရေးအခြေခံလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည့်အပြင် နှစ်စဉ်ဝင်ငွေရရှိနိုင်မည့် အလားအလာကောင်းသည့် သစ်တောထွက်ပစ္စည်းဖြစ်သည်။ လေ့လာတွေ့ရှိချက်အရ ဝါးအခြေပြု ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောမှ ဝါးခုတ်သားတစ်ဦးလျှင် ၈၂၀,၀၀၀ ကျပ်၊ ဝါးခေါင်း တစ်ဦးလျှင် ၂,၄၀၂,၀၀၀ ကျပ်၊ အသုံးပြုသူအဖွဲ့တစ်ဦးလျှင် ၇,၂၉၅,၀၀၀ ကျပ်ခန့် နှစ်စဉ် ဝင်ငွေရရှိပါသည် (Win et. al., 2019)။

ဝါးသယံဇာတများကို အလေအလွင့်၊ ထိခိုက်မှုနည်းပါးစွာ ထုတ်ယူသုံးစွဲနိုင်မည့် ဝါးရုံစီမံအုပ်ချုပ်မှုပုံစံများကို လေ့လာဖော်ထုတ်ထားသည့် ယခင်သုတေသနစာတမ်းများတွင် မျှစ်စို့စတင်ထွက်ရှိသည့် အစောပိုင်းလများတွင် ထွက်ရှိသည့်မျှစ်စို့များကို မျှစ်အဖြစ်ထုတ်ယူပြီး နောက်ပိုင်းလများတွင် ထွက်ရှိသည့် မျှစ်စို့များကိုမူ မိခင်ဝါးပင်အဖြစ် ဆက်လက်ထိန်းသိမ်းသင့်ကြောင်း အကြံပြုထားပါသည် (Mera et al., 2014)။ သို့သော် အချို့ဝါးပညာရှင်များ၏ အတွေ့အကြုံအရ မျှစ်ထွက်ရှိသည့်ကာလ၏ နောက်ပိုင်းလများတွင် မြေအောက်ပင်စည်တွင် အာဟာရလျော့နည်းလာသည့်အားလျော်စွာ ထွက်ရှိသည့်မျှစ်စို့များသည် အရွယ်အစားသေးငယ်ပြီး ပိုးမွှားများ၏တိုက်ခိုက်မှုကို ပိုမိုခံရနိုင်ဖွယ်ရှိကြောင်း သိရှိရပါသည်။

ထို့ကြောင့် ယခုသုတေသနစာတမ်းတွင် ဝါးရုံတစ်ရုံမှ မျှစ်နှင့် ဝါး၊ နှစ်မျိုးလုံးကို နှစ်စဉ် ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေး ထိန်းသိမ်းထားသင့်သည့် သက်ရင့် ဝါးပင်အရေအတွက်၊ မျှစ်ထွက်သည့်ကာလ (မေလမှ စက်တင်ဘာလ) အတွင်း ထွက်ရှိလာသည့်မျှစ်စို့များကို မျှစ်အဖြစ် ထုတ်ယူသင့်သည့်ကာလ၊ ဝါးပင်အဖြစ်ဆက်လက်ကြီးထွားရန် ချန်သင့်သည့် ကာလနှင့် အရေအတွက်တို့ကို လေ့လာဖော်ထုတ်ခဲ့ပါသည်။





သုတေသနလုပ်ငန်းကို ၂၀၂၀ ခုနှစ်တွင် ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ရဲနွယ်ကြိုးဝိုင်း၊ အကွက်အမှတ်(၈၄)အတွင်း ဆောင်ရွက်ခဲ့ပါသည်။ သုတေသနစမ်းသပ်ကွက်များသည် လတ္တီကျူ ၁၈° ၃'၊ လောင်ဂျီကျူ ၉၆° ၁၉'၊ ပင်လယ်ရေမျက်နှာပြင်အထက် ၇၉၅ မီတာတွင်တည်ရှိပါသည်။ သမပိုင်းစိုစွတ်သော ရာသီဥတုရှိပြီး ဇွန်လတွင် မုတ်သုံရာသီစတင်၍ စက်တင်ဘာလအထိ ကြာ

PDF Compressor Free Version






မြင့်လေ့ရှိပြီး နှစ်စဉ် ပျမ်းမျှမိုးရေချိန်မှာ ၉၉၉.၉ မီလီမီတာခန့်ရှိသည်။ နွေရာသီတွင် ပျမ်းမျှအမြင့်ဆုံး အပူချိန်သည် ၂၉– ၃၇ ဒီဂရီစင်တီဂရိတ်အထိရောက်ရှိတတ်ပြီး ဆောင်းရာသီတွင် ပျမ်းမျှအနိမ့်ဆုံးအပူချိန် ၁၇– ၂၄ ဒီဂရီစင်တီဂရိတ်အထိ ကျဆင်းလေ့ရှိသည်။

သုတေသနဆောင်ရွက်သည့် ဧရိယာအတွင်း အချက်အလက်များ အကြိုကောက်ယူစုဆောင်းခြင်းကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဆောင်ရွက်ခဲ့ပြီး ၃၀ × ၃၀ မီတာအရွယ် နမူနာကွက်များ ချမှတ်၍ အချက်အလက်များ အကြိုကောက်ယူစုဆောင်းခြင်းအရ နမူနာကွက် (၁)ကွက်လျှင် ပျမ်းမျှ ကြသောင်းဝါးရုံ (၂၁) ရုံနှင့် တင်းဝါး ဝါးရုံ (၃၃)ရုံ၊ စုစုပေါင်း ဝါးရုံ (၅၄)ရုံပါဝင်သည်။ ဒေသခံပြည်သူများအနေဖြင့် မျှစ်ချိုးယူစားသုံးသည့်အပြင် နေအိမ် ဆောက်လုပ်ခြင်း၊ ခြံစည်းရိုး/ ယာစည်းရိုးကာရံခြင်းတို့တွင် ကြသောင်းဝါးကို တွင်ကျယ်စွာ အသုံးပြုခြင်းကြောင့် ယခုသုတေသနတွင် ကြသောင်းဝါးရုံများကို Completely Randomized Factorial Design အသုံးပြု၍ ကျပန်းရွေးချယ်ခဲ့ပါသည်။ ဝါးရုံရွေးချယ်ခြင်း၊ ခုတ်လှဲခြင်းတို့ကို မတ်လတွင်ဆောင်ရွက်ခဲ့ပါသည်။ ကြသောင်းဝါးရုံတစ်ရုံလျှင် (၆.၅) စင်တီမီတာမှ (၉.၅) စင်တီမီတာ အကြား ရင်စို့အချင်းရှိသည့် တစ်နှစ်သားဝါးပင် (၅)ပင်၊ နှစ်နှစ်သားဝါးပင် (၅) ပင်နှင့်အထက်ရှိသည့် ဝါးရုံ (၁၅၀) ကို ရွေးချယ်၍ ဝါးရုံစီမံအုပ်ချုပ်မှု ပုံစံတစ်မျိုးလျှင် ကြသောင်းဝါးရုံ (၁၀)ရုံနှုန်းဖြင့် စမ်းသပ်ခဲ့ပါသည်။ ဝါးရုံပြုပြင်သည့်ပုံစံ (၃) မျိုး (A၁၊ A၂၊ Control)၊ လ (၅)မျိုး (မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ) ပါဝင်သည့် အောက်ဖော်ပြပါ ဝါးရုံစီမံအုပ်ချုပ်မှုပုံစံများ (ဝါးရုံပြုပြင်ခြင်း+ လ) (၃ × ၅ factorial experiments) ကို အသုံးပြု၍ အချက်အလက်များ ကောက်ယူခဲ့ပါသည်–







A၁ B၁ ဝါးရုံတစ်ရုံလျှင် တစ်နှစ်သားဝါးပင် (၃)ပင်၊ နှစ်နှစ်သားဝါးပင် (၃)ပင်၊ စုစုပေါင်း (၆)ပင်ချန်၍ ကျန်ဝါးပင်များကို ခုတ်လှဲခြင်း၊ မေလအတွင်း ပထမ (၁၀) ရက်နှင့် ဒုတိယ (၁၀)ရက်တို့အတွင်း ထွက်ရှိသည့် မျှစ်စို့များကို ထုတ်ယူ၍ တတိယ (၁၀)ရက်အတွင်းထွက်ရှိသည့် မျှစ်စို့များကို နှစ်ချင်းပေါက် ဝါးပင်အဖြစ် ဆက်လက်ကြီးထွားစေခြင်း။

A၁ B၂ ဝါးရုံတစ်ရုံလျှင် တစ်နှစ်သားဝါးပင် (၃)ပင်၊ နှစ်နှစ်သားဝါးပင်(၃)ပင်၊ စုစုပေါင်း(၆)ပင်ချန်၍ ကျန်ဝါးပင်များကို ခုတ်လှဲခြင်း၊ ဇွန်လအတွင်း ပထမ (၁၀)ရက်နှင့် ဒုတိယ (၁၀)ရက်တို့အတွင်း ထွက်ရှိသည့်မျှစ်စို့များကို ထုတ်ယူ၍ တတိယ (၁၀)ရက်အတွင်း ထွက်ရှိသည့်မျှစ်စို့များကို နှစ်ချင်းပေါက် ဝါးပင်အဖြစ် ဆက်လက်ကြီးထွားစေခြင်း။

A၁ B၃ ဝါးရုံတစ်ရုံလျှင် တစ်နှစ်သားဝါးပင် (၃) ပင်၊ နှစ်နှစ်သားဝါးပင် (၃) ပင်၊ စုစုပေါင်း (၆) ပင်ချန်၍ ကျန်ဝါးပင်များကို ခုတ်လှဲခြင်း၊ ဇူလိုင်လအတွင်း ပထမ (၁၀)ရက်နှင့် ဒုတိယ (၁၀)ရက်တို့အတွင်းထွက်ရှိသည့်မျှစ်စို့များကို ထုတ်ယူ၍ တတိယ(၁၀)ရက်အတွင်း ထွက်ရှိသည့်မျှစ်စို့များကို နှစ်ချင်းပေါက် ဝါးပင်အဖြစ် ဆက်လက် ကြီးထွားစေခြင်း။

A၁ B၄ ဝါးရုံတစ်ရုံလျှင် တစ်နှစ်သားဝါးပင် (၃)ပင်၊ နှစ်နှစ်သားဝါးပင် (၃)ပင်၊ စုစုပေါင်း (၆)ပင်ချန်၍ ကျန်ဝါးပင်များကို ခုတ်လှဲခြင်း၊ ဩဂုတ်လ အတွင်း ပထမ (၁၀)ရက် နှင့် ဒုတိယ (၁၀)ရက်တို့အတွင်းထွက်ရှိသည့် မျှစ်စို့များကို ထုတ်ယူ၍ တတိယ (၁၀)ရက်အတွင်း ထွက်ရှိသည့်မျှစ်စို့များကို နှစ်ချင်းပေါက် ဝါးပင်အဖြစ် ဆက်လက်ကြီးထွားစေခြင်း။

A၁ B၅ ဝါးရုံတစ်ရုံလျှင် တစ်နှစ်သားဝါးပင် (၃)ပင်၊ နှစ်နှစ်သားဝါးပင် (၃)ပင်၊ စုစုပေါင်း (၆)ပင်ချန်၍ ကျန်ဝါးပင်များကို ခုတ်လှဲခြင်း၊ စက်တင်ဘာလအတွင်း ပထမ (၁၀) ရက်နှင့် ဒုတိယ(၁၀)ရက်

PDF Compressor Free Version



တို့အတွင်း ထွက်ရှိသည့် မျှစ်စို့များကို ထုတ်ယူ၍ တတိယ (၁၀)ရက်အတွင်း ထွက်ရှိသည့် မျှစ်စို့များကို နှစ်ချင်းပေါက်ဝါးပင်အဖြစ် ဆက်လက်ကြီးထွားစေခြင်း။

A၂B၁ ဝါးရုံတစ်ရုံလျှင် တစ်နှစ်သားဝါးပင် (၄)ပင်၊ နှစ်နှစ်သားဝါးပင် (၄)ပင်၊ စုစုပေါင်း (၈)ပင်ချန်၍ ကျန်ဝါးပင်များကို ခုတ်လှဲခြင်း၊ မေလအတွင်း ပထမ (၁၀)ရက်နှင့် ဒုတိယ (၁၀)ရက်တို့အတွင်း ထွက်ရှိသည့်မျှစ်စို့များကို ထုတ်ယူ၍ တတိယ (၁၀)ရက်အတွင်း ထွက်ရှိသည့်မျှစ်စို့များကို နှစ်ချင်းပေါက်ဝါးပင်အဖြစ် ဆက်လက်ကြီးထွားစေခြင်း။

A၂B၂ ဝါးရုံတစ်ရုံလျှင် တစ်နှစ်သားဝါးပင်(၄)ပင်၊ နှစ်နှစ်သားဝါးပင် (၄)ပင်၊ စုစုပေါင်း (၈)ပင်ချန်၍ ကျန်ဝါးပင်များကို ခုတ်လှဲခြင်း၊ ဇွန်လအတွင်း ပထမ (၁၀)ရက်နှင့် ဒုတိယ (၁၀)ရက်တို့အတွင်း ထွက်ရှိသည့်မျှစ်စို့များကို ထုတ်ယူ၍ တတိယ (၁၀)ရက်အတွင်း ထွက်ရှိသည့်မျှစ်စို့များကိုနှစ်ချင်းပေါက်ဝါးပင်အဖြစ် ဆက်လက်ကြီးထွားစေခြင်း။

A၂B၃ ဝါးရုံတစ်ရုံလျှင် တစ်နှစ်သားဝါးပင် (၄)ပင်၊ နှစ်နှစ်သားဝါးပင် (၄)ပင်၊ စုစုပေါင်း(၈)ပင်ချန်၍ကျန်ဝါးပင်များကို ခုတ်လှဲခြင်း၊ ဇူလိုင်လအတွင်း ပထမ (၁၀)ရက်နှင့် ဒုတိယ (၁၀)ရက်တို့အတွင်း ထွက်ရှိသည့် မျှစ်စို့များကိုထုတ်ယူ၍ တတိယ (၁၀)ရက်အတွင်း ထွက်ရှိသည့်မျှစ်စို့များကို နှစ်ချင်းပေါက်ဝါးပင်အဖြစ်ဆက်လက်ကြီးထွားစေခြင်း။

A၂B၄ ဝါးရုံတစ်ရုံလျှင် တစ်နှစ်သားဝါးပင် (၄)ပင်၊ နှစ်နှစ်သားဝါးပင်(၄)ပင်၊ စုစုပေါင်း(၈)ပင်ချန်၍ ကျန်ဝါးပင်များကိုခုတ်လှဲခြင်း၊ ဩဂုတ်လအတွင်းပထမ (၁၀)ရက်နှင့် ဒုတိယ(၁၀)ရက်တို့အတွင်း ထွက်ရှိသည့် မျှစ်စို့များကိုထုတ်ယူ၍ တတိယ(၁၀) ရက်အတွင်း ထွက်ရှိသည့်မျှစ်စို့များကို နှစ်ချင်းပေါက်ဝါးပင်အဖြစ် ဆက်လက်ကြီးထွားစေခြင်း။

A၂B၅ ဝါးရုံတစ်ရုံလျှင် တစ်နှစ်သားဝါးပင် (၄)ပင်၊ နှစ်နှစ်သားဝါးပင် (၄)ပင်၊ စုစုပေါင်း (၈)ပင်ချန်၍ ကျန်ဝါးပင်များကို ခုတ်လှဲခြင်း၊ စက်တင်ဘာလအတွင်း ပထမ (၁၀)ရက်နှင့် ဒုတိယ (၁၀)ရက်တို့အတွင်း ထွက်ရှိသည့် မျှစ်စို့များကို ထုတ်ယူ၍ တတိယ (၁၀)ရက်အတွင်း ထွက်ရှိသည့်မျှစ်စို့များကို နှစ်ချင်းပေါက်ဝါးပင်အဖြစ် ဆက်လက်ကြီးထွားစေခြင်း။

C၁ ဝါးရုံခုတ်လှဲခြင်းမပြုဘဲ မေလအတွင်း ပထမ (၁၀) ရက်နှင့် ဒုတိယ (၁၀) ရက်အတွင်း ထွက်ရှိသည့် မျှစ်စို့များကိုထုတ်ယူ၍ တတိယ(၁၀)ရက်အတွင်း ထွက်ရှိသည့် မျှစ်စို့များကို နှစ်ချင်းပေါက် ဝါးပင်အဖြစ် ဆက်လက်ကြီးထွားစေခြင်း။

C၂ ဝါးရုံခုတ်လှဲခြင်းမပြုဘဲ ဇွန်လအတွင်း ပထမ (၁၀) ရက်နှင့် ဒုတိယ (၁၀)ရက်အတွင်း ထွက်ရှိသည့် မျှစ်စို့များကိုထုတ်ယူ၍ တတိယ (၁၀)ရက်အတွင်းထွက်ရှိသည့် မျှစ်စို့များကို နှစ်ချင်းပေါက်ဝါးပင်အဖြစ် ဆက်လက်ကြီးထွားစေခြင်း။

C၃ ဝါးရုံခုတ်လှဲခြင်းမပြုဘဲ ဇူလိုင်လအတွင်း ပထမ (၁၀)ရက်နှင့် ဒုတိယ(၁၀)ရက်အတွင်း ထွက်ရှိသည့် မျှစ်စို့များကို ထုတ်ယူ၍ တတိယ (၁၀) ရက်အတွင်း ထွက်ရှိသည့် မျှစ်စို့များကို နှစ်ချင်းပေါက်ဝါးပင်အဖြစ် ဆက်လက် ကြီးထွားစေခြင်း။

C၄ ဝါးရုံခုတ်လှဲခြင်းမပြုဘဲ ဩဂုတ်လအတွင်း ပထမ (၁၀) ရက်နှင့် ဒုတိယ (၁၀)ရက်အတွင်း ထွက်ရှိသည့် မျှစ်စို့များကို ထုတ်ယူ၍ တတိယ(၁၀) ရက်အတွင်းထွက်ရှိသည့် မျှစ်စို့များကို နှစ်ချင်းပေါက်ဝါးပင်အဖြစ် ဆက်လက်ကြီးထွားစေခြင်း။

C၅ ဝါးရုံခုတ်လှဲခြင်းမပြုဘဲ စက်တင်ဘာလအတွင်း ပထမ (၁၀) ရက်နှင့် ဒုတိယ (၁၀) ရက်အတွင်း ထွက်ရှိသည့် မျှစ်စို့များကို ထုတ်ယူ၍ တတိယ (၁၀) ရက်အတွင်း ထွက်ရှိသည့် မျှစ်စို့များကို နှစ်ချင်းပေါက်ဝါးပင်အဖြစ် ဆက်လက် ကြီးထွားစေခြင်း။

မျှစ်ချိုးသည့်ကာလနှင့်ပတ်သက်၍ ယခင်သုတေသနတွေ့ရှိချက်များအရ ကြလို့ဝါးကို မျှစ်စို့ စတင်ထွက်သည့်အချိန်မှ ၁၀– ၁၄ အတွင်း၊ မျှင်ဝါးကို ၆– ၁၀ ရက်အတွင်း၊ သိုက်ဝါးကို ၁၀–၁၆ ရက်အတွင်း ထုတ်ယူသင့်ပါသည်။ အဆိုပါကာလအတွင်း ထုတ်ယူပါက မျှစ်တွင် ဆိုင်ယာနိုက်ပါဝင်မှုအနည်းဆုံးဖြစ်ပြီး အာဟာရအများဆုံးရရှိနိုင်မည်ဖြစ်သည် (Pandey and Ojha, 2013)။ ထို့ကြောင့် ယခုသုတေသနတွင် မျှစ်ချိုးယူမည့်ကာလကို ၁၀ ရက်တစ်ကြိမ်သတ်မှတ်ခဲ့ပြီး ချိုးယူမည့်မျှစ်အရွယ်အစားကို ကြသောင်းဝါး၏ နေ့စဉ် ပျမ်းမျှ အမြင့်ကြီးထွားမှုအပေါ်မူတည်၍ မြေပြင်မှ အမြင့် (၄၅) စင်တီမီတာဟု သတ်မှတ်ခဲ့ပါသည်။ မေလမှစတင်၍ လစဉ် (၁၀)ရက်နှင့် (၂၀)ရက်တို့တွင် အမြင့် (၄၅)စင်တီမီ တာနှင့်အထက်ရှိသည့် မျှစ်စို့များ၏ အမြင့်၊ မြေပြင်နှင့်ကပ်လျက်အချင်းတိုင်းတာခြင်း၊ ချိုးယူခြင်း၊ အခွံပါ အလေးချိန်တိုင်းတာခြင်း၊ အခွံခွာပြီး အလေးချိန်တိုင်းတာခြင်း၊ လစဉ် (၃၀)ရက်နေ့တွင် တွေ့ရှိသည့် မျှစ်စို့များကို မချိုးယူဘဲ နှစ်ချင်းပေါက် ဝါးပင်အဖြစ် ဆက်လက်ကြီးထွားစေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ နှစ်ချင်းပေါက်ဝါးပင်အဖြစ်

PDF Compressor Free Version



ချန်သည့် မျှစ်စို့များကို မျှစ်စို့ထွက်ရှိပြီး ရက် (၄၀) အကြာတွင် ၎င်းတို့၏ အရေအတွက်၊ အမြင့်၊ ရင်စို့အချင်းတို့ကို တိုင်းတာခဲ့ပါသည် (Yen, ၂၀၁၆)။

အချက်အလက်ကောက်ယူခြင်း (မျှစ်ချိုးခြင်း/တိုင်းတာခြင်း) တို့ကို မေလမှစတင်၍ (၁၀) ရက် (၁) ကြိမ်ဆောင်ရွက်ရမည်ဖြစ်သော်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် အသွားအလာကန့်သတ်မှုများရှိခဲ့ရာ မေလအတွင်း ကွင်းဆင်းအချက်အလက်ကောက်ယူနိုင်ခြင်းမရှိခဲ့ပါ။ အသွားအလာကန့်သတ်မှုများ ယာယီဖြေလျှော့ခဲ့သည့် ဇွန်လနှင့် ဇူလိုင်လတို့တွင် စမ်းသပ်ကွက်သို့သွားရောက်၍ အချက်အလက်များကောက်ယူခဲ့ပြီး ဒေသခံများအား လအလိုက် အချက်အလက် ကောက်ယူရမည့် ဝါးရုံအမှတ်စဉ်များ၊ မျှစ်ချိုးမည့် အရွယ်အစား၊ မျှစ်စို့တိုင်းတာနည်း၊ အချက်အလက်ရေးသွင်းနည်းတို့ကို လက်တွေ့သင်ကြားပြသခဲ့ပါသည်။ နောင်တွင် အသွားအလာကန့်သတ်စဉ် ကာလများအတွင်း ဒေသခံများမှ အချက်အလက်များကောက်ယူပေးပို့ခဲ့ပါသည်။

ကောက်ယူရရှိသည့်အချက်အလက်များကို Two-way analysis of variance (Two-way ANOVA)၊ Post-hoc analysis တို့ကိုအသုံးပြု၍ မတူညီသည့် ဝါးရုံစီမံအုပ်ချုပ်မှုပုံစံများ၏ မျှစ်အရေအတွက်၊ အခွံပါအလေးချိန်၊ အခွံမပါအလေးချိန်၊ နှစ်ချင်းပေါက်ဝါးများ၏ အရေအတွက်၊ ရင်စို့အချင်းနှင့် အမြင့်တို့ကို နှိုင်းယှဉ်လေ့လာခဲ့ပါသည်။ အချက်အလက်များဆန်းစစ်ခြင်းကို RStudio software အသုံးပြု၍ ဆောင်ရွက်ခဲ့ပါသည်။











ဆက်လက်ဖော်ပြပါမည် ➤

**စာမျက်နှာ (၂၂) မှအဆက်**

*Trichoderma* များကို ပြည်တွင်း၌ပင် မျိုးစိတ်ရသည်အထိ မျိုးခွဲ(Classify) နိုင်သည့် အနေအထားရှိနေပြီဖြစ်သည်။ ထို့ကြောင့် သစ်တောသစ်ပင် နှင့်ပျိုးပင်ရှိရောဂါများကို လျော့နည်းသက်သာစေရန် လုပ်ဆောင်ရာတွင် *Trichoderma* spp. များအား ရောဂါပိုးမွှားများနှိမ်နင်းသည့်နည်းစနစ်များတွင် အခြားသောရောဂါနှိမ်နင်းနည်းများနှင့်တွဲဖက်၍ စမ်းသပ်အသုံးပြုသင့်ပေသည်။ ထို့အပြင် ၎င်းတို့ကို မြန်မာ့သစ်တောဂေဟာစနစ်တွင် စမ်းသပ်သုတေသနပြုအသုံးပြုရန် လက်လှမ်းမမီသေးသည့်တိုင် သစ်တောပျိုးခင်းများ၊ သစ်တောစိုက်ခင်းများတွင် အနည်းဆုံးဇီဝမြေဩဇာနှင့် ဇီဝပိုးသတ်ဆေးအဖြစ် စမ်းသပ်လေ့လာ၍ အသုံးပြုသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

## ကျမ်းကိုးများ


၁။ Ashraf, S., M. Zuhaib. (2015) Fungal biodiversity: A potential tool in plant disease management. In: Management of microbial resources in the environment. Springer, Dordrecht, pp 69–90

၂။ Brunner, K., S. Zeilinger, R. Ciliento, S. L. Woo. (2019). Improvement of the fungal biocontrol agent Trichoderma atroviride to enhance both antagonism and induction of plant systemic disease resistance. Applied Environmental Microbiology, 71:3959–3965.

၃။ Barratt, B.I.P., V.C. Moran, F. Bigler, J.C. van Lenteren. (2018). The status of biological control and recommendations for improving uptake for the future. Biological Control, 63 (2018), pp. 155-167

၄။ Chang, Y. C., R. Baker, O. Kleifeld, I. Chet. (1986). Increased growth of plants in the presence of the biological control agent Trichoderma harzianum. Plant Disease, 70:145–148.

၅။ Gazis, R. (2011). Species delimitation in fungal endophyte diversity studies and its implications in ecological and biogeographic inferences. Molecular Ecology, 20:3001–3013.

၆။ Guillaumin, J. J, P. Legrand. (2013). Armillaria root rots. Infectious Forest Diseases, 1st ed. Wallingford, UK: CABI.

၇။ Hussain, F. 2012. A novel role for Trichoderma secondary metabolites in the interactions with plants. Physiological and Molecular Plant Pathology, 72: 80-86

၈။ Khin Kyi, PhD. (2019). Varietal Responses to Charcoal Rot of Mungbean and Effectiveness of Trichoderma Isolates on Disease Management (PhD Thesis).

၉။ Luisa Ghelardini, L. and L. Alssia. (2016). Drivers of emerging fungal diseases of forest trees. Forest ecology and management, Vol. 381:235-246

၁၀။ Sivasithamparam, K. and E. L. Ghisalberti. (2019). Field Evaluation of Trichoderma spp. for Control of Armillaria Root Rot of Peach, Plant health progress, 12 (1).

PDF Compressor Free Version



# နိုင်ငံ့ဂုဏ်ဆောင် သစ်တောသင်တန်းကျောင်း AFoCO RETC

လှေ့ကျင့်/ သုတေ

## သင်တန်းကျောင်းဖြစ်ပေါ်လာပုံ

အာရှဒေသသစ်တောကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း (AFoCO RETC)သည် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရေတွင်းကုန်းကျေးရွာ၊ ရန်ကုန်–မန္တလေး–ပြည် ကားလမ်း မိုင်တိုင်အမှတ် (၃၅/၀) အနီးတွင်တည်ရှိပါသည်။ အာဆီယံ–ကိုရီးယား သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက် Landmark Programme အရ အာရှဒေသရှိအဖွဲ့ဝင်နိုင်ငံများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်တောပညာပေးရေး၊ လေ့ကျင့်ရေးနှင့် တိုးချဲ့ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ AFoCO အဖွဲ့ဝင်နိုင်ငံများမှာ လက်ရှိတွင် ဘူတန်၊ ဘရူနိုင်း ဒါရုဆလမ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ကာဇက်စတန်၊ လာအို၊ မွန်ဂိုလီးယား၊ မြန်မာ၊ ဖိလစ်ပိုင်၊ ကိုရီးယား၊ ထိုင်း၊ တီမောလက်စ်နှင့် ဗီယက်နမ်နိုင်ငံ၊ စုစုပေါင်း (၁၃) နိုင်ငံဖြစ်ပြီး မလေးရှား၊ စင်္ကာပူနှင့် Kyrgyz Republic တို့မှာ လေ့လာဆဲနိုင်ငံများ ဖြစ်ပါသည်။

အာဆီယံ–ကိုရီးယား သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ဒေသအဆင့်လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းတည်ထောင်ခြင်း (Establishment of ASEAN-Korea Forest Cooperation Regional Education and Training Centre- AFoCo RETC) စီမံကိန်းအတွက် နားလည်မှုစာချွန်လွှာ (MoU)ကို ၁–၈–၂၀၁၄ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါနှစ်တွင်ပင် စီမံကိန်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းကာလမှာ ၂၀၁၄ ဩဂုတ်လမှ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လကုန်ထိ (၁၀နှစ်တာကာလ)ဖြစ်ပြီး၊ ရန်ပုံငွေမှာ အမေရိကန်ဒေါ်လာ ၇.၈၅၅ သန်းဖြစ်သည်။

## သင်တန်းကျောင်းတည်ဆောက်မှုနှင့်ဗိသုကာပုံစံ

စီမံကိန်းသင်တန်းကျောင်းကို ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သစ်တောဦးစီးဌာန၊ သစ်စေ့နှင့်ပျိုးပင်ထုတ်လုပ်ရေးဝန်းအတွင်း တည်ဆောက်ခဲ့ပြီး ၂၃–၁၂–၂၀၁၇ ရက်နေ့တွင် လုပ်ငန်းများပြီးစီးခဲ့သည်။ သင်တန်းကျောင်းအဆောက်အဦအား (၇) ဧကရှိ မြေနေရာတွင် ကိုရီးယားနိုင်ငံ BAUM Architects ခေတ်မီနည်းပညာဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသည့် ဒီဇိုင်းကို ရေးဆွဲဆောက်လုပ်ခဲ့ပြီး စာသင်ခန်းနှင့် လက်တွေ့











ခန်းများ၊ ဘက်စုံသုံးခန်းမ၊ စုဝေးခန်းမ၊ နိုင်ငံတကာဆိုင်ရာအစည်းအဝေးခန်း၊ သင်တန်းသားနှင့် ဆရာခန်းများ၊ ကိုယ်လက်လှုပ်ရှား အားကစားခန်းမတို့ကို ထည့်သွင်းတည်ဆောက်ထားရှိပါသည်။

## သင်တန်းကျောင်းအမည်ပြောင်းလဲလာပုံ

အာဆီယံ–ကိုရီးယား သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်(ASEAN-Korea Forest Cooperation- AFoCo) မှာ ၄–၈–၂၀၁၈ တွင် သက်တမ်းကုန်ဆုံးခဲ့၍ အာရှဒေသသစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Asian Forest Cooperation Organization, AFoCO)သို့ ပြောင်းလဲဖွဲ့စည်းခဲ့ပြီးနောက် စီမံကိန်းသင်တန်းကျောင်းကိုလည်း အာဆီယံ–ကိုရီးယား သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း(AFoCo-RETC)အမည်မှ 'အာရှဒေသအဆင့် သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း (AFoCO RETC) ဟုပြောင်းလဲခေါ်ဝေါ်ခဲ့သည်။

## AFoCO RETC သင်တန်းကျောင်း၏ မျှော်မှန်းချက်

–ကမ္ဘာ့အသိအမှတ်ပြုအပြည်ပြည်ဆိုင်ရာ သစ်တောလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းတစ်ကျောင်းပေါ်

PDF Compressor Free Version


ထွန်းလာစေရန်၊
–ပိုမိုစိမ်းလန်းသည့် အာရှဒေသဖြစ်ပေါ်လာစေရေး အုပ်ချုပ်မှုစနစ်ကောင်းများ ဆောင်ရွက်မည့် ခေါင်းဆောင်များကို လေ့ကျင့်ပေးရန်။

**ရည်ရွယ်ချက်**

–AFoCO အဖွဲ့ဝင်နိုင်ငံများမှ သစ်တောကဏ္ဍဆိုင်ရာ အရာထမ်းနှင့် ကျွမ်းကျင်သူများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်၊
–အာရှဒေသအတွင်း SFM သတင်းအချက်အလက်နှင့် နည်းပညာများကို ဖလှယ်သည့် ကွန်ရက်တစ်ခုဖြစ်ပေါ်လာရန်၊
–ဒေသခံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊
–အဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကိုကျဉ်းမြောင်းစေရန်။

**သင်တန်းများဖွင့်လှစ်ခြင်း**

AFoCO RETC သင်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားကို ၁၄–၇–၂၀၁၈ ရက်နေ့တွင် ဆောင်ရွက်ခဲ့ပြီး၊ အဆိုပါနှစ်မှာပင် အဖွဲ့ဝင်နိုင်ငံများမှ သင်တန်းသားများကို ဖိတ်ကြား၍ သင်တန်းများစတင်ဖွင့်လှစ်ခဲ့သည်။ RETC တွင် ဖွင့်လှစ်ပို့ချသော အဓိကသင်တန်းခေါင်းစဉ်များမှာ–

၁)သစ်တောပြန်လည်ပြုစုပျိုးထောင်ခြင်းနှင့် ပြန်လည်စိုက်ပျိုးခြင်း။ (Forest rehabilitation and reforestation)

၂)သစ်တောမီးစီမံအုပ်ချုပ်မှု။ (Forest fire management)

၃)ဒေသခံအခြေပြုသစ်တောစီမံအုပ်ချုပ်မှုတို့ဖြစ်သည်။ (Community-based forest management)

သင်တန်းအမျိုးအစားအနေဖြင့် ကာလတို (၁ ပတ်)၊ ကာလရှည်(၁ လ –၆ လ)၊ ဒေသခံဖွံ့ဖြိုးတိုးတက်ရေးနှင့် အထူးသီးသန့်သင်တန်းဟူ၍ (၄)မျိုးရှိပြီး သင်တန်းကျောင်းဖွင့်လှစ်သည်မှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ သင်တန်းပေါင်း (၃၅)ကြိမ်ဖွင့်လှစ်ခဲ့၍ သင်တန်းသား (၉၅၉) ဦးအား သင်ကြားပို့ချပြီးဖြစ်သည်။ ထို့အတူ ဒေသအဆင့် အလုပ်ရုံဆွေးနွေးပွဲ (၁)ကြိမ် (၄၀)ဦး၊ တိုးချဲ့ပညာပေးရေးသင်တန်း (၂၃)ကြိမ် (၂၄၅၂)ဦး၊ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်ခြင်းသင်တန်း (၄)ကြိမ် (၅၀) ဦးတို့ကိုလည်း ဆောင်ရွက်နိုင်ခဲ့သည်။

ကမ္ဘာနှင့်အဝှမ်း ကိုဗစ်–၁၉ ရောဂါကူးစက်ပျံ့ပွားမှုများဖြစ်ပေါ်ပြီးနောက် RETC သင်တန်းအစီအစဉ်များကို ၂၀၂၀ပြည့်နှစ်၊ မတ်လမှ ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလအထိ ရပ်နားခဲ့ပါသည်။ ပုံမှန်ကာလတိုသင်တန်းများကို ၂၀၂၁ ခုနှစ်၊ မတ်လတွင် အွန်လိုင်းစနစ်ဖြင့် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး၊ ယခုအခါ ဒေသခံဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များကို











လည်းပြန်လည်ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပုံမှန်သင်တန်းများနှင့် ဒေသခံအခြေပြုသစ်တောစီမံအုပ်ချုပ်သင်တန်းအစီအစဉ်များအတွက် သင်တန်းသားများအား အဖွဲ့ဝင်နိုင်ငံများမှ သစ်တောအရာထမ်းများအားလည်းကောင်း၊ အထူးသီးသန့်သင်တန်းများအတွက် ကိုရီးယားနိုင်ငံမှ သစ်တောသိပ္ပံ (ဘွဲ့ကြို)ကျောင်းသားများအားလည်းကောင်းဖိတ်ကြားလျက် AFoCO ၏ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော IUFRO (International Union of Forest Research Organizations), FAO (Food and Agriculture Organization), RECOFTC (The Center for People and Forests), TNC (The Nature Conservancy), GCF (Green Climate Fund)နှင့် CIFOR (Center for International Forestry Researcher)တို့အပြင် မြန်မာနိုင်ငံမှ သက်ဆိုင်ရာသင်တန်းခေါင်းစဉ်အလိုက် ကျွမ်းကျင်ပညာရှင်များမှ ဆွေးနွေး ပို့ချလျက်ရှိသည်။

AFoCO RETC သည် အာရှဒေသအတွင်းရှိ အဖွဲ့ဝင်နိုင်ငံများမှ သစ်တောကဏ္ဍဆိုင်ရာအရာထမ်းနှင့် ကျွမ်းကျင်သူများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်းအပြင်

စာမျက်နှာ (၄၄) သို့

PDF Compressor Free Version



# မကောင်းတဲ့အကျင့်

မင်းဇာနည်(အောင်လံ)

¤ ငါ့မွေးရပ် တောင်ပေါ်မြေမှာ
တောင်ယာစိုက်ရင်း နေသားကျ
မြို့က အမောင်တွေ ဘယ်လိုနေ ဘယ်လိုစား
ဘယ်လို သွားကြ
အားမကျမိတဲ့ ငါ
အဲသည်အကျင့်ဟာ မကောင်းလှဘူး။

¤ တောင်ယာသီးနှံဆိုင်းတစ်ထမ်းနဲ့
မြို့ရဲ့ ငါးရက်တစ်ဈေးမှာ ရောင်းချဖို့ရွယ်
ခြေလှမ်းကျယ်ကျယ်နဲ့လာတဲ့ လမ်းခုလတ်
ဖိနပ်ပြတ်လို့ ခြေအပြောင်နဲ့ဆက်လျှောက်
သည်လောက်တော့ နေတတ်ပြီးသား
ဖိနပ်ပါး/ဖိနပ်မပါလည်း သွားတတ်တဲ့ငါ
အဲသည်အကျင့်ဟာ မကောင်းဘူး။

¤ ဟိုးတုန်းက တို့ရွာနံဘေး
ရေရှင်ပြေးချောင်းကလေးနဲ့
တောတန်းစိမ်းလန်း အမြဲတမ်းအေးမြခဲ့ပေမဲ့
အခုတော့ တောပြောင် အမြဲလိုလိုနွေခေါင်အလား
အပူဒဏ်လည်းခံစားရတာကို
ကိုယ့်ကုသိုလ်ပဲလေလို့ နေတတ်သွားတဲ့ငါ
အဲသည်အကျင့်ဟာ မကောင်းဘူး။

¤ မြို့ပေါ်မှာဓာတ်မီးတွေထိန်ထိန်ညီး
အခြားဓာတ်ပစ္စည်းအမျိုးမျိုးတို့နဲ့ ခေတ်မီတောက်ပ
လောကကြီးကနိဗ္ဗာန်လို့ ထင်မှားစရာ
ဒါတွေပြီးပျောက် ဟိုသည်ရောက်ပျောက်ဆုံးသွားလည်း
အမှောင်ထဲမှာ အလေ့အကျင့်ပမာ
ခဏတာမှာပင်နေတတ်သွား
အဲသည်အကျင့်များ မကောင်းကြဘူး။

¤ ကျောင်းကန်ဘုရား ဥပုသ်စောင့်သွား
တရားအကြောင်း ဘာဝနာအတွက် သမထနဲ့
တစ်ဆင့်ရဲ့တစ်ဆင့် မြင့်မြင့်တက်ဖို့ရာဆွေးနွေးကြ
အိမ်နားက ရွာနားက မိတ်ဆွေအပေါင်းအသင်းများ
တဖြည်းဖြည်းလျော့ပါးသွားတာလည်း
ဓမ္မတာပဲလေလို့သဘောပိုက်
နေတတ်သွားလိုက်ကြတာ
အဲသည်အကျင့်ဟာ တကယ်မကောင်းကြဘူး။

¤ တို့ရွာမှာ
"အသေ ဝနာစ ဗာလာနံ"လို့ ဆရာတော် ဟောဆို
ဆုံးမပေမဲ့
သေရည်ကဖျက် တဏှာမက်ကာ ဥပါဒါန်စွဲ
သံသရာထဲကသတ္တဝါတွေ ကြီးစိုးတာ
ငါ နေသာပါတယ်လေလို့ အသာရှောင်လွှဲ
အဲသည်အကျင့်များဟာလည်း မကောင်းကြဘူး။

¤ မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ဒေသနာ
"ငါသည်မုချသေရမည်။ အချိန်ပိုင်းသာလိုတော့သည်။
အသေမဦးခင် ဉာဏ်ဦးအောင် အားထုတ်ပါတော့မည်။"
သည်လိုရေရွှ အသိနဲ့သတိပေါင်း
သံသရာလမ်းကြောင်းမဆုံးနိုင်သေးသရွေ့
မကောင်းတဲ့အကျင့်တွေ ဖျောက်နိုင်ကြပါစေ။ ။



စာမျက်နှာ (၄၃) မှအဆက်

ဒေသခံပြည်သူဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကိုပါ ဆောင်ရွက်လျက်ရှိရာတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော (CF) အသုံးပြုသူအဖွဲ့ဝင်များအားဖိတ်ကြား၍ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများအသုံးပြု၍ လက်မှုပစ္စည်းနှင့် စားသောက်ကုန်ထုတ်လုပ်ခြင်းသင်တန်းများကို ဖွင့်လှစ်လျက်ရှိသောကြောင့် AFoCO RETC သင်တန်းကျောင်း၏ အိမ်ရှင်အဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ဂုဏ်ကိုမြှင့်တင်နိုင်သည့်အပြင် ဒေသခံများ၏ လူမှုစီးပွား ဖွံ့ဖြိုး တိုးတက်ရေးကိုလည်း အထောက်အကူပြုလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

PDF Compressor Free Version





# အညာဒေသနှင့် ကြီးထွားလာသော ပူပြင်းခြောက်သွေ့ခြင်းပြဿနာ

မျိုးခန့်ကို ၊ ဦးစီးအရာရှိ
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသခေါ် အညာဒေသတွင် ပူပြင်းခြောက်သွေ့သော ရာသီဥတုဒဏ်ကြောင့် နှစ်စဉ်သောက်သုံးရေ ရှားပါးပြတ်လပ်ခြင်း၊ ကောက်ပဲသီးနှံများ ဖြစ်ထွန်းမှုနည်းပါးကာ စားဝတ်နေရေး ခက်ခဲခြင်း၊ နေအပူဒဏ်ကို ပြင်းထန်စွာခံရခြင်းစသည့် ပြဿနာများစွာနှင့် ရင်ဆိုင်နေရသည်။ ထို့အပြင် နှစ်စဉ် လူဦးရေတိုးပွားလာမှုကြောင့် စားဝတ်နေရေးအတွက် လယ်ယာမြေများချဲ့ထွင်ခြင်း၊ လူနေအိမ်မြေများ များပြားလာခြင်းတို့မှာ နှစ်စဉ် ဖြစ်ပွားနေသည့်အတွက် အညာမြေ၏ ကူရာကယ်ရာမဲ့နေသည့် အဖိုးတန်သစ်ပင်များလည်း တဖြည်းဖြည်းနှင့်ဆုံးရှုံးလာရသည်။ ပူပြင်းခြောက်သွေ့သည့် အညာမြေ၏ အဓိကစီးပွားရေးမှာ လယ်ယာစိုက်ပျိုးရေးဖြစ်သဖြင့် လယ်ယာမြေများတွင် ဓာတုမြေဩဇာများကို ထည့်သွင်းကာ သီးထပ်သီးညှပ်များ စိုက်ပျိုးကြသောကြောင့် သဘာဝ မြေဆီဩဇာများဆုံးရှုံးလာရပြီး သီးနှံအထွက်တိုးနှုန်းလည်း လျော့နည်းလာရသည်။ ထိုသို့ ပြဿနာပေါင်းစုံနှင့်ရင်ဆိုင်နေရသည့် အညာမြေအပူပိုင်းဒေသတွင် နေထိုင်လျက်ရှိသည့် ပြည်သူများ အဓိကကြုံတွေ့နေရသည့် ပူပြင်းခြောက်သွေ့ခြင်းကိုကုစားရန်အတွက် နည်းလမ်းများကို စဉ်းစားရမည် ဖြစ်ပေသည်။

အစ္စရေးနိုင်ငံသည် ခေတ်မီနည်းပညာများစွာဖြင့် စိုက်ပျိုးရေးတွင် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ကမ္ဘာတွင် စိုက်ပျိုးရေးကဏ္ဍ၌ ထိပ်တန်းနိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ မည်သည့်အပင်မှ စိုက်ပျိုး၍မရသောမြေတွင် စိုက်ပျိုးကာ ထိပ်တန်းရောက်ခဲ့သော အစ္စရေးနိုင်ငံကို စံနမူနာယူသင့်ပေသည်။ မြန်မာနိုင်ငံရှိ အလယ်ပိုင်းအပူပိုင်းဒေသမှာ စိုက်၍ပျိုး၍ ရနိုင်သေးသည်။ ဤသည်မှာ အားသာချက်ဖြစ်သည်။ ပူပြင်းခြောက်သွေ့ခြင်းပြဿနာကိုကုစားရန် တစ်ဖက်တွင် ပညာရှင်များမှ ခေတ်မီအဆင့်မြင့်နည်းပညာများဖြင့် ကြိုးစားတီထွင် စမ်းသပ်သင့်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း သာမန်ပြည်သူတစ်ဦးတစ်ယောက်မှစ၍ ပြည်သူအားလုံး လွယ်လင့်တကူဆောင်ရွက်နိုင်သောနည်းလမ်းမှာ လူတိုင်းတစ်ဦးလျှင် တစ်ပင်နှုန်းဖြင့် သစ်ပင်စိုက်ပျိုးပြုစုခြင်းဖြစ်သည်။

ထိုသို့စိုက်ပျိုးရာတွင် ကလေးငယ်တစ်ဦးအား မွေးဖွားပြီး ကောင်းစွာထိန်းကျောင်းကာ ကျန်းမာသန်စွမ်းလာအောင် ပြုစုပျိုးထောင်ပေးသကဲ့သို့ မိမိစိုက်ပျိုးခဲ့သည့် ပျိုးပင်ကိုလည်း ပြုစုပျိုးထောင်ပေးရမည်ဖြစ်ပါသည်။ အညာဒေသရှိ လူတစ်ဦးတစ်ယောက်ချင်းစီက တကယ် ဆောင်ရွက်ဖို့လိုပေလိမ့်မည်။ တကယ်လုပ်လျှင် အဟုတ်ဖြစ်ရမည်မှာ မလွဲဧကန်အမှန် ဖြစ်ပါသည်။

သက်ဆိုင်ရာဌာနများမှ ပျိုးပင်များ ပျိုးထောင်ပေးခြင်း၊ ဒေသခံပြည်သူများကို အသိပညာပေးခြင်းနှင့် သစ်ပင်စိုက်ပျိုးခြင်းတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ ကြီးအောင် ပြုစုထိန်းသိမ်းနည်းများ ဖြန့်ဝေခြင်းများလည်း လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ထို့အပြင် ရေရှည် တည်မြဲအောင်ထိန်းသိမ်းနိုင်ရန် ပြည်သူများနှင့် နီးကပ်စွာထိတွေ့ဆက်ဆံပြီး အောင်မြင်အောင်ဆောင်ရွက်နိုင်ပါက အညာမြေအပူပိုင်းဒေသတွင် နှစ်စဉ်သစ်ပင်သန်းပေါင်းများစွာ တိုးပွားလာမည်ဖြစ်သည်။ ထိုသစ်ပင်များကို ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းထားနိုင်သဖြင့် လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုဒ် ($CO_2$) ဓာတ်ငွေ့ကို လျော့နည်းစေရုံသာမက ရေငွေ့များလာသဖြင့် မိုးရေချိန်ပေါ်များစွာရရှိလာပြီး ရာသီဥတု သင့်တင့်မှန်ကန်လာမည် ဖြစ်ပါသည်။ သို့သော် ထိုအချိန်ကာလသို့ရောက်ရှိရန် အချိန်အတိုင်းအတာတစ်ခုစောင့်ရမည်ဖြစ်သည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန သည် ပူပြင်းခြောက်သွေ့ခြင်းပြဿနာကိုဖြေရှင်းရန် အဓိက လုပ်ငန်းတာဝန်ကြီး (၄)ရပ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းတို့မှာ–(၁) သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ (၂) သဘာဝတောကျန်များထိန်းသိမ်းကာကွယ်ခြင်း၊ (၃) ထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲရေးဆောင်ရွက်ခြင်းနှင့် (၄) ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။ ထို့အပြင် ကျေးရွာများ၌ လမ်းဘေးဝဲယာအထူးစိမ်းလန်းစိုပြည်ရေးစိုက်ခင်းများ တည်ထောင်ခြင်း၊ တစ်ရွာတစ်ဧကစိုက်ခင်းများ တည်ထောင်ခြင်း၊ တစ်အိမ်ထောင်လျှင် ကျွန်း(၃)ပင်၊ သစ်မာ (၂၀)ပင် စိုက်ပျိုးခြင်း၊ ပြည်သူဗဟိုပြုစိုက်ခင်းများ တည်ထောင်ခြင်း၊ ပြည်သူလူထုနှင့် ပူးပေါင်းကာ မိုးရာသီ သစ်ပင်စိုက်ပွဲများ ကျင်းပခြင်း စသည့် သစ်ပင်စိုက်ပျိုးခြင်း လုပ်ငန်းများကိုလည်း နှစ်စဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူများအား ပညာပေးအစီအစဉ်အနေဖြင့် အပူပိုင်းဒေသတွင် သစ်ပင်များ၏အရေးပါပုံ၊ သစ်ပင်များလျော့နည်းလာသည့်အတွက် ထင်းအစားအခြားလောင်စာဖြစ်သည့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ (ဥပမာ– ပဲစင်းငုံရိုး၊ စပါးခွံ၊ ထန်းပင်ထွက်ပစ္စည်းများ) အား တိုးမြှင့်သုံးစွဲသင့်ပုံ၊ ဂေဟ

PDF Compressor Free Version



စနစ်အကြောင်း၊ ပူပြင်းခြောက်သွေ့ခြင်းကြောင့် စိုက်ပျိုးသီးနှံများအထွက်နည်းလာသည့်အတွက် ရာသီဥတုသင့်တင့်မျှတစေရန်အတွက် သစ်ပင်များ၏ အခန်းကဏ္ဍမှာ အဓိကကျပုံစသည့်အကြောင်းအရာများကို ကျေးရွာများတွင် ဟောပြောဆွေးနွေးပွဲများဆောင်ရွက်ပြီး ထင်းလောင်စာသုံးစွဲမှု (၄၀%) သက်သာစေသည့် စွမ်းအားမြင့် အဒေဝမ်းမီးဖိုများဖြန့်ဝေပေးနေပါသည်။ ပူပြင်းခြောက်သွေ့ခြင်းပြဿနာကို ပြည်သူများသိရှိနားလည်စေပြီး ပူပြင်း ခြောက်သွေ့သည့်ပတ်ဝန်းကျင်အား စိမ်းလန်းစိုပြည်သည့်ပတ်ဝန်းကျင်အဖြစ် ပြောင်းလဲလိုစိတ်များဖြစ်ပေါ်လာစေခြင်းဖြင့် သစ်ပင်များ ပိုမိုစိုက်ပျိုးလိုစိတ်များ၊ ကျန်ရှိနေသေးသည့် သဘာဝပတ်ဝန်းကျင်များအား ထိန်းသိမ်းကာကွယ်လိုစိတ်များ တိုးပွားလာစေရန်ဆောင်ရွက်လျက်ရှိပါသည်။ သစ်ပင်စိုက်ပျိုးခြင်းမှာ အရေးပါသည့်အပြင် အပူပိုင်းဒေသတွင် ကျန်ရှိနေသေးသည့်သဘာဝတောကျန်များမှာလည်း အရေးကြီးသည့်အတွက် သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းကိုလည်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် သောက်ရေ၊ သုံးရေ ရှားပါးသည့်ဒေသများတွင် ရေရရှိရေးအတွက် သောက်သုံးရေကန်များတူးဖော်ခြင်း၊ အဝီစိတွင်းများ တူးဖော်ခြင်း၊ ဂါလန်(၅၀၀၀)ဆံ့မိုးရေစုကန်များတည်ဆောက်ခြင်း၊ ဂါလန်(၂၀၀)ဆံ့ မိုးရေခံကွန်ကရစ်ကန်များ ဖြန့်ဝေခြင်း၊ တစ်ဖက်ရပ်ဆည်များ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းကြောင့် အညာဒေသအပူပိုင်းဇုန်ပူပြင်းခြောက်သွေ့ခြင်းနှင့် ရေရှားပါးခြင်းပြဿနာကို တစ်ဖက်တစ်လမ်းမှပြေလည်ကာ စိမ်းလန်းစိုပြည်သည့်ပတ်ဝန်းကျင်အဖြစ်ပြောင်းလဲရန် အထောက်အကူဖြစ်စေပါသည်။ ထို့ကြောင့် အညာဒေသနှင့်ကြီးထွားလာသော ပူပြင်းခြောက်သွေ့ခြင်းပြဿနာကို အဓိကနေရာမှဖြေရှင်းဆောင်ရွက်လျက်ရှိသည့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအကြောင်းကို ပြည်သူများသိရှိနားလည်ပြီး ခွန်အားတစ်ရပ်ဖြစ်စေရန် ရှင်းလင်းတင်ပြအပ်ပါသည်။

အချုပ်ဆိုသော် ရာသီဥတုပူပြင်းခြောက်သွေ့ခြင်းပြဿနာနှင့် နောက်ဆက်တွဲဆိုးကျိုးများကို ကုစားနိုင်ရေးအတွက် မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေဖြစ်ကာ အသင့်လျော်ဆုံးနည်းလမ်းမှာ သစ်ပင်များအား အစုလိုက်အပြုံလိုက်နှစ်စဉ်စိုက်ပျိုးခြင်းပင်ဖြစ်ပေသည်။ ထိုသို့စိုက်ပျိုးရာတွင် တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်၍မရဘဲ ပြည်သူအားလုံးပါဝင်ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ တကယ်ဖြစ်ချင်၊ တကယ်လုပ်၊ အဟုတ်ဖြစ်ရမည်ဟုဦးတည်ချက်ထားကာ သစ်ပင်တစ်ပင် စိုက်ပျိုးခြင်းနည်းလမ်း အစီအစဉ်ကို ကြိုးစားကြည့်သင့်ကြောင်း တင်ပြရင်း အညာဒေသနှင့် ကြီးထွားလာသော ပူပြင်းခြောက်သွေ့ခြင်းပြဿနာကို ဖြေရှင်းနိုင်သည့်နည်းလမ်းတစ်ခုအား စဉ်းစားမိသမျှ တစ်ထောင့်တစ်နေရာမှ ပါဝင်အားဖြည့် သုံးသပ်တင်ပြအပ်ပါသည်။

စာမျက်နှာ (၃၇) မှ အဆက်

The implementation of the REDD+ Readiness Roadmap is in progress. Nowadays, Myanmar has also been preparing a national land use policy in order to utilize land resources effectively and efficiently and to support the sustainable development of the country. This is the first time in the history of the country that a comprehensive land policy should be formulated to support the development of the country's sustainable development goals. Up to date, land has been managed through various legal instruments and customary practices in the country. Therefore, it is a very important and urgent challenge of how to successfully formulate the effective land use policy. Forests, representing 46% of the total land areas of the country of which about 26% are under permanent forest estates and 20% are unclassified forest lands, are an integral part of ongoing landuse policy development. There is the need for the country's land use planning and management systems to fulfill the basic needs of the people, development of national economy and conservation of ecosystem and conservation of ecosystem services including carbon sequestration, watershed conservation, and biodiversity conservation. Within this context, National REDD+ Strategy and Action Plan should be linked and contributed to the establishment of improved landuse policy formulation process in order to maximize the benefits form the sustainable use of land resources.

As a party to the UNFCCC, Myanmar has been voluntarily developing and promoting various policies and measures to alleviate global warming at all levels of the economy. Such endeavors also contribute to international collaborative efforts to reduce greenhouse gases. In accordance with the provisions of the Convention and the Kyoto Protocol, Myanmar, as a developing country, is no obligation to quantified reduction or limitation of greenhouse gas emission. However, over the past 20 years and more, in the spirit of being responsible for the global environment and meeting the need of promoting sustainable development strategy, Myanmar has made positive contributions to relieving the increase of greenhouse gas emission and protecting global climate by adjusting its economic structure, improving its energy efficiency, developing and using hydropower and other renewable energy and strongly implementing afforestation policies and measures.

| | | | | | |

PDF Compressor Free Version



# ဒီရေတောသစ်မျိုး မျိုးထောင်ခြင်းလုပ်ငန်းလေ့လာတင်ပြချက်

ဦးဇော်သိန်းထွန်း၊ ဦးစီးအရာရှိ




ဒီရေတောစိုက်ခင်းများ အတွက် လိုအပ်သောမျိုးပင်များကို နှစ်စဉ်မျိုးထောင်လျက်ရှိရာ၌ ပိုမိုထိရောက်စွာ မျိုးထောင်နိုင်စေရန် အလို့ငှာ ဘိုကလေးမြို့နယ်အတွင်း မျိုးထောင်ထားရှိသော ဒီရေတောသစ်မျိုးများ၏ မျိုးထောင်မှုအပေါ် တွေ့ကြုံရသော အတွေ့အကြုံများကို အခြေခံလျက် အောက်ဖော်ပြပါ လုပ်ငန်းစဉ်အလိုက် လေ့လာတင်ပြအပ်ပါသည်-

## (က)မျိုးဥယျာဉ်မြေနေရာရွေးချယ်ခြင်း

မျိုးဥယျာဉ်မြေနေရာရွေးချယ်ရာတွင်အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရွေးချယ်ပါသည် -

### (က-၁)ရာသီမရွေးဒီရေအတက်အကျရှိသော မြေနေရာ

မျိုးပင်များသည် ရေအတက်အကျဖြင့် ပုံမှန်ရေသန့်ပေးရန်လိုအပ်ခြင်း၊ ဒီရေတွင်ပါဝင်လာသော အာဟာရကိုရရှိနိုင်ခြင်း၊ အပူချိန်များသော ကာလတွင် ရေအဝင်အထွက်လုပ်ခြင်းအားဖြင့် အပူချိန်သက်သာစေခြင်းတို့ကြောင့် ဒီရေအတက်အကျရှိသောမြေနေရာကိုရွေးချယ်မှသာ လုပ်ငန်းလိုအပ်ချက်ပေါ်အခြေခံ၍ ရေတံခါးဖြင့် ရေသွင်း/ရေထုတ်ပြုလုပ်နိုင်မည်ဖြစ်ပါသည်။

### (က-၂)ရေသွယ်မြောင်းဖောက်လုပ်ရာ၌ လွယ်ကူမှုရှိနိုင်မည့်မြေနေရာ

မျိုးကန်များအတွင်း ရေအဝင်အထွက်ပြုလုပ်ရန်အတွက် ရေသွယ်မြောင်းဖောက်လုပ်ရာတွင် ရေရရှိနိုင်မည့် မြစ်၊ ချောင်း၊ မြောင်းတို့နှင့် ဆက်စပ်နီးစပ်သော နေရာကိုရွေးချယ်မှသာလျှင် ရေဝင်အားကောင်းပြီး ရေထုတ်ပါကလည်း ရေဆွဲအားကောင်းမွန်၍ ရေသွယ်မြောင်းဖောက်လုပ်သည့် ကုန်ကျစရိတ်လည်း သက်သာမည်ဖြစ်ပါသည်။

### (က-၃)လုပ်သားရရှိနိုင်မည့်နေရာ

မျိုးဥယျာဉ်လုပ်ငန်းစဉ်များသည် လုပ်ငန်း ကာလ အလိုက်ချိန်ကိုက် ဆောင်ရွက်ရခြင်းဖြစ်သဖြင့် မျိုးထောင်မည့် မျိုးပင်အရေအတွက်ပေါ်အခြေခံလျက် လိုအပ်သော လုပ်သားအလုံအလောက် ရရှိနိုင်မည့်မြေနေရာကို ရွေးချယ်မှသာလျှင် လုပ်ငန်းများကို အချိန်ကိုက်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

### (က-၄)ဝန်ထမ်းများထိရောက်စွာစီမံ အုပ်ချုပ်နိုင်မည့်နေရာ

မျိုးဥယျာဉ်မြေနေရာသည် ကုန်လမ်း/ရေလမ်းဖြင့် သွားလာရလွယ်ကူမှုရှိပြီး လုံခြုံရေးအရ ကောင်းမွန်သော မြေနေရာဖြစ်မှသာလျှင် ဝန်ထမ်းများအမြဲနေထိုင်နိုင်ပြီး ထိရောက်စွာစီမံဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

### (က-၅) ရာသီ/အချိန်မရွေး မျိုးပင်အတင်အချပြုလုပ်နိုင်မည့်နေရာ

မျိုးပင်အတင်အချပြုလုပ်ရာတွင် လုပ်ငန်းလိုအပ်ချက်အရ ပြုလုပ်ရခြင်းဖြစ်ပြီး အတင်အချပြုလုပ်နိုင်မည့်အချိန်ကို စောင့်ဆိုင်းရခြင်းမရှိဘဲ မျိုးကန်မှ မျိုးသယ်ယာဉ်ပေါ်သို့လည်းကောင်း၊ ယာဉ်မှ စိုက်ကွင်းသို့လည်းကောင်း အဆင့်ဆင့် ရာသီ/အချိန်မရွေး တင်/ချနိုင်မှသာလျှင် အချိန်နှင့် တစ်ပြေးညီ စိုက်မျိုးဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

### (က-၆)မျိုးထောင်မည့်မျိုးပင်ပမာဏ

မျိုးပင်ပမာဏနှင့် ရရှိနိုင်မည့်မျိုးဥယျာဉ် မြေနေရာအကျယ်အဝန်းသည် လုံလောက်မှုရှိစေ

PDF Compressor Free Version


ရေးတွက်ဆ၍ ရွေးချယ်ရပါသည်။

**(က-ဂ)စိုက်ပျိုးမည့် စိုက်ခင်း၏ အကွာအဝေး**

ပျိုးဥယျာဉ်မြေနေရာသည် စိုက်ခင်းနှင့်အနီးနိုင်ဆုံးအကွာအဝေးတွင်ရှိမှသာ အချိန်ကုန်သက်သာခြင်း၊ သယ်ယူသည့်ယာဉ်၏ လောင်စာဆီအသုံးပြုမှု သက်သာခြင်း၊ အပင်ထိခိုက်မှုနည်းပါးခြင်း၊ အချိန်နှင့်တစ်ပြေးညီ စီမံစိုက်ပျိုးနိုင်ခြင်းတို့ကို ရရှိနိုင်မည်ဖြစ်ပါသည်။

**(ခ) ပျိုးကန်တူးဖော်ခြင်း**

ပျိုးကန်တူးဖော်ရာ၌ ပျိုးကန်အရွယ်အစားသည် ပျိုးထောင်မည့်ပျိုးပင်အရေအတွက်ပေါ်မူတည်ပါသည်။ တင်ပြပါ ပျိုးပင်(၁)သိန်းဆန့် ပျိုးကန်အရွယ်အစားမှာ အလျား(၁၁၀) ပေ ၊ အနံ (၉၀) ပေ ဖြစ်ပြီး မြေပြင်ညီမှ အနက် (၃)ပေတူးပါသည်။ အနက်ကို ဒီရေရောက်နိုင်မှု (ဒီရေကျချိန်) အနိမ့်ဆုံးအမှတ်၏အထက် (၆) လက်မခန့်အား ကြမ်းပြင်အဖြစ် သတ်မှတ်၍ ကန်တူးခြင်းဆောင်ရွက်ပါသည်။ ဘိုကလေးမြို့အနေဖြင့် ဇန်နဝါရီလ (ပြာသိုလပြည့်) ရေစစ်ချိန်သည် တစ်နှစ်ပတ်လုံး၌ ဒီရေအနိမ့်ဆုံးအမှတ်ဖြစ်၍ ထိုအချိန် ဒီရေရောက်မှုအမှတ်ကို ချိန်ဆသတ်မှတ်ထားသော ကြမ်းပြင်မှ (၃)ပေတူးဖော်ခြင်းဖြစ်ပါသည်။ တင်ပြပါ ပျိုးကန်သည် (၈၆ပေ x ၈၄ပေ) အရွယ်အစားသည် ပျိုးဘောင်(၁၈) ဘောင်ဆန့်ပြီး တစ်ဘောင်လျှင် (၅၅၅၀) ပင်ခန့်ရှိ၍ စုစုပေါင်း(၁)သိန်းဆန့်ပျိုးကန် ဖြစ်ပါသည်။

ပျိုးကန်ဘောင်များကို ကွန်ကရစ်လမ်းများဖြင့် တည်ဆောက်ထားပါက ရေတိုက်စားပျက်စီးမှု ကာကွယ်နိုင်ပြီး ပျိုးပင်များသယ်ယူခြင်း၊ စစ်ဆေးခြင်းများကို အလွယ်တကူ ပြုလုပ်နိုင်ပါသည်။ ပျိုးကန်မျက်နှာပြင် ညီညာစေရန် ကျွဲ၊ နွား၊ စက်များဖြင့် ရှင်းလင်းခြင်း၊ လုပ်သားများဖြင့် ရှင်းလင်းခြင်းလုပ်ရပါသည်။ ပျိုးကန်များသည် နုန်းပို့ချမှုကြောင့် ပျိုးကန်ကြမ်းပြင်မျက်နှာပြင် မြင့်တက်လာနိုင်ခြင်း၊ ပျိုးကန်ပြွန်များပိတ်ဆို့ခြင်းများရှိပါသဖြင့် ပျိုးကန်ပြုပြင်ထိန်းသိမ်းခြင်းကို နှစ်စဉ်ပြုလုပ်ရပါသည်။

(တစ်သိန်းဆန့်ပျိုးကန်အရွယ်အစားသည် အမျိုးမျိုးဖြစ်နိုင်သော်လည်း ဘိုကလေးမြို့ရှိ ပျိုးကန်အရွယ်အစားကို ဖော်ပြထားခြင်းဖြစ်ပါသည်)



(တစ်သန်းဆန့်ပျိုးကန်ပုံဖြစ်ပါသည်)



(ပျိုးကန်ဘောင်ကွန်ကရစ်ခင်းခြင်းနှင့် ပျိုးကန် ပြွန်ပြုပြင်ပုံများဖြစ်ပါသည်)

**(ဂ) ရေသွယ်၊ မြောင်းနှင့် ရေပြွန်များသွယ်တန်းခြင်း**

ပျိုးကန်တစ်ခု၌ ရေအဝင်အထွက်ပြုလုပ်ရန်ရေသွယ်မြောင်းအပေါက်အနည်းဆုံး(၁)ခုရှိရပါသည်။ ရေသွယ်မြောင်းအရေအတွက်သည် မြေအနိမ့်အမြင့် ရေအတက်အကျ၊ သွယ်တန်းမည့် ပျိုးကန်အရေအတွက်တို့ပေါ်မူတည်ပါသည်။ ရေကျချိန်တွင် ရေဆွဲအားကောင်း၍ ပျိုးကန်အတွင်း ရေမကျန်ပါက ရေသွယ်မြောင်းတစ်ပေါက်သာ ထားနိုင်သော်လည်း ပျိုးကန်အတွင်းရေကျန်ရှိနေပါက ရေကျန်မရှိသည့်အထိ မြောင်း(၂)ပေါက် (၃)ပေါက်ထားရပါသည်။ ၎င်း ရေသွယ်မြောင်းအပေါက်၌ အမှိုက်များ မဝင်စေရန်နှင့် အဖွင့်အပိတ်ရေတံခါးပြုလုပ်နိုင်ရန် ရေသွယ်မြောင်းရေပြွန်ထားရပါသည်။ ရေသွယ်မြောင်း၌ ထားသောရေပြွန်ကို ပြွန်ကြီး/ပြွန်လတ်ထားရှိပြီး ပိုက်စိမ်းဖြင့်အဆင့်ဆင့်ကာရံထားရှိရပါသည်။ ပျိုးကန်အချင်းချင်းချိတ်ဆက်သည့်ပြွန်ကို ပြွန်ငယ်များသုံးလေ့ရှိပြီး ချောင်း၊ မြစ်သို့ပြန်ထွက်သည့် ရေသွယ်မြောင်းပေါက် ပြွန်ကိုပြွန်ကြီး/ပြွန်လတ်သုံးလေ့ရှိသည်။ ရေသွယ်မြောင်းပေါက်ရေပြွန်၏ ပုံမှန်အရွယ်မှာ အချင်း(၁) ပေခွဲဖြစ်ပါသည်။ ရေပြွန်၌ ရေတံခါးကို ပြွန်၏ ချောင်းဘက်ခြမ်းနေရာတွင် ကွန်ကရစ်တံခါးဖြင့်ပြုလုပ်လေ့ရှိပါသည်။ ရံဖန်ရံခါရေတံခါးကို water proof ဖြင့် သော်လည်းကောင်း၊ သစ်စို့ဖြင့်သော်လည်းကောင်း ယာယီထားခြင်းလည်းရှိပါသည်။ ရေပြွန်ငယ်အချင်းသည် (၁)ပေအောက်ဖြစ်ပါသည်။ ငါးသံလုံး၊ ကဏန်း၊ ပိုးမွှား



PDF Compressor Free Version



များ ကိုက်ဖောက်သောကြောင့် ရေပြွန်ပတ်လည် မြေသားများအပေါက်ဖြစ်လာပြီး ရေတိုက်စား ပျက်စီး တတ်သောနေရာများမကြာခဏစစ်ဆေး၍ မြေသား ပြန်ဖို့ပြုပြင်ခြင်းများပြုလုပ်ရပါသည်။ ရေမလိုအပ်တဲ့ အချိန် (ပျိုးကန်အတွင်း ရှိသင့်သည့် ရေထက် ပိုမို ပြည့်လျှံ၍ ပျိုးပင်များ ထိခိုက်နိုင်သည့်အခြေအနေ၊ စတင်ပျိုးထောင်ချိန် မြေအိတ်သွပ်ရာတွင် ရေများစွာ မဝင်စေရေး ဂရုစိုက်ရသည့် အချိန်၊ ပျိုးပင်များ သယ် ထုတ်သည့်အချိန်)တွင် ရေတံခါးကိုပိတ်ထားလေ့ရှိ သည်။ ပျိုးကန်အတွင်း ပျိုးပင်များရေအလုံအလောက် ရရှိစေရေးနှင့် ရေသန့်စေရေးအတွက် မြေအိတ်သွပ် ချိန်တွင် (၃)ရက်လျှင် (၁)ကြိမ် ရေအသွင်း အထုတ် လုပ်ရန်လိုအပ်ပြီး သစ်စေ့ထည့်ချိန်တွင် ရေသန့်စေရန် ပုံမှန်အားဖြင့်တစ်ရက်တစ်ကြိမ် ပြုလုပ်နိုင်သည်။ (ရေ ဖြင့်မျောပါနိုင်သည့် သစ်စေ့မျိုးသည် တစ်ရက် တစ် ကြိမ် ရေအသွင်းမရပါ)



(ရေသွယ်မြောင်းရေပြွန်ကြီးနှင့် ပျိုးကန်ခြင်းဆက် ရေပြွန် ငယ်ပုံဖြစ်ပါသည်။)

**(ဃ) ပျိုးဘောင်ရိုက်ခြင်း**

တင်ပြပါ ပျိုးကန်အရ ပျိုးဘောင်ကို အလျား (၈၆) ပေ၊ အနံ(၄)ပေ၊ အမြင့်(၃)လက်မဖြင့် (၁၈) ဘောင်ပြုလုပ်ပါသည်။ တစ်ဘောင်လျှင် ပျိုးပင် (၅၅၅၀)ပင်ခန့် ဆန့်ပါသည်။ ပျိုးဘောင်အရွယ်အ စားသည် ပျိုးကန်အရွယ်အစား၊ ပျိုးပင်အရေအ တွက်ပေါ် မူတည်၍ ကွဲပြားနိုင်ပါသည်။ ပျိုးဘောင်ကို ဝါးဖြင့် ပြုလုပ်၍ ပျိုးဘောင်ထိန်းရန် (သမန်းကိုင်းငွ) သမန်းငုတ်ဖြင့် ကန့်လန့်ကျားကန်ပြုလုပ်သည်။သမန်း အစားဝါးငုတ်ဖြင့် ထိုး၍ကြိုးဖြင့်လည်း ချည်နှောင်နိုင် ပါသည်။ (တစ်ရာသီအတွက်သာ ဖြစ်ပါသည်) ပျိုး ဘောင် တစ်ခုနှင့်တစ်ခုကြား(၂)ပေခြား၍ ဘောင်ရိုက် ပါသည်။ ၎င်းမြေ(၂)ပေမှ မြေအိတ်သွပ်ရာတွင် မြေ ရယူရန်နှင့် ပျိုးပင်သယ်ထုတ်၊ စစ်ဆေးခြင်းများ ပြုလုပ်နိုင်ရန်ဖြစ်ပါသည်။



(သမန်းငုတ်စုဆောင်းခြင်းနှင့် ပျိုးဘောင်ရိုက် ထားခြင်းပုံများဖြစ်ပါသည်။)

**(င) မြေအိတ်သွပ်ခြင်း**

ပျိုးကန်အတွင်းမှ ပျိုးဘောင်တစ်ခုနှင့်တစ်ခု ကြား (၂)ပေခန့်ရှိသော မြေအား အနက်(၃)ပေ ခန့်တူး၍ ရွှံ့နွံမြေ ရယူမြေအိတ်သွပ်ခြင်း ဖြစ်ပါသည်။ မြေအိတ် သွပ်ရန်မြေကို မြေအချိုးအစားဖြင့် စပ်ပေးရန်မလို အပ်ပါ။ မြေအိတ်သွပ်ရာတွင် ပျိုးအိတ်အတွင်း မြေလုံး ညီဖြစ်စေရေး မြေကိုအပြည့် ထည့်ကြပ်သိပ်၍ မြေ အိတ်အခြေများညီနေရန် လိုအပ်ပါသည်။ မြေအိတ် များစီရာ၌ ပျိုးဘောင်အတွင်း ချိုင့်/ခွက် သွား၍ ရေ ဝပ်မကျန်စေရန် သတိပြုရပြီး ရေဝပ်ကျန်ခဲ့ပါက သစ် စေ့ပုပ်တတ်သောကြောင့်ဖြစ်ပါသည်။ ရေပြည့်နေ လျှင် မြေအိတ်သွပ်ခြင်းအား အနှောင့်အယှက်ဖြစ်နိုင် ပါသဖြင့် ရေသွယ်မြောင်းရေပြွန်ပေါက်ပိတ်၍ ပျိုးကန် အတွင်းရှိရေများကျန်ရှိပါက ရေစုပ်စက်ဖြင့် ဦးစွာစုပ် ထုတ်သင့်ပါသည်။ မြေအိတ်သွပ်ခြင်း ဆောင်ရွက်ရာ တွင် ပျိုးထောင်မည့်သစ်စေ့စုဆောင်းထားရှိမှုပေါ် ချိန် ဆ၍ လုပ်သားအင်အားသုံးပြီး ပြုလုပ်သင့်ပါသည်။ ဒီရေတောသစ်စေ့အများစုသည် ကြာရှည် သိုလှောင် ရခက်သဖြင့် အချိန်နှင့်တစ်ပြေးညီမြေအိတ်သွပ်ပြီး ရန်လိုအပ်ပြီး သစ်စေ့စုဆောင်းနိုင်မှုကာလလွန်မှ မြေ အိတ်သွပ်မှုပြီးစီးလျှင် ပျိုးပင်မပေါက်ခြင်းများဖြစ်တတ် ပါသည်။



(မြေအိတ်သွပ်ခြင်း ဆောင်ရွက်နေပုံများဖြစ်ပါသည်။)

ဆက်လက်ဖော်ပြပါမည် ➢

PDF Compressor Free Version

